The VOICE Daily

Vol. 5 / No. 198 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁၁) ရက်၊ (Wednesday, November 29, 2017)

ဘဏ်မဟုတ်ATM စက်များ၌ ငွေထုတ်ယူမှုကို ဝန်ဆောင်ခ တိုးမြှင့်ကောက်ခံမည် စာ 4

ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့သည့် Freedom of Oxford ဆု ပြန်ရုပ်သိမ်း စာ 10

ANP ဥက္ကဋ္ဌ ဒေါက်တာ အေးမောင် ပါတီမှ နုတ်ထွက်စာတင် စာ 3

YBS ယာဉ်ပေါ်မှ ငွေသေတ္တာပုံး ရိုက်ဖွင့်မှုဖြင့် Power Eleven ကုမ္ပဏီမှ အဖွဲ့ဝင် ငါးဦးကို အမှုဖွင့် စာ 9

ပုပ်ရဟန်းမင်းကြီး မိန့်ခွန်းတွင် ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းကို ရှောင်ရှား

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘာ့ရိုမန်ကက်သလစ်ခရစ်ယာန်ဂိုဏ်းခေါင်းဆောင် ပုပ်ရဟန်းမင်းကြီးက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီးနောက် မိန့်ခွန်းပြောကြားရာတွင် အနောက်နိုင်ငံများနှင့် နိုင်ငံတကာလူ့အခွင့်အရေးအုပ်စုများ မျှော်လင့်ထားသကဲ့သို့ ဘင်္ဂါလီမွတ်ဆလင်များအကြောင်းကို ထုတ်ဖော်ပြောဆိုမှုမပြုခဲ့သလို ရိုဟင်ဂျာဟူသည့် စကားလုံးကိုလည်း သုံးနှုန်းခဲ့ခြင်းမရှိကြောင်း CNN သတင်းဌာနက ရေးသားဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီနှင့် စာ 2

ဓာတ်ပုံ – အောင်ထက်
နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ နေပြည်တော် MICC 2 ခန်းမတွင် နိုဝင်ဘာလ ၂၈ ရက်နေ့က တွေ့ဆုံခဲ့စဉ်

ရန်ကုန်မြို့တော်တွင် မိုးပျံတံတားစီမံကိန်းနှင့် မြေပေါ်မြေအောက်လျှပ်စစ်ရထား စတင်မည်ဟုဆို

နေပြည်တော်၊ နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တော်တွင် မိုးပျံတံတား စီမံကိန်းနှင့် မြေပေါ်မြေအောက် လျှပ်စစ်ရထား စီမံကိန်းများကို အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာ ကော်မတီထံမှ သိရသည်။

နေပြည်တော်တွင် နိုဝင်ဘာ ၂၄ ရက်နေ့ကပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ထောင်သည့် ၁၃၁ နှစ် စာ 3

မင်းဘူးတွင် ကျောက်မီးသွေးတွင်း ပြိုကျမှု လေးဦးသေဆုံး၊ လေးဦးပိတ်မိ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ် စကုမြို့ ငဖဲ-ရွှေစက်တော်ကားလမ်းဘေး ကျောက်တစ်လုံး မြေနီကွင်းရှိ ကျောက်မီးသွေးတွင်းတစ်ခုတွင် နိုဝင်ဘာလ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်ကတွင်းပြိုကျခဲ့ရာ အလုပ်သမားလေးဦးသေဆုံးခဲ့ပြီး လေးဦးပိတ်မိ စာ 5

yanaungtun facebook

ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရန်ကုန်မြို့သို့ ပထမဦးဆုံးအကြိမ်ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ခရီးစဉ် ဒုတိယမြောက်နေ့ နိုဝင်ဘာလ ၂၈ ရက်တွင် သိမ်ဖြူလမ်းရှိ စိန့်မေရီဘုရားကျောင်းဝင်းရှိ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ချားလ်စ်ဘိုအိမ်တွင် သီတဂူဆရာတော်ကြီး အပါအဝင် ဘာသာရေးခေါင်းဆောင် ၁၅ ဦးနှင့် တွေ့ဆုံခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဖာသာစိုးနိုင်က ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီးနှင့် သီတဂူဆရာတော်အပါအဝင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာရေးခေါင်းဆောင် ၁၅ ဦးအနက် ကိုယ်စားလှယ် ငါးဦးနှင့် တွေ့ဆုံခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ကွဲပြားနေတာ အမှားမဟုတ်ဘူး။ ကွဲပြားမှုက ဂုဏ်ယူရမယ်လို့ပြောသွားတယ်” ဟု ပုပ်ရဟန်းမင်းကြီးက ဘာသာရေးခေါင်းဆောင်များကို မိန့်ကြားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက ဘာသာရေးခေါင်းဆောင် ၁၅ ဦးနှင့် တွေ့ဆုံပြီးနောက်ပိုင်း နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ ဆက်လက်သွားရောက်ခဲ့သည်။

နေပြည်တော်တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံခြားရေးဝန်ကြီးများ၊ သံတမန်များနှင့် တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သော ရိုမန်ကက်သလစ်အသင်းတော်၏ ၂၆၆ ပါးမြောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ရိုမန်ကက်သလစ်ဘာသာဝင်များက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို၏နေအိမ်တွင် တည်းခိုစဉ် ညနေပိုင်း၌ စိန့်မေရီဘုရားကျောင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပြီးနောက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားသို့ သွားရောက်ခဲ့သည်။ ■

J-18

အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုကို နှစ်သက်အားရကြောင်း ပုပ်ရဟန်းမင်းကြီး ပြောကြား

နေပြည်တော်၊ နိုဝင်ဘာ ၂၈

စိန်ခေါ်မှုများကို ကိုင်တွယ်နိုင်ရန် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို နှစ်သက်အားရမှုရှိကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က နိုဝင်ဘာလ ၂၈ ရက်နေ့တွင် နေပြည်တော်ရှိ MICC2 ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးတွဲမိန့်ခွန်းပြောကြားခဲ့ရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

“ကျွန်ုပ်အနေဖြင့် နှစ်သက်အားရကြောင်း ဖော်ထုတ်ပြသရန်သာ ရှိပါတော့သည်” ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသားများသည် ကာလရှည်ကြာဖြစ်ပွားနေသည့် နက်နက်ရှိုင်းရှိုင်းကွဲပြားမှုများ ဖြစ်ပေါ်စေသော ပြည်တွင်းပဋိပက္ခများနှင့် ရန်လိုမုန်းတီးမှုများကြောင့် ကြီးမားသောဝေဒနာကို ခံစားနေကြရသကဲ့သို့ ခံစားနေရဆဲလည်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေချိန်တွင် ထိုပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဒဏ်ရာဒဏ်ချက်များအား ကျေအေးခြင်းနှင့် ကုသခြင်း အရေးကိစ္စမှာ အရေးကြီးဆုံးဖြစ်ပြီး နိုင်ငံရေးနှင့် ဘာသာရေးဦးစားပေးလုပ်ငန်းများသည်လည်း အမြင့်မားဆုံးသော လုပ်ငန်းတစ်ခု ဖြစ်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ အထူးသဖြင့် ပင်လုံငြိမ်းချမ်းရေးညီလာခံသည် အကြမ်းဖက်ခြင်းကို ချုပ်ငြိမ်းစေရန်၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရန်၊ မြန်မာနိုင်ငံတွင် မှီတင်း နေထိုင်သူအားလုံး၏ အခွင့်အရေးများအား လေးစားမှုရှိစေရန်၊ တိုင်းရင်းသားအဖွဲ့ အစည်းအသီးသီးမှ ကိုယ်စားလှယ်များအားဖိတ်ခေါ်ကာ ဆွေးနွေးစေသည့် ညီလာခံ ဖြစ်သည်ဟု ယူဆကြောင်း ဖရန်စစ်က ပြောသည်။

ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် အမျိုးသား ပြန်လည်ကျေအေးသင့်မြတ်ရေးဟူသည့် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းစဉ်သည် တရားမျှတခြင်းနှင့် လူ့အခွင့်အရေးကို လေးစားမှုသာလျှင် ရှေ့ဆက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းအပြင် လူငယ်များထံမှ မျှော်လင့်ခြင်းကို လုယူဖျက်ဆီးခြင်းမပြုရန်၊ နိုင်ငံတော်နှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ အနာဂတ်ကို ပုံသွင်းပေးမည့် ၎င်းတို့၏ စိတ်ကူးအိပ်မက်များ၊ အရည်အချင်းများကို လက်တွေ့ အကောင်အထည်ဖော်ခြင်းကို ပိတ်ပင်ခြင်းမပြုရန် အရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အစိုးရအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများအနက် ရခိုင်ပြည်နယ်အခြေအနေသည် ကမ္ဘာ့နိုင်ငံများ၏ အာရုံစိုက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ဆောင်ရွက်မှုများအောင်မြင်ရန် ဆန္ဒရှိသော နိုင်ငံသားများ၊ မိတ်ဆွေကောင်းများ၏ ထောက်ခံအားပေးမှုသည် တန်ဖိုးဖြတ်မရနိုင်သော အရာများ ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြော ကြားခဲ့သည်။

ပုပ်ရဟန်းမင်းကြီး သယ်ဆောင်လာသော ကရုဏာတရားနှင့် အားပေးသော လက်ဆောင်များကို အလေးအနက်ထားကြောင်း ၎င်းက ဆိုသည်။

ပုပ်ဖရန်စစ်သည် နေ့လယ်ပိုင်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကို သမ္မတအိမ်တော်တွင် သွားရောက် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်လည်း သီးသန့်တွေ့ဆုံခဲ့သည်။ ■

မျက်နှာဖုံး - ပုပ်ရဟန်းမင်းကြီးမိန့်ခွန်းတွင် ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းကို မှ အဆက်

၎င်းတို့၏ အမျိုးသားရေး အမှတ်လက္ခဏာများကို အသိအမှတ်ပြု လေးစားရေးကို မိန့်ခွန်းပြောဆိုရာ၌ အဓိကအလေးပေး တိုက်တွန်းသွားသည်။

ရိုဟင်ဂျာ (ဘင်္ဂါလီ) တို့နှင့် ၎င်းတို့၏ အခြေအနေကို အထူးတလည် ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့သလို နိုင်ငံတကာအသိုင်းအဝိုင်းက စွပ်စွဲထားသည့် ဘင်္ဂါလီများ မျိုးဖြုတ်ရှင်းလင်းခြင်းခံနေရသည်ဟူသောကိစ္စနှင့် ပတ်သက်၍လည်း ထင်မြင်သုံးသပ်ချက် တစ်စုံတစ်ရာပေးခြင်း မရှိခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ရပ်ပြီး ပြောဆိုခဲ့သည့် အဆိုပါမိန့်ခွန်းတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယေဘုယျဆန်သည့် အသုံးအနှုန်းများကိုသာ သုံးနှုန်းပြောဆိုသွားသည်။

CNN သတင်းဌာနကမူ ပုပ်ရဟန်းမင်းကြီး၏ မိန့်ခွန်းသည် ၎င်းကို ဧည့်ခံကြိုဆိုသည့် မြန်မာနိုင်ငံက နှစ်သက်အားရစေမည်ဖြစ်ပြီး ဘင်္ဂါလီကိစ္စကြောင့် မြန်မာနိုင်ငံကို ပြစ်တင်ရှုတ်ချနေသည့် နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများကိုမူ မကျေမနပ် ဖြစ်စေလိမ့်မည်ဟု ရေးသားဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီးက ဘာသာတရားသည် ပဋိပက္ခများကိုဖြေရှင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟုဆိုသည်။

“ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုအတွက် ခက်ခဲကြမ်းတမ်းတဲ့ လုပ်ငန်းစဉ်ဆိုတာ တရားမျှတမှုနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းတို့နဲ့သာ အကောင်အထည်ဖော်ဆောင်ရွက်လို့ရတာပါ” ဟု ပုပ်ရဟန်းမင်းကြီးကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း ယေဘုယျဆန်သည့် အသုံးအနှုန်းများဖြင့် ပြောဆိုခဲ့သည်။ သို့သော်လည်း ပဋိပက္ခကိစ္စကို နေရာနှင့်တကွ ဖော်ပြသည်။

“ကာလကြာရှည်စွာ ရှိနေခဲ့ပြီး ယုံကြည်မှု၊ နားလည်မှု၊ သဟဇာတဖြစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တစ်စထက်တစ်စလျော့ပါးစေခဲ့တဲ့ အရေးကိစ္စတွေဖြစ်တဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးဆိုတဲ့အရာတွေ၊ ရခိုင်ပြည်နယ်ထဲက မတူညီတဲ့ လူ့အသိုင်းအဝိုင်းတွေအကြားက ပြဿနာတွေကို ကျွန်မတို့ဖြေရှင်းရာမှာ ပြည်သူတွေနဲ့ မိတ်ဆွေကောင်းတွေရဲ့ ထောက်ခံပံ့ပိုးမှုဆိုတာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး” ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယင်းသို့ မိန့်ခွန်းအသီးသီးမပြောဆိုမီ ခဏတာမျှ တွေ့ဆုံခဲ့ကြသည်။

■ **F-01**

MIHARA
3 to 45 CAR RENTAL & TOURS
Ph: 09-420773444, 09-5009552, 09-49218700

ANP ဥက္ကဋ္ဌ ဒေါက်တာ အေးမောင် ပါတီမှ နုတ်ထွက်စာတင်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရခိုင်အမျိုးသားပါတီ (ANP) ဥက္ကဋ္ဌ ဒေါက်တာအေးမောင်သည် ပါတီတွင်း ခေါင်းဆောင်များ ညီညွတ်မှု မရှိဟုဆိုကာ ပါတီမှ လုံးဝနုတ်ထွက်ခွင့် ပြုရန် နုတ်ထွက်စာတင်ထားကြောင်း ပါတီဒုဥက္ကဋ္ဌ ဒေါ်အေးနုစိန်က အတည်ပြု ပြောကြားသည်။

ANPပါတီဥက္ကဋ္ဌဒေါက်တာအေးမောင် က နိုဝင်ဘာ ၂၇ ရက်၊ ရက်စွဲဖြင့် ပါတီမှ နုတ်ထွက်ခွင့်ပေးရန် အကြောင်းကြား စာကို စစ်တွေမြို့ရှိ ပါတီရုံးချုပ်သို့ နိုဝင်ဘာ ၂၈ ရက်၊ နံနက် ၁၁ နာရီခန့်တွင် လာရောက် ပေးခဲ့ကြောင်း ၎င်းကဆက်လက်ပြော ကြားသည်။

“ဒါတော့ ကျွန်မတို့က ပါတီရဲ့ဖွဲ့ စည်းပုံမှာပါတဲ့အတိုင်း ဆက်လုပ်သွား ဖို့ရှိပါတယ်။ နုတ်ထွက်ခွင့်ပြုတာ၊ မပြုတာ က ပြောဖို့စောပါသေးတယ်”ဟု ၎င်းက ဆိုသည်။

ဒေါက်တာအေးမောင်၏နုတ်ထွက် စာတွင် ပါတီဥက္ကဋ္ဌတာဝန်ယူချိန်တွင် ပါတီတွင်းခေါင်းဆောင်များ အချင်းချင်း ညီညွတ်မှုမရှိသည့်အပြင် အစည်းအဝေး တွင်းသာမက ပြင်ပတွင် ခေါင်းဆောင် များ၏ တပည့်များက နည်းမျိုးစုံဖြင့် တိုက်ခိုက်ခြင်းများရှိသကဲ့သို့ ၎င်းတစ်ဦး တည်းကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း များကို တွေ့ကြုံခဲ့ရကြောင်း ရေးသား ထားသည်။

ထို့ပြင် ပြည်နယ်လွှတ်တော်လစ်လပ် ဒုဥက္ကဋ္ဌရာထူးခန့်ထားရေး ကိစ္စများနှင့် စစ်တွေမြို့နယ် ပါတီကိစ္စများတွင် ဥက္ကဋ္ဌ ဖြစ်သူ ၎င်းကိုအသိပေးအကြောင်းကြား မှုများ မပြုလုပ်ဘဲ ဖြေရှင်းခဲ့မှုများကြောင့် စစ်တွေမြို့နယ် ပါတီ တွင်းနှင့် လူထု(ကျေး လက်နှင့်မြို့ပြ)ကြား ပြိုကွဲခြင်းစသည့်ဖြစ် ရပ်များဖြစ်ပေါ်ခဲ့ရပြီး ယင်းကိစ္စများသည် ၎င်းတွင်သာ တာဝန်ရှိသည့်အတွက် ပါတီ ဥက္ကဋ္ဌရာထူးနှင့်ပါတီဝင်အဖြစ်မှ နုတ်ထွက် ခွင့်ပြုရန် ၎င်း၏ နုတ်ထွက်စာတွင် ရေးသား ထားသည်။

ယင်းနုတ်ထွက်ခြင်းနှင့် ပတ်သက် ၍ အကြောင်းရင်းကို ပါတီဒုဥက္ကဋ္ဌ ဒေါ်အေး နုစိန်ကို မေးမြန်းရာ နုတ်ထွက်စာ တွင်ပါ သည့်အတိုင်းသာဖြစ်သည်ဟု ပြောဆို ကာ ၎င်းအနေနှင့် မှတ်ချက်တစ်စုံတစ်ရာ မပေးခဲ့ပေ။

ဒေါက်တာအေးမောင်ပါတီမှနုတ်ထွက် ခြင်းကိစ္စနှင့်ပတ်သက်၍ ကာယကံရှင် ဒေါက်တာအေးမောင်ကို ဖုန်းနှင့် ဆက် သွယ်မေးမြန်းသော်လည်း တယ်လီဖုန်း စက်ပိတ်ထားသည့်အတွက် မေးမြန်း၍ မရရှိခဲ့ပေ။

The Voice

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) နှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရ ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP)တို့ ၂၀၁၄ ခုနှစ်တွင် ပေါင်း စည်းခဲ့ပြီး ရခိုင်အမျိုးသားပါတီ (ANP) ပေါ်ပေါက်လာခဲ့သည်။

၂၀၁၆ ခုနှစ် မတ်လပိုင်းမှ စ၍ ပါတီ တွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ် ခဲ့ပြီး ဗဟိုကော်မတီဝင် ၃၉ ဦးအနက် ALDပါတီဝင်ဗဟိုကော်မတီဝင် ခြောက်ဦး ကို ANP ပါတီက ထုတ်ပယ်ခဲ့သည်။

ယင်းသို့ALDပါတီဗဟိုကော်မတီဝင် များ ထုတ်ပယ်ခံရပြီး နောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃ ရက် အထိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေအေပါအဝင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး ANP ပါတီမှ နုတ်ထွက်ခဲ့ကြပြီး ယခုတွင်မူ ပါတီဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာအေးမောင်က နုတ်ထွက် စာတင်ခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာ အေးမောင်သည် ပြီးခဲ့ သည့် ၂၀၁၇ ခုနှစ် ဧပြီလက ပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရခိုင် ပြည်နယ် အမ်းမြို့နယ်မှ အနိုင်ရရှိခဲ့ကာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ရာထူးကို ထမ်းဆောင်နေသည်။

■

J-09

မျက်နှာဖုံး - ရန်ကုန်မြို့တော်တွင် မိုးပျံတံတားစီမံကိန်းနှင့် မှ အဆက်

မြောက် အခမ်းအနားကျင်းပရေးလုပ်ငန်း ညှိနှိုင်းပွဲ အပြီးတွင် ဆောက်လုပ်ရေးဝန်ကြီး ဌာနအမြဲတမ်း အတွင်းဝန် ဦးဝင်းတင့်က ရန်ကုန်မြို့တော်တွင် လူဦးရေများပြား လာသည့်အတွက် အိမ်ရာစီမံကိန်းများနှင့် ယာဉ်ကြောပြဿနာများဖြေရှင်းရန်ကားလမ်း ပါသည့် မိုးပျံတံတား စီမံကိန်းကို ၂၀၂၀ခု တွင်စတင် အကောင်အထည်ဖော်ရန် ဂျပန် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နေ သည်ဟု အသိပေး ပြောကြားသည်။

မိုးပျံတံတားစီမံကိန်းကို ဗိုလ်တထောင် ဘုရားဘက်ခြမ်းမှစပြီး သုဝဏ္ဏနှင့် တောင် ဥက္ကလာပ မြောက်ဥက္ကလာဘက်သို့ပတ်ထွက် သွားမှာဖြစ်ကြောင်း လမ်းဖောက်ရန်အတွက် လမ်းအကျယ်၊ သွားမည်ကားအစီးရေ၊ တံတားစီမံကိန်းတွင် ပါဝင်လုပ်ဆောင် နိုင်သော ပုဂ္ဂလိကကဏ္ဍများကို ထည့်သွင်း တွက်ချက်နေသည့်အပြင် ချေးငွေများ ရရှိလာလျှင် အမြန်ဆုံး အကောင်အထည် ဖော်မည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ထပ်လောင်း ပြောကြားသည်။

အလားတူ ရန်ကုန်မြို့တော်တွင် နိုင်ငံတကာအဆင့်မီ မြေပေါ်မြေအောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရန် Shwe YandanarAung ကုမ္ပဏီတာဝန်ရှိသူ များက ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်း သိန်းထံ လာရောက် ရှင်းလင်းတင်ပြခဲ့ ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ်က သူ၏လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြ ခဲ့သည်။

“ဒီမြေပေါ် မြေအောက်လျှပ်စစ် ရထားပြေးဆွဲမယ့် အစီအစဉ်က မြို့သစ် စီမံကိန်း မဟာဗျူဟာ လုပ်ငန်းစဉ်အရ ရေးဆွဲထားပြီးဖြစ်တယ်။ အစိုးရဘတ်ဂျက် အပါအဝင် အကျိုးတူပူးပေါင်းလုပ်ပါ မယ်”ဟုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့်စက်မှုလက်မှုရေးရာ ကော်မတီဝင် တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ်-၁ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်းသယ်ယူပို့ဆောင် ရေးတွင် မော်တော်ကားဖြင့် ရေရှည်မည် သို့မျှ ဖြေရှင်းနိုင်မည် မဟုတ်ရာ ရထား ဖြင့် ပို့ဆောင်ရေးလုပ်ငန်းကိုသာ တွင်ကျယ် လာအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ် ကြောင်း၊ မြေပေါ်မြေအောက် လျှပ်စစ်ရထား ပြေးဆွဲချိန်တွင် မြို့ပတ် ရထား၊ ခရီးသည် တင်ဘတ်စ်ကားလိုင်းများနှင့် ချိတ်ဆက် ရမည်ဖြစ်ပြီး အဝေးပြေး ယာဉ်လိုင်းများ နှင့် လည်းချိတ်ဆက် ပြေးဆွဲရန် လုပ်ဆောင် မည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြေပေါ်မြေ အောက် လျှပ်စစ်ရထား ပြေးဆွဲခြင်းအတွက် အဆိုပြုလွှာ တင်သွင်းခြင်းကိစ္စကို ကုမ္ပဏီ နှင့် ဆွေးနွေးသည့်အဆင့်သာရှိပြီး တင်ဒါ ခေါ်ယူခြင်း မရှိသေးကြောင်း မြန်မာ့ မီးရထား အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

“ရန်ကုန်မြို့အနေအထားက သွား လာရေးမှာ တော်တော် ကျပ်တည်းလာ ပြီ။ တခြားတိုင်းပြည်မှာလည်း မြို့ကြီးလာ ပြီဆိုရင် အခုလိုပဲသွားလာရေးအတွက် တခြားအစီအစဉ်တွေ စဉ်းစားရတယ်။ လူဦးရေ ၁၀ သန်းလောက်ရှိလာပြီဆိုရင် မြေအောက်ရထားက မဖြစ်မနေရှိမှဖြစ် မှာ။ ၁၀ သန်းက မလိုတော့ဘူး။ လူတွေ ထူထပ်နေရာတွေမှာလည်း ရောက်အောင် လုပ်ဖို့ လိုအပ်တယ်။ ရင်းနှီးမြှုပ်နှံမှုပမဏ ကအရမ်းကြီးပါတယ်။ မြေအောက်မှာ သွားမယ်ဆိုရင် တိုင်တူးစရာမလိုဘူး။ မြေပေါ်ဆိုရင်တော့ တိုင်တူးဖို့ နေရာဂရု စိုက်ရှာရမယ်၊ လျှပ်စစ်သာရမယ်ဆိုရင် အကောင်အထည် ဖော်နိုင်ပြီ”ဟု အဆိုပါ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

အဆိုပါ စီမံကိန်းအနေနှင့် ၂၀၁၈ -၂၀၁၉ခုနှစ် ဘဏ္ဍာနှစ်တွင် စတင်ရန် လျာထားပြီး ၂၀၄၀ ခုနှစ်အပြီး လုပ်ဆောင် ရန် မြို့သစ်စီမံကိန်း မဟာဗျူဟာတွင် ပါရှိကြောင်း ဒေါက်တာကျော်ဇင်ဦးက ပြော ကြားသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ရထားကို DC 600 V လျှပ်စစ်ဓာတ်အားDC Motor များ အသုံးပြု၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်က ဝါးတန်းလမ်းမှ လင်းစခေါင်းအထိ လက်မှတ်ခကျပ် ၁၀၀ ဖြင့် တစ်ရက်ကိုနှစ်ခေါက်နှုန်းဖြင့် စတင် ပြေးဆွဲခဲ့ပြီး ပြေးဆွဲခဲ့သည့်အချိန်မှစ၍ ငါးလတာကာလအတွင်း ခရီးသွားပြည်သူ စီးနင်းမှုနည်းပါးခြင်း၊ ယာဉ်ကြောပိတ်ဆို့ ခြင်းများကြောင့် လျှပ်စစ်ရထားကို ဇူလိုင် လ ၁ ရက်တွင် ပြေးဆွဲမှုရပ်ဆိုင်းခဲ့ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ West Corporationတို့ ပူးပေါင်းဆောင်ရွက် သော ကမ်းနားလမ်းပိုင်း၌ လျှပ်စစ်ရထား Phase-1 ကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး Phase-2၊ 3 ကို ထပ်မံဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး ဌာန လျှပ်စစ်ရထားပြေးဆွဲခြင်းဆိုင်ရာ စီမံကိန်းဌာနထံမှ သိရသည်။

■

Tin lin / J-06

မိဘမေတ္တာ (Gas)

(L.L.B)

EDITORIAL

ခြိမ်းခြောက်မှု မပြုတတ်သူများ၏ တန်ဖိုး

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်ပတ်သက်၍ ယမန်နေ့က 'ဘာသာရေးခေါင်းဆောင်တို့၏ ပါဝါအပျော့' ဟူသောခေါင်းကြီးပိုင်းရေးသားဖော်ပြခဲ့သည်ကို စာဖတ်သူများ မှတ်မိနေဦးမည်ဟု ထင်ပါသည်။ Soft Power ပါဝါအပျော့ဆိုသည်မှာ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် စစ်အင်အား၊ လက်နက်၊ ဩဇာအာဏာ စသည်တို့ကို အသုံးမပြုဘဲ ချဉ်းကပ်မှုကို ဆိုလိုပြီး အထူးသဖြင့် စီးပွားရေး သို့မဟုတ် ယဉ်ကျေးမှုတို့ဖြင့် တစ်ဖက်သားကို လွှမ်းမိုးနိုင်ရန် ကြိုးပမ်းခြင်းမျိုး ဖြစ်ပေသည်။

ယခုပုပ်ရဟန်းမင်းကြီးက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိန့်ခွန်းပြောရာတွင် မြန်မာပြည်သူများနှင့် မြန်မာအစိုးရ မည်သို့မျှ မနှစ်သက်သည့် စကားလုံးအသုံးအနှုန်းများကို ရှောင်ရှားသွားခဲ့သလို မြန်မာနိုင်ငံကို ဆိုးဆိုးရွားရွားစွပ်စွဲထားသည့်ကိစ္စများ ကိုလည်း တစ်လုံးတစ်ပါဒမျှပင် မပြောခဲ့သည်မှာ သံတမန်နည်းလမ်းအရရော၊ ဘာသာရေးခေါင်းဆောင်တို့၏ ကျင့်ဝတ်ကိစ္စအရပါ အထူးပင်လိမ္မာပါးနပ်မှုရှိ သည်ဟုဆိုရပေမည်။ နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူးသဖြင့် အနောက် နိုင်ငံများ မျှော်လင့်ထားသလို ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအပေါ် ဖိအားပေးပြောဆိုခဲ့မည်ဆိုပါက ၎င်းအပေါ်သာမက ၎င်းယုံကြည်သက်ဝင်သည့် အယူဝါဒအပေါ်မြန်မာနိုင်ငံသားများ မျက်မုန်းကျိုးမည်ကို ကောင်းစွာနားလည် သဘောပေါက်ခြင်းကြောင့် ဖိအားပေးမှုမပြုရုံမျှမက မြန်မာတို့မနှစ်သက်သည့် ရိုဟင်ဂျာဟူသော အသုံးအနှုန်းကိုပင် ရှောင်ရှားသွားခဲ့သည်ကိုတွေ့ရပေသည်။

ထိုမျှမကသေးပါ။ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိသည့်နေ့၊ ညပိုင်း ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ခဲ့စဉ်က ၎င်း၏ ဦးခေါင်းတွင် အမြဲပင် တစေ အထွတ်အမြတ်ထားကာ ဆောင်းထားသည့် အဝတ်တော်ဦးထုပ်ကိုချွတ် ပြီး ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတို့နည်းတူ ဆုတောင်းမေတ္တာပို့ခဲ့သည့် အချက်ကိုကြည့်မည်ဆိုလျှင်လည်း ၎င်းသည် မိမိနှင့် အယူဝါဒချင်း၊ လူမျိုးချင်း မတူညီသူများအပေါ် ဘာသာရေးခေါင်းဆောင်တစ်ဦးအနေနှင့် မည်မျှအလေး ထားတတ်သည်ကိုတွေ့ရပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပုပ်ရဟန်း မင်းကြီးက မိမိသည် မိမိနှင့်အယူဝါဒမတူညီသူများအပေါ် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်မည့် သူတစ်ဦးမဟုတ်သလို မိမိယုံကြည်သည့် အယူဝါဒကို ယုံကြည်သူများသည်လည်း အလားတူ ဖိအားပေးခြိမ်းခြောက် ခြင်းမျိုးလုပ်မည်မဟုတ်ဟူသောအချက်ကို ပေါ်လွင်စေခြင်းကြောင့် ယခုလို အပြုအမူ၊ အပြောအဆိုများ ထုတ်ဖော်ပြသခဲ့ခြင်းသာ ဖြစ်နိုင်ပေသည်။

ဤအချက်မှာ ပုပ်ရဟန်းမင်းကြီးသာမက ကမ္ဘာတစ်ဝန်းတွင်ရှိသော အခြားဘာသာရေးခေါင်းဆောင်များအားလုံးအတွက် အရေးကြီးသည့်ကိစ္စဟု ဆိုချင်ပါသည်။ ထို့ပြင် ယင်းအချက်သည်ပင် ပါဝါအပျော့သဘောတရားကို ကောင်းစွာနားလည်သည့် ပုပ်ရဟန်းမင်းကြီး၏ အရည်အချင်းတစ်ရပ်ဖြစ်ပြီး ၎င်းတို့နှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံသားများ မည်သို့မျှ စိတ်ဒုက္ခရောက်စရာ မရှိနိုင်ဟူသောကိစ္စကို ဖော်ကျူးလိုက်ခြင်းပင်ဖြစ်ပေသည်။ မှန်ပါသည်။ ပုပ်ရဟန်းမင်းကြီးနှင့် ယုံကြည်ရာ အယူဝါဒ မတူညီသော မြန်မာနိုင်ငံသားတို့ အနေနှင့် ၎င်းတို့၏ အယူဝါဒ၊ ယင်းအယူဝါဒနှင့်ဆက်နွှယ်သူများ ပတ်သက်လာ ပါက မည်သည့်အခါကမျှ ဖိအားပေးခံခဲ့ရခြင်းမျိုးမရှိသလို ခြိမ်းခြောက်ခံရသည့် ခံစားချက်မျိုးလည်းမရှိခဲ့ပေ။

ဤသည်ပင် ယနေ့ကမ္ဘာတွင် အထူးရေပန်းစားနေသော Diversity ဟူသည့် မတူညီသူများ ယှဉ်တွဲနေထိုင်ရေးကိစ္စအောင်မြင်ရန် အဓိကသော့ချက် ဖြစ်ရာ မိမိနှင့် မိမိဘာသာဝင်များ၏ အပြုအမူ၊ အပြောအဆိုနှင့် နေထိုင်မှု ပုံစံတို့က အခြားမတူကွဲပြားသူများအပေါ် ဖိအားပေး၊ ခြိမ်းခြောက်သည့်ပုံစံမျိုး မဖြစ်စေရန် အထူးအရေးကြီးလှပေသည်။ ထို့အတူ Soft Power သဘောကို ကောင်းစွာနားလည်သဘောပေါက်သည့် ဘာသာရေးနှင့် လူမျိုးရေး ခေါင်းဆောင် များနှင့် ၎င်းတို့၏ နောက်လိုက်များသည်သာ မတူကွဲပြားသည့် လူ့အဖွဲ့အစည်း ဆိုသော ကမ္ဘာ့ခေါင်းဆောင်အများစု အာသီသတွေ့နေကြသည့် လူ့အသိုင်းအဝိုင်း ထဲတွင် လုပကောင်းမွန်စွာ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုရင်း ဖြစ်ပေသည်။

အယ်ဒီတာ (၂၈ - ၁၁ - ၂၀၁၇)

ဘဏ်မတူ ATM စက်များ၌ ငွေထုတ်ယူမှုကို ဝန်ဆောင်ခ တိုးမြှင့်ကောက်ခံမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

Myanmar Payment Union (MPU)ကတ်မှ ငွေထုတ်မည်ဆိုပါက ကတ်ပြုလုပ်ထားသည့် ဘဏ်မဟုတ်သည့် ATM စက်များ၌ ငွေထုတ်ယူမှုများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဝန်ဆောင်ခနှုန်းထား တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း MPU အဖွဲ့ထံမှ သိရသည်။

ဥပမာအားဖြင့် ကမ္ဘောဇဘဏ် MPU ကတ် ကိုင်ဆောင်ထားသူသည် ရောဝတီဘဏ်၏ ATM စက်၌ ငွေထုတ်ပါက ယခင်က ငွေကျပ်တစ်သိန်းလျှင် ဝန်ဆောင်ခ ငွေကျပ်နှစ်ရာသာ ကောက်ခံသော်လည်း ယခုနှုန်းထားသစ်တွင် ငွေကျပ်တစ်သိန်းလျှင် ဝန်ဆောင်ခ ကျပ်ငါးရာ ကောက်ခံမည်ဖြစ်ကြောင်း MPU ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်ကို ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များ၏ သဘောတူညီချက်ဖြင့် ယင်းသို့ ဝန်ဆောင်ခနှုန်းထား ထုတ်ပြန်ခြင်းဖြစ်ကြောင်း MPU ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိ MPU ကတ်သုံးစွဲသူအသိုင်းအဝိုင်း၌ ATM စက်များမှ အကြောင်းအမျိုးမျိုးကြောင့် ငွေထုတ်ရခက်ခဲခြင်း၊ အင်တာနက်လိုင်း အားနည်းခြင်း၊ လကုန်ရက်များ၌ ATM စက်အများစု၌ ငွေကုန်နေခြင်း၊ Out Of Service ဖြစ်နေခြင်း အပြင် အခြားအခက်အခဲများစွာဖြင့် ရင်ဆိုင်နေရကြောင်း အဆိုပါအသိုင်းအဝိုင်းက ဆိုသည်။

"ကတ်သုံးရတာ မကြိုက်ဘူး။ လစာထုတ်တဲ့နေ့ဆို ATM စက်တွေမှာ ပိုက်ဆံမရှိဘူး။ စက်က အမြဲတမ်း Error တွေ တက်နေတတ်တယ်။ လကုန်ပြီး ၄၊ ၅ ရက်လောက်မှ ပိုက်ဆံထုတ်လို့ရတယ်။ အခုကျတော့ ဝန်ဆောင်ခ တိုးတယ်။ ဝန်ဆောင်မှုတော့ မကောင်းဘူး" ဟု MPU ကတ်သုံးစွဲသူ ဒေါ်ခင်မြတ်မြတ်ဝေက ပြောဆိုသည်။

MPU အဖွဲ့ကို ပြည်တွင်းဘဏ် ၂၃ ဘဏ်ဖြင့် ဖွဲ့စည်းထားပြီး ယင်းအနက်မှ ၁၇ ဘဏ်က MPU ကတ်များကို ၂၀၁၃ ခုနှစ်မှ စတင်၍ ဝန်ဆောင်မှုပေးခဲ့ပြီး လတ်တလော ကတ်သုံးစွဲသူလူဦးရေ ၃ ဒသမ ၅ သန်းနီးပါးရှိကြောင်း၊ လာမည့်နှစ်နှစ်အတွင်း သုံးစွဲသူဦးရေမှာ ၅ သန်းမှ ၇သန်းကြားအထိ တိုးတက်လာနိုင်ကြောင်း MPU အဖွဲ့က ဆိုသည်။

ပြည်တွင်းရှိ ဘဏ်များအားလုံးမှာ MPU အဖွဲ့ဝင်များဖြစ်သည့်အတွက် ဘဏ်အမျိုးအစားမတူသော်လည်း ATM စက်များ၌ ငွေထုတ်ယူ၍ရပြီး လတ်တလော ဘဏ်အမျိုးအစားမတူသည့် ကတ်များအချင်းချင်း ငွေလွှဲမပြောင်းနိုင်သေးသော်လည်း ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ယင်းဝန်ဆောင်မှုရရှိမည်ဖြစ်သည်။

■ J-13

The VOICE Daily

CARTOON



The VOICE Daily

The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)

Editorial Consultant- Kyaw Min Swe.
Deputy Chief Editor -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
Senior Executive Editors - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
Editors - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
Manager (DTP) - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
Senior Reporters - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
Reporters - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
Part-time Editors- Aung Naing Win, Mg Man @ Myo Myint Aung.
Mandalay Reporters - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
Regional Reporters - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
Photographer - Ye Pyae Zar Ni, Aung Naing,
Advertising - Ei Mar Lar, Zaw Zaw Aung. **Distribution** - Htet Khaung, Jet Too Too.
Press -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
Web Team- thevoicewebteam@gmail.com,
Website - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
Phone – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
Hot Lines – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
E-mail-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

ကြံဈေး ထက်ဝက်နီးပါး ကျ

တောင်ငူ၊ နိုဝင်ဘာ ၂၈

Photo - Zayyarko

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ သကြားစက်ရုံအချို့ စက်ရုံလည်ပတ်ရန် နီးကပ်နေသော်လည်း အဓိက ကြံစိုက်ပျိုးရာ ဒေသများဖြစ်သော ရေတာရှည်၊ ဆွာနှင့် သာဂရမြို့များတွင် ကြံဝယ်ဈေးမှာ ယခင်နှစ်ထက် ထက်ဝက်နီးပါး ကျဆင်းသွားကြောင်း ကြံစိုက်တောင်သူများက ပြောကြားသည်။

ဆွာမြို့မှ ထွက်ရှိသောကြံကို မြို့လှရှိ သကြားစက်နှင့် ရေတာရှည် သကြားစက်တို့အဓိက ဝယ်ယူကြောင်း၊ ယင်းစက်ရုံများမှာ ယခုလကုန်တွင် ဖွင့်ပွဲလုပ်ရန်ရှိသော်လည်း သကြားဈေးမှာ မကောင်းကြောင်း၊ ၂၀၁၆ခုနှစ် ကြံရာသီချိန်တွင် ကြံတစ်တန်လျှင် အနိမ့်ဆုံး ကျပ်ငါးသောင်းမှ အမြင့်ဆုံး ကျပ်ခုနစ်သောင်း ရှိကြောင်း၊ ၂၀၁၇ခုနှစ် ကြံရာသီတွင် ကျပ်သုံးသောင်းနှစ်ထောင်သာ ရရှိကြောင်း ဆွာမြို့ရှိ ကြံစိုက်တောင်သူဦးကျော်မင်းဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် ဇေယျဝတီ၊ အုတ်တွင်း၊ ရေတာရှည်၊ မြို့လှနှင့် တောင်ဇင်အေး သကြားစက်ဟူ၍ သကြားစက် ၅ခုခန့်ရှိပြီး ယခင်နှစ် စက်ရုံပေါက်ဈေး အနည်းငယ် ကွဲပြားနိုင်သော်လည်း တစ်တန်လျှင် ကျပ်ငါးသောင်းကျော်ဖြင့် ဝယ်ယူကြောင်း၊ ကြံတစ်တန်လျှင် ကျပ်သုံးသောင်းနှစ်ထောင်ရပါက တောင်သူများ အရှုံးမပေါ်နိုင်သော်လည်း လုပ်အားခပါတွက်မည်ဆိုပါ အလုပ်မဖြစ်ကြောင်း ဆွာမြို့အုန်းခြံကျေးရွာမှ ကြံ ၈ ဧက စိုက်ပျိုးလုပ်ကိုင်နေသူတစ်ဦးက ပြောဆိုသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ် ၆သကြားစက်ရုံကို အစိုးရထံမှ နှစ်ရှည်စီမံချက်ဖြင့် ငှားရမ်းပြီး အကျိုးတူ ပူးပေါင်း ဆောင်ရွက်နေသည့် Delicious Food Limited ကုမ္ပဏီက ကုန်ကြမ်း လိုအပ်ချက်ကြောင့် ကြံတစ်တန်လျှင် ကျပ် ၇၀၀၀၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ယခင်နှစ်ကြံစိုက်ရာသီကုန်ခါနီးက ပြောသည်။

"ကြံတစ်ဧကကိုကြံတစ်တန်လောက်ရင်းရတယ်။ တစ်ရာသီ စိုက်ပြီးရင် နောက်တစ်ရာသီ ပြန်မစိုက်ရဘူး ဆိုပေမယ့် ပိုးသတ်ဆေးနဲ့ အလုပ်သမားဖိုးထည့်တွက်ရင် ကုန်ကျစရိတ် သုံးသိန်းလောက်ဆိုတော့ တစ်ဧက ကြံတန် ၂၀ လောက်ပဲထွက်ရင် အမြတ်အတော်လေးနည်းသွားပြီ" ဟု ဒေသခံ ကြံတောင်သူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးတွင် တောင်ငူခရိုင် ရေတာရှည်မြို့နယ်သည် ကြံစိုက်ပျိုးထုတ်လုပ်မှု အများဆုံးရှိ ကာ ရေတာရှည်တစ်မြို့နယ်တည်းမှာပင် ကြံစိုက်ဧက ၂၂,၅၃၅ ဧကရှိပြီး ကြံစိုက်တောင်သူ ၆၀၀၀ ကျော် လုပ်ကိုင် အသက်မွေးနေကြကြောင်း ရေတာရှည်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးမှု ဦးစီးဌာနမှူးရုံးထံမှ သိရသည်။ ■

R-15

မျက်နှာဖုံး - မင်းဘူးတွင် ကျောက်မီးသွေးတွင်းပြိုကျမှု မှ အဆက်

ခဲ့ကြောင်း ကယ်ဆယ်ရေးဆောင်ရွက်နေသူများထံမှ သိရသည်။

"မနေ့ကတော့ လူ ၈ ဦးပိတ်မိသွားတာ၊ နှစ်လောင်းတော့ ဆွဲထုတ်နိုင်ခဲ့တယ်၊ ဒီနေ့ အလောင်းနှစ်လောင်း ထပ်ရတယ်၊ အထဲမှာ လေးယောက်ပိတ်မိနေတုန်းပါ၊ ရှာဖွေကယ်ဆယ်ရေးတွေ ဆက်လက်လုပ်နေပါတယ်"ဟု မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းကျောက်မီးသွေးတွင်းမှာ မင်းဘူးမြို့အနောက်မြောက်ဘက် ၄၅ မိုင်ခန့်အကွာ၊ ငဖဲ-ရွှေစက်တော်လမ်းဘေး သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး ဟန်ထက်(၁) ကျောက်မီးသွေးကုမ္ပဏီပိုင်ဖြစ်ကြောင်း၊ အကျယ်အဝန်း (၅×၇)ပေ၊ အနက် ပေ ၂၅၀ ခန့်ရှိကာ ကျောက်မီးသွေးတူးဖော်ရန် အလုပ်သမား ၁၀ ဦးက ဆင်းသွားစဉ် တွင်းဝမှ အနက်ပေ ၃၀၀ ခန့်ရှိ အောက်ဆီဂျင်လေပြွန်ပိုက်ချုပ်ရိုးပြတ်ထွက်ရာက မြေသားများပြိုကျခဲ့ပြီး ပိတ်မိခဲ့ခြင်းဖြစ်ကြောင်း ယင်းမီးသတ်ဖွဲ့ထံမှ သိရသည်။

"အောက်ဆီဂျင်ပေးထားတဲ့ လေပိုက်က ချုပ်ရိုးကွဲထွက်သွားတာ၊ လေရဲ့တွန်းကန်အားနဲ့အထဲမှာ အလုပ်လုပ်နေတဲ့ အလုပ်သမား ၁၀ ယောက်ထဲက လေးယောက်က တွင်းဝကို ရောက်လာတယ်၊ သူတို့လေးယောက်ကအပေါ်မှာ ရှိတဲ့သူတွေက ဝိုင်းကယ်လိုက်တာ၊ အထဲမှာ ကျန်တဲ့လူတွေကို သွားဆင်းကယ်တဲ့ လူတစ်ယောက်လည်း သေဆုံးသွားတယ်" ဟု အိုင်မနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းပိတ်မိသည့်နေရာသို့ ငဖဲမြို့ မီးသတ်တပ်ဖွဲ့မှ အုပ်ချုပ်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ မကွေးခရိုင်မှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့မှ ရှာဖွေကယ်ဆယ်မှုများပြုလုပ်ခဲ့ရာ ည ၉ နာရီခန့်တွင် အသက် ၂၂ နှစ်နှင့် ၃၆ နှစ်အရွယ် အမျိုးသားနှစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

ယင်းကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် အသက် ၄၃ နှစ်အရွယ် တရုတ်နိုင်ငံသားအလုပ်သမားတစ်ဦးအပါအဝင် မြန်မာအမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦးကို ငဖဲမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကုသထားရကြောင်း သိရသည်။

■ J -16

The VOICE Daily CARTOON

ဓာတ်ပုံ - ထွန်းထွန်း

ဇာမဏီဆည် တာကျိုးပေါက်၊ ဆည်အနီး နေအိမ်အချို့ အရေးပေါ်ပြောင်းရွှေ့

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ဇာမဏီဆည် နိုဝင်ဘာလ ၂၈ ရက် နံနက် ၆ နာရီခွဲဝန်းကျင်က ကျိုးပေါက်ခဲ့ပြီး ဆည်အနီးရှိ လက်ယက်ကန်းကျေးရွာအတွင်းမှ လူနေအိမ်များထဲသို့ ရေများ ဝင်ရောက်ခဲ့သောကြောင့် အရေးပေါ်ပြောင်းရွှေ့ခဲ့ရကြောင်း ကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များထံမှ သိရသည်။

ဇာမဏီဆည် အရှေ့ဘက်ခြမ်းရှိ မြေသားဆည်ကန်ပေါင် ထူးပေါက်ရာမှ ဆည်ထဲရှိ ရေအရှိန်ကြောင့် တဖြည်းဖြည်း အပေါက်မှာ ကျယ်လာရာမှ ဆည်တာပေါင် ၁၅ ပေခန့် ကျိုးခဲ့ပြီး လက်ယက်စမ်းကျေးရွာထဲသို့ ရေများဝင်ရောက်လာခဲ့သည်။

"ရွာထဲ ရေက နှစ်ပေလောက် ဝင်လာတာ။ ခြေတံနိမ့်နေအိမ်က လူနဲ့ပစ္စည်းတွေကို ခြေတံရှည်အိမ်တွေဆီ ရွှေ့ပြောင်းပေးခဲ့ရတယ်။ အိမ်အလုံး ၅၀ ကျော်လောက်ရှိမယ်။ ရွှေ့ပြောင်းပေးရတာ။ ကျိုးနေတဲ့တာကို ပြန်ပိတ်နိုင်ခဲ့လို့ နေ့ခင်းပိုင်းမှာ ရေပြန်ကျသွားတယ်။ လူ အသေအပျောက်မရှိဘူး"ဟု မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါ တာကျိုးခဲ့သည့်နေရာကို ဆည်မြောင်းဦးစီးဌာနက ပိုင်ရိုက်ခြင်း၊ ဝါးကပ်ကာခြင်း၊ သဲအိတ်ဖို့ခြင်းများ အရေးပေါ် ပြုလုပ်ခဲ့ရသည်။

■ S-03

ငါးလုပ်ငန်းတက္ကသိုလ် တည်ထောင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၉

ပြည်တွင်းမွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ငါးလုပ်ငန်းတက္ကသိုလ်တစ်ခု တည်ထောင်မည်ဖြစ်ကြောင်း ယင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

လတ်တလော ငါးလုပ်ငန်းတက္ကသိုလ် မတည်ထောင်မီ ရန်ကုန်တက္ကသိုလ်၌ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ် ကနဦးသင်ကြားပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ နေရာတစ်ခုသတ်မှတ်၍ ငါးလုပ်ငန်းတက္ကသိုလ်တစ်ခု တည်ထောင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောကြားသည်။

"ရန်ကုန်တက္ကသိုလ်ထဲမှာ ပထမနှစ်၊ ဒုတိယနှစ်ကို ကနဦးသင်ကြားပြီး သင်နေဆဲကာလထဲမှာ တက္ကသိုလ် ဆောက်မယ်။ ၂၀၁၈ မှာ အပြီးအကောင်အထည်ဖော်မယ်။ ဆောက်မယ့်နေရာတွေကတော့ အစည်းအဝေးလုပ် သတ်မှတ်ပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ဆက်ဆောင်ရွက်ရမယ်" ဟု ၎င်းက ပြောဆိုသည်။

သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများကို ဆက်လက်ဆွေးနွေးဆဲဖြစ်ပြီး ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို လေးနှစ် သတ်မှတ်သင်ကြားရန်စီစဉ်ထားကြောင်း ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့တွင် စာတွေ့သင်ကြား၍ နောက်ဆုံးနှစ်ကို လက်တွေ့ကွင်းဆင်း သင်ကြားပေးရန် စီစဉ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

"သင်ပေးမယ့်သင်ရိုးညွှန်းတမ်းတွေကတော့ တက္ကသိုလ် ၃၊ ၄ ခုက ညွှန်းတမ်းတွေကိုဆွဲထုတ်ပြီး အသေးစိတ် ညှိရဦးမယ်။ ဆောက်မယ့်နေရာကတော့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မပူနဲ့လို့ ပြောထားတာရှိတယ်။ တက္ကသိုလ်ကထွက်တာနဲ့ လုပ်ငန်းခွင်ထဲတန်းဝင်နိုင်အောင် စီစဉ်ပေးမှာပါ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဒေါ်တိုးနန္ဒာတင်က ရှင်းပြသည်။

ယင်းတက္ကသိုလ်တည်ထောင်နိုင်ရန် နိုဝင်ဘာ ၁၄ ရက်နေ့က ရန်ကုန်တက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဒေါက်တာ မျိုးသိမ်းကြီးနှင့် ရန်ကုန်တက္ကသိုလ်မှဆရာ၊ ဆရာမများ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

"ငါးလုပ်ငန်းတက္ကသိုလ်တည်ထောင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ကူညီချင်တာလေးတွေရှိတယ်။ အဲဒီအတွက် လာပြီးဆွေးနွေးနေဆဲပဲရှိသေးတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

■ J-11

NEWS IN BRIEF

Nestle Myanmar က လူမှုကွန်ယက်မှ သံဓာတ်သတိပေးချက်များ ဆောင်ရွက်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

Nestle Myanmar က 'ကြံ့ခိုင်ထက်မြက် သာလွန်တဲ့ မိသားစုအတွက်' ဆိုသည့်ခေါင်းစဉ်ဖြင့် လူမှုကွန်ရက် (Facebook) မှတစ်ဆင့် သံဓာတ် သတိပေးချက်များ ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် ပါဝင်လိုပါက ယခုနှစ် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့ အထိ Nestle Bear Brand Facebook စာမျက်နှာတွင် မိမိကိုယ်တိုင်အပါအဝင် မိမိမိသားစု၏ လက်မောင်းကြွက်သားများပြသထားသည်ကို ဓာတ်ပုံရိုက်ပြီး ပုံလေးများကို comment ပေးခြင်းဖြင့် ပါဝင်နိုင်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■ J-13

ကွန်ဒိုအရောင်းပြပွဲမှ ကျပ်နှစ်ဘီလီယံနီးပါးဖိုးရောင်းရ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေးကုမ္ပဏီ iMyanmarHouse.com က နိုဝင်ဘာလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့က ကျင်းပခဲ့သည့် Kanbae Tower နှင့် River Front Garden ကွန်ဒို အရောင်းပြပွဲမှ ကျပ် ၁ ဒသမ ၈ ဘီလီယံဖိုး ထိရောင်းချနိုင်ခဲ့ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

ရန်ကင်းမြို့နယ်အတွင်းရှိ Kanbae Tower ကို မြေ ၂ ဧကကျော် ကျယ်ဝန်းသည့် ဂရန်မြေပေါ်တွင် တည်ဆောက်နေပြီး River Front Garden ကွန်ဒိုကို မြေ ၃၁ ဧကကျော်နေရာတွင် တည်ဆောက်နေကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■ J-05

စည်ပင်လုပ်ငန်းလိုင်စင် ယခင်ထက် ပိုမြန်မည်ဟု ပြော

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း စီးပွားရေးလုပ်ငန်းလိုင်စင် လျှောက်ထားမှုများကို အချက်အလက်ပြည့်စုံပါက လျှောက်ထားသည့်ရက်မှတစ်ပတ်အတွင်း လိုင်စင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ စီးပွားရေးလုပ်ငန်း လိုင်စင်များ(စက်မှုဇုန်များမပါ)လျှောက်ထားရာတွင် လိုင်စင်ခွင့်ပြုချက်ကျရန် ယခင်က အချိန်တစ်လခန့်ထိကြာမြင့်ခဲ့ပြီး ယခုအခါအွန်လိုင်းနှင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရုံးများမှ လျှောက်ထားပါက တစ်ပတ်အတွင်းလိုင်စင်ခွင့်ပြုနေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အရင်ကတော့ ကြန့်ကြာမှုတွေရှိခဲ့တယ်။ အခုတော့ မြို့နယ်စည်ပင်မှာ လျှောက်ထားရင် ကာယကံရှင်က သတ်မှတ်ထားတဲ့ စာရွက်စာတမ်း ပြည့်စုံအောင် ယူလာရမယ်။ မြို့နယ်စည်ပင်က ပြည့်စုံအောင်စိစစ်ပြီးရင် အွန်လိုင်းကနေ ခရိုင်နဲ့ဌာနကိုတင်ပေးရတယ်။ အဲဒီမှာ စစ်ဆေးပြီးလို့ ပြည့်စုံမှန်ကန်တယ်ဆိုရင် တစ်ပတ်အတွင်း ခွင့်ပြုတယ်" ဟု ၎င်းကဆိုသည်။

လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှလျှောက်ထားရာတွင် အခြားအထောက်အထား စာရွက်စာတမ်းများ လိုအပ်ပါက ထပ်မံတင်ပြရမည်ဖြစ်ပြီး လုပ်ငန်းလိုင်စင်ခွင့်ပြုချက်ရရှိ၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ငွေပေးသွင်းပြီးပါက လိုင်စင်ကတ်ပြား ထုတ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အွန်လိုင်းမှ လုပ်ငန်းလိုင်စင်လျှောက်ထားမှုများနှင့်ပတ်သက်၍ Online Application လက်ခံရရှိပါက သက်ဆိုင်ရာ ခရိုင်/မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ကွင်းဆင်းစစ်ဆေးမည့်ရက်ကို အကြောင်းကြားပေးမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးစဉ် ထပ်မံတင်ပြရန် အထောက်အထားများလိုအပ်ပါက တစ်ပြိုင်တည်း တောင်းခံ မည်ဖြစ်သည်။

အွန်လိုင်းသို့ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရုံးများမှ လျှောက်ထားနိုင်သောလိုင်စင်များမှာ အစားအသောက်လိုင်စင်၊ လုပ်ငန်းလိုင်စင်(စက်မှုဇုန်မပါ)၊ တည်းခိုခန်းလိုင်စင်၊ ဘော်ဒါဆောင်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်၊ ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်၊ ယာယီဇာတ်ရုံပါမစ်၊ သက်တမ်းတိုးလိုင်စင်များ၊ လုပ်ငန်းအချက်အလက်ပြောင်း လိုင်စင်လျှောက်လွှာ၊ လုပ်ငန်းလိုင်စင်မိတ္တူလျှောက်လွှာနှင့် လုပ်ငန်းပိတ်သိမ်းကြောင်း လျှောက်ထားခြင်းတို့ ဖြစ်သည်။

အွန်လိုင်းမှ လုပ်ငန်းလိုင်စင်လျှောက်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သောဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့်လိုအပ်ချက်များကို https://app.ycdc.gov.mm/business-license/information.php တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■ J-10

ရန်ကုန်မြစ်အတွင်းရှိ ငါး၊ ပုစွန် သယ်ဆောင်လာသည့် စက်လှေတစ်စီး

မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ကျပ်သိန်း ၂၀၀ ထုတ်ချေးရန် CB Bank စီစဉ်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ငါး၊ ပုစွန်အပါအဝင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦးလျှင် သမဝါယမဘဏ်(CB Bank)က ကျပ်သိန်း ၂၀၀ ထုတ်ချေးပေးရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

ယခုထုတ်ချေးမည့်ချေးငွေသည် အပေါင်ပစ္စည်းထားရှိရန်မလိုအပ်ဘဲ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး လတ်တလော စတင်ထုတ်ချေးပေးမည့်ကာလကို CB Bank နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ညှိနှိုင်းနေကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

မွေးမြူရေးလုပ်ငန်းများကို အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) အဖြစ် ထည့်သွင်းသတ်မှတ်ကာ ဘဏ်များမှတစ်ဆင့် ချေးငွေများထုတ်ချေးပေးသွားမည်ဟုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ပြောကြားထားပြီး ယခုချေးငွေကို SMEs လုပ်ငန်းများအဖြစ် သတ်မှတ်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောကြားသည်။

"ဆွေးနွေးနေတာ အခုထိတော့ ဘာမှကြီး တိတိကျကျ မသိသေးဘူး။ ဒီရက်ထဲမှာ CB Bank ကိုထပ်ဖိတ်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ တကယ်လို့ မွေးမြူရေးလုပ်ငန်းရှင်တွေကို ထုတ်ချေးပေးမယ်ဆိုရင် ဒီချေးငွေကို ငါးလုပ်ငန်းအဖွဲ့ချုပ်ကနေ တာဝန်ခံနိုင်တဲ့လူတွေကိုတော့ CB Bank ကိုတင်ထားတယ်။ အခုထိတော့ အကြောင်းမပြန်သေးဘူး" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါချေးငွေရယူလိုသည့် မွေးမြူရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအမှန်တကယ် လည်ပတ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ ထောက်ခံချက်ရယူရမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပေးထားသည့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားကြောင်း အထောက်အထား ပုံစံ ၇ နှင့် လုပ်ကိုင်ခွင့် လန ၃၉ တို့ကိုလည်း တင်ပြရမည်ဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

"ထုတ်ချေးပေးဖို့က အခု သူ့လုပ်ငန်းနဲ့ ထုတ်ချေးပေးရမယ့် ပမာဏတွေကို ဆွေးနွေးနေတုန်းပါ။ အသေးစား အလတ်စားချေးငွေကလည်း အကဲဖြတ်တဲ့စနစ်တွေ ရှိတယ်လေ။ အဲ့ဒါတွေနဲ့ကိုက်ညီရင်တော့ အကုန်ချေးပေးမှာပါ" ဟု သမဝါယမဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းဟန်က ပြောကြားသည်။

■ J-11

ဆန် လက်ကားဈေး ပြန်ကျ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ဆက်တိုက်မြင့်တက်နေသော ဆန်ဈေးနှုန်းများသည် ယခုအခါ အရောင်းအဝယ်အေးစက်လာခြင်းကြောင့် ပေါ်ဆန်းအသစ်နှင့် အဟောင်းများအပြင် ဆန်ကြမ်းအသစ်ဈေးနှုန်းများ ပြန်လည်ကျဆင်းကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်ကုန်စည်ဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါဆန်ဈေးနှုန်းများသည် ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ ထိပြန်ကျပြီး ဆန်ကြမ်းသစ်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့် ကျဆင်းကြောင်း ယင်းဈေးကွက်များအတွင်းမှ သိရသည်။

"ဆန်အဝင်က ပုံမှန်ပဲ။ အဝယ်များတဲ့အချိန်ဆို တက်တယ်။ နည်းတဲ့အချိန်ဆို ကျသွားရော။ အခုဆို အဝယ်နည်းနေလို့ပေါ့" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ပြောဆိုသည်။

ဆန်ဈေးသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းထိ ဆက်တိုက်မြင့်တက်နေခြင်းဖြစ်ပြီး ယခုအခါ ပြန်လည်ကျဆင်းခြင်းဖြစ်ကာ အရောင်းအဝယ်ပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲနိုင်ကြောင်း ဆန်ကုန်သည်များက ဆိုသည်။

လက်ရှိဘုရင့်နောင်နှင့် ဝါးတန်း ဆန်ကုန်စည်ဒိုင်များထံသို့ နယ်ဒေသများက ဆန်ဝင်ရောက်မှုသည် တစ်ရက်လျှင် အိတ်ရေ ၇၀,၀၀၀ မှ ၈၀,၀၀၀ ခန့်ထိရှိပြီး ဆန်အဝင်ပုံမှန်ရှိကြောင်း ယင်းဈေးကွက်များအတွင်းမှ သိရသည်။

သို့သော် လက်လီဈေးကွက်အတွင်း၌ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လက်ကားဈေးမြင့်တက်ထားခြင်းကြောင့် အမြင့်ဈေးဖြင့်သာ ရောင်းချနေဆဲဖြစ်ပြီး ဆန်တစ်ပြည်လျှင် ကျပ် ၃၀၀ ခန့်မြင့်တက်လျက်ရှိကြောင်း လက်ရှိလက်လီဆန်ဈေးနှုန်းများသည် ရွှေဘိုပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၂၃၀၀ ခန့်၊ တောင်ပျံ တစ်ပြည်လျှင် ကျပ် ၁၆၀၀ ခန့်နှင့် နယ်စုံပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၁၇၀၀ ခန့်ဈေးရှိကြောင်း ဆန်လက်လီဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ရွှေဘိုပေါ်ဆန်း(အဟောင်း)တစ်အိတ်လျှင် ကျပ် ၅၅,၀၀၀ မှ ၅၈,၀၀၀ အထိ၊ ပေါ် ဆန်းရှယ်(အသစ်) တစ်အိတ်လျှင် ကျပ် ၃၂,၀၀၀ မှ ၃၄,၀၀၀ အထိ၊ ဧည့်မထ အကြမ်း ရှယ်(အသစ်) တစ်အိတ်လျှင် ၂၁,၅၀၀ မှ ၂၂,၀၀၀ အထိဈေးရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

■ S-04

အစိုးရငွေတိုက်လက်မှတ် ကျပ်သန်းပေါင်းသုံးသိန်းကို ယနေ့လေလံတင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ် ကျပ်သန်းပေါင်း သုံးသိန်းရှိသည့်ပမာဏကို ဈေးပြိုင်စနစ်ဖြင့် ယနေ့(နိုဝင်ဘာ ၂၉ ရက်)တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သည်။

လေလံတင်မည့် ငွေတိုက်စာချုပ်များ၏ သက်တမ်းမှာ ၃ လ၊ ၆ လနှင့် တစ်နှစ်နီးပါးဖြစ်ပြီး လေလံကြမ်းခင်းဈေးနှုန်းမှာ ကျပ်သန်း တစ်သိန်းသတ်မှတ်ထားပြီး အများနှင့် ယှဉ်ပြိုင်ရန်မလိုသည့် ပမာဏ(လေလံအမြင့်ဆုံး ဈေးသတ်မှတ်ချက်)ကို ကျပ်သန်း နှစ်သိန်းအဖြစ် သတ်မှတ်ထားကြောင်း ယင်းဘဏ်ထံမှ သိရသည်။

"အစိုးရမှာ လိုငွေများနေလို့ ဒီလိုမျိုးတွေ ထုတ်ရောင်းရတာပါ။ ပမာဏနည်းတာတွေကို လက်မှတ်အဖြစ် ရောင်းတာ ပမာဏများတာတွေကို စာချုပ်အဖြစ် ရောင်းတာပါ။ ဒီလိုရောင်းတာတွေက ငွေဖောင်းပွမှုကို လျှော့စေပါတယ်" ဟု ငွေကြေးဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။

ယခုလေလံခေါ်ယူခြင်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၆၅ ကြိမ်မြောက်ခေါ်ယူခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၁၃ ရက်နှင့် ၂၇ ရက်နေ့တို့တွင်လည်း ဆက်လက်၍ ငွေတိုက်စာချုပ်များလေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှ သိရသည်။

"ဘဏ်တွေကပဲ အဝယ်များတယ်။ ဘဏ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေက ဝယ်ရင် ဘာမှမထိခိုက်ဘူး။ ဗဟိုဘဏ်က သူ့လက်ရှိငွေနဲ့ ဝယ်ရင်လည်း ဘာမှအကျိုးမသက်ရောက်နိုင်ဘူး။ ငွေသစ်ထုတ်ပြီး ဝယ်တယ်ဆိုရင်တော့ ငွေကြေးဖောင်းပွနိုင်တယ်။ ကုန်ဈေးနှုန်းတက်နိုင်တယ်။ အရင်တုန်းကတော့ အဲဒီနည်း (ငွေသစ်ရိုက်၍)နဲ့ပဲ အများအားဖြင့်ဖြေရှင်းလေ့ရှိပါတယ်" ဟု စီးပွားရေး ပညာရှင်တစ်ဦးဖြစ်သူ ဦးဇော်ဖေဝင်းက ပြောဆိုသည်။

သို့သော် ထိုသို့ငွေတိုက်လက်မှတ်နှင့် စာချုပ်များ ထုတ်ရောင်းခြင်းမှာ ဗဟိုဘဏ်အနေနှင့် အစိုးရ၏ ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန်အတွက် သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုအဖြစ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

NLD အစိုးရသစ်လက်ထက်တွင် အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချခြင်းဖြစ်ပြီး အစိုးရငွေတိုက်စာချုပ်များကိုလည်း ၂၀၁၆ ခုနှစ် နှစ်လည်ပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ဖူးသည်။

■ J-13

နိုဝင်ဘာလ ၂၈ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

Name	Opening Price	11(AM) Price	1(PM) Price	Change	Trading Shares	Trading Value (MMK)
FMI	13000	13000	13000	-	1900	24,700,000
MTSH	3050	3100	3100	+50	5932	18,389,200
MCB	8200	8200	8200	-	103	844,600
FPB	26000	26000	26000	-	1250	32,500,000

နိုင်ငံခြားငွေလဲလှယ်နှုန်း Source: KBZ Bank

28.11.2017	USD	EURO	SGD
ဝယ်ဈေး(ကျပ်)	၁၃၅၄	၁၆၁၂	၁၀၀၆
ရောင်းဈေး(ကျပ်)	၁၃၅၅	၁၆၁၅	၁၀၀၇

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

28.11.2017	ရွှေဈေး	
ပြည်တွင်းရွှေ(ကျပ်)	၉၃၅,၀၀၀ (ဖွင့်)	၉၃၅,၀၀၀ (ပိတ်)
ကမ္ဘာ့ရွှေ (ဒေါ်လာ)	၁၂၉၅ (ဖွင့်)	၁၂၉၈ (ပိတ်)

ဓာတ်ပုံ-အောင်သန့်

ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးနှစ်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးပုဒ်မများဖြင့် စွဲချက်တင်

မန္တလေး၊ နိုဝင်ဘာ ၂၈

ပြင်ဦးလွင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှစ်ဦးစလုံးကို မန္တလေးတိုင်းတရားရုံးတွင်စစ်ဆေးနေရာ တရားလိုပြသက်သေအားလုံးကို စစ်ဆေးပြီးစီးပြီဖြစ်၍ မူလစွဲဆိုထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးပုဒ်မများအတိုင်း စွဲချက်တင်ထားကြောင်း မန္တလေးတိုင်းတရားလွှတ်တော်ထံမှ သိရသည်။

“ပြင်ဦးလွင် အုပ်ချုပ်ရေးမှူးတွေရဲ့ အမှုနဲ့ပတ်သက်လို့ မူလစွဲဆိုထားတဲ့ ပုဒ်မတွေနဲ့ပဲ စွဲချက်တင်ထားတယ်။ ဦးတင်နိုင်စိုးရဲ့အမှုမှာ တရားခံကိုလည်း စစ်ဆေးပြီးဖြစ်တဲ့အတွက် တရားခံပြသက်သေတွေကို စစ်ဖို့ချိန်းဆိုထားတယ်။ ဦးကျော်ကျော်နိုင်ရဲ့ အမှုကတော့ တရားခံကိုစစ်ဆေးနေဆဲဖြစ်ပါတယ်” ဟု မန္တလေးတိုင်းတရားလွှတ်တော်တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက ပြောကြားသည်။

ပြင်ဦးလွင်မြို့နယ်မှ အုပ်ချုပ်ရေးမှူးဦးတင်နိုင်စိုးနှင့် ဒုဦးစီးမှူး ဦးကျော်ကျော်နိုင်တို့သည် ယင်းမြို့နယ် မန်ကျည်းအင်းကျေးရွာနှင့် ဝါးနက်ကျေးရွာတို့မှ မြေများကို ပြည်ထဲရေးအမည်ပေါက်ရရှိအောင် ဆောင်ရွက်ပေးမည်ဟုဆိုကာ မြေပိုင်ရှင်များထံမှ ငွေကြေး တောင်းယူခဲ့သည့်အတွက် ငွေကြေးပေးခဲ့ရသူ ကမ္ဘာမြေအောင်ကုမ္ပဏီနှင့်ရွာသားများက မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားခဲ့သည့်အတွက် ကော်မတီကစစ်ဆေးမှုများ ပြုလုပ်ပြီး စစ်ဆေးရေးမှူး ဦးကောင်းဇော်သန့်က အမှုဖွင့်ထားသောကြောင့် မန္တလေးတိုင်းတရားရုံးတွင် ယင်းအမှုကို စစ်ဆေးနေခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးကို(ပ)၂၂၀/၂၀၁၆၊ အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ (ပ)၂၁၉/၂၀၁၆၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ တို့ဖြင့် တရားစွဲဆိုထားပြီး ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်ကိုလည်း (ပ) ၂၂၁/၂၀၁၆ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ (ပ)၂၂၂/၂၀၁၆ အဂတိလိုက်စားမှု တိုက်ဖျက်ရေးပုဒ်မ ၅၆ ဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။

ယင်းအမှုများနှင့် ပတ်သက်၍ တရားလိုဘက်မှတင်ပြထားသည့် သက်သေများအားလုံးကို စစ်ဆေးပြီးစီးသွားပြီဖြစ်၍ စွဲချက်တင်ထားခြင်း ဖြစ်ကြောင်း၊ တရားခံများဘက်က သက်သေများ ပြန်လည်တင်ပြထားသည့်အတွက် တရားခံများ၊ တရားခံပြသက်သေများကို လာမည့်ရုံးချိန်းများတွင် ဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်း ဒေါ်ခင်ခင်ချိုက ရှင်းပြသည်။

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးသည် မကျည်းအင်းကျေးရွာသစ်ကို ပြည်ထဲရေးအမည်ပေါက် ရွာမြေတိုးချဲ့ပေးမည်ဟုဆိုကာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့က ရွာသားများထံမှ ၅၀,၀၀၀ ကျပ်တန်ဖိုးရှိ လက်ဆောင်ပစ္စည်းခြင်း တစ်ခြင်းနှင့်၅၀၀,၀၀၀ ကျပ် လက်ခံရယူခဲ့ကြောင်း၊ ယင်းနောက် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ၁၁,၅၀၀ ကျပ်တန်ဖိုးရှိ ပုဆိုးနှင့် အင်္ကျီအပါအဝင် ငွေကျပ်သိန်း ၃၀၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျပ်သိန်း ၃၀ တို့ လက်ခံရယူခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးရေးမှူး ဦးကောင်းဇော်သန့်က စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းတွင် အမှုတစ်ခုစီအတွက် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်သည်လည်း မကျည်းအင်းကျေးရွာ ပြည်ထဲရေးအမည်ပေါက် ရွာမြေတိုးချဲ့ပေးရန်ကိစ္စနှင့် ပတ်သက်ပြီး ရွာသားများထံမှ ငွေကျပ် ၁၅,၀၀၀ တန်ဖိုးရှိ အင်္ကျီနှင့်ပုဆိုး၊ နေ့လယ်စာညှော်ခံစရိတ် ၂၅,၀၀၀ ကျပ်နှင့် ကျပ်သိန်း ၅၀ ကို ၂၀၁၆ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် လက်ခံရယူထားခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့သည့်အတွက် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအုပ်ချုပ်ရေးမှူးနှစ်ဦးနှင့်အတူ ကျေးရွာဒေသခံများထံမှ ငွေကြေးရယူရာတွင်ပါဝင်သည့် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ဦးအောင်စိုးမိုးကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ ဖြင့် အမှုဖွင့်ထားပြီး ပြင်ဦးလွင်မြို့နယ် တရားရုံးတွင် စစ်ဆေးလျက်ရှိသည်။ ■

M-04

NEWS IN BRIEF

မန္တလေးတိုင်းလွှတ်တော် ဒီဇင်ဘာ ၅ ရက်နေ့ ပြန်စမည်

နှစ်လကျော်ကြာရပ်နားထားသည့် ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းလွှတ်တော် ပုံမှန်အစည်းအဝေးများကို ဒီဇင်ဘာ ပထမပတ်အတွင်း ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အသိုင်းအဝိုင်းထံမှ သိရသည်။

ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို စက်တင်ဘာလအတွင်း ကျင်းပခဲ့ပြီးနောက် ရပ်နားထားခဲ့ရာမှ အဋ္ဌမပုံမှန်အစည်းအဝေးကို ဒီဇင်ဘာလ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း မန္တလေးတိုင်း လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောကြားသည်။

အဋ္ဌမပုံမှန်အစည်းအဝေးတွင် နောက်ဆက်တွဲဘတ်ဂျက် တောင်းခံထားမှုများ၊ ဘတ်ဂျက်ကာလ အသစ်ပြောင်းမည့်အခြေအနေများ ဆွေးနွေးရန်ရှိပြီး လွှတ်တော်သို့တင်သွင်းထားသည့် အဆိုများနှင့်မေးခွန်းများကို မန္တလေးတိုင်းအစိုးရအဖွဲ့က ဖြေဆိုနိုင်ရန် ပေးပို့ထားကြောင်း၊ အဆိုနှင့်မေးခွန်းများပေါ်မူတည်၍ လွှတ်တော်ကျင်းပမည့်ရက် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

M-05

မလှိုင်ရှိ ဘော်ဒါဆောင်တစ်ခုတွင် ဆယ်တန်းကျောင်းသားတစ်ဦး သေဆုံး

မလှိုင်မြို့နယ် အမှတ် ၂ ရပ်ကွက် နယ်မြေ ၁၀ ရှိစာပန်းတိုင်ဘော်ဒါဆောင်တွင် နေထိုင်သော အသက် ၁၆ နှစ်အရွယ်ရှိ ဆယ်တန်းကျောင်းသားတစ်ဦး နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းက သေဆုံးသွားခဲ့ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

သေဆုံးသူမှာ တောင်သာမြို့နယ် လက်သဲကျင်းကျေးရွာမှနေ၍ စာပန်းတိုင်ဘော်ဒါဆောင်တွင် နေထိုင်ကာ အထက (ခွဲ) မြို့သစ်တွင် ပညာသင်ယူနေသူထွန်းထွန်းအောင်ဖြစ်ကာ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက် ၉ နာရီခန့်က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံ၏ စစ်ဆေးတွေ့ရှိချက်အရ အအေးမိဖျားနာရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါလူသေဆုံးမှုနှင့် ပတ်သက်၍ နယ်မြေခံ မလှိုင်မြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၁၅/၂၀၁၇ ဖြင့် အမှုဖွင့်လှစ်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

R-01

ကုသိုလ်တော်ဘုရားဝင်းအတွင်း အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

မန္တလေးမြို့၏ အထင်ကရဘုရားတစ်ဆူဖြစ်သည့် ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ သစ်ပင်တစ်ပင်တွင် နိုဝင်ဘာလ ၂၇ ရက်နေ့ ညက ၈ နာရီခွဲခန့်က အသက် ၇၅ နှစ်အရွယ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း အမှတ် (၁) အောင်မြေသာစံမြို့နယ် အမှတ် (၁) နယ်မြေ ရဲစခန်းထံမှ သိရသည်။

“အမျိုးသားတစ်ဦးကြိုးဆွဲချသေတယ်ဆိုပြီး အကြောင်းကြားလို့ သွားကြည့်တော့ လက်ညှိုးလုံးလောက်ရှိတဲ့ နိုင်လွန်ကြိုးနဲ့ ကြိုးဆွဲချသေဆုံးနေတာကို တွေ့တာ” ဟု ယင်းရဲစခန်းမှအရာရှိတစ်ဦးက ပြောကြားသည်။

ကုသိုလ်တော်ဘုရားရင်ပြင်တော် တတိယတံတိုင်းအတွင်းရှိ တမာပင်၏ သစ်ကိုင်းတစ်ခုတွင် ကြိုးဆွဲချသေဆုံးနေသူမှာ အသက် ၇၅ နှစ်အရွယ်ရှိ ဦးကျော်ဆန်းဖြစ်ကြောင်း၊ ယင်းအမှုနှင့်ပတ်သက်၍ အမှတ် (၁) နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၆/၂၀၁၇ ရေးဖွင့်ထားပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိနိုင်ရန် စစ်ဆေးနေကြောင်း ယင်းအရာရှိကပြောဆိုသည်။

M-04

YBS ယာဉ်ပေါ်မှ ငွေသေတ္တာပုံး ရိုက်ဖွင့်မှုဖြင့် Power Eleven ကုမ္ပဏီမှ အဖွဲ့ဝင် ငါးဦးကို အမှုဖွင့်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

YBS (၂၂) ယာဉ်တစ်စီးပေါ်မှ ငွေသေတ္တာပုံးကို ရိုက်ဖွင့်ပြီး ကျပ်သုံးသောင်းကျော်ကိုသိမ်းယူခဲ့သည်ဟုဆိုသော Power Eleven ကုမ္ပဏီလီမိတက်မှအဖွဲ့ဝင်ငါးဦးကို အမှုဖွင့်အရေးယူထားကြောင်း ထန်းတပင်မြို့နယ်ရှိ တက်သစ်ရဲကင်းစခန်းထံမှ စုံစမ်းသိရှိရသည်။

အနောက်ပိုင်းတက္ကသိုလ်မှ သခင်မြပန်းခြံသို့ ခရီးစဉ်ပြေးဆွဲနေသော YBS (၂၂) ယာဉ်တစ်စီးကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းက Power Eleven ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ယာဉ်ပေါ်ရှိ ငွေသေတ္တာပုံးကို တူဖြင့်ရိုက်ဖျက်ပြီး ပုံးအတွင်းရှိ ငွေကျပ်သုံးသောင်းကျော်ကို သိမ်းယူသွားခဲ့ကြောင်း YBS (၂၂) ယာဉ်မောင်း ဦးခင်မောင်ချို(ခ) ဦးချိုကြီးက တက်သစ်ရဲကင်းစခန်းတွင် တရားလိုပြု အမှုဖွင့်တိုင်ကြားခဲ့သည်။

ယာဉ်ပိုင်ရှင်ကိုယ်စားလှယ် ကြီးကြပ်ရေးကော်မတီနှင့် ယာဉ်ပိုင်ရှင်တို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ယာဉ်ပေါ်မှ ငွေသေတ္တာသော့ကို တူဖြင့်ရိုက်ဖျက်၍ ငွေများ သိမ်းယူမှုဖြင့် Power Eleven ကုမ္ပဏီလီမိတက်မှ အဖွဲ့ဝင်ငါးဦးကို တက်သစ်ရဲကင်းစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၈၄/၁၁၄ တို့ဖြင့် အမှုဖွင့် အရေးယူထားသည်။

"အမှုဖွင့်ခံရတာ ဟုတ်ပါတယ်။ မနေ့ကပဲ ကျွန်တော်တို့ကုမ္ပဏီက အဖွဲ့ဝင်တွေ တက်သစ်ရဲစခန်းဆီသွားပြီး ထွက်ဆိုချက်ပေးခဲ့တယ်။ ဖြစ်စဉ်က ဒီလိုပါ။ ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့က ယာဉ်လိုင်းမှာ ပြေးဆွဲနေတဲ့ယာဉ်တွေကို ဂိတ်တစ်ခါဝင်ရင်တစ်ခါ ခရီးစဉ်ပြေးဆွဲလို့ရတဲ့ ငွေကို ယာဉ်မောင်းကိုယ်တိုင် စာရင်းနဲ့ မှတ်သားပြီး အပ်ရပါတယ်။ ဒါကို ယာဉ်မောင်းက လက်မခံရာက အခုလို ဖြစ်သွားတာ။ အပြင်မှာ ပြောနေသလို ကိုတရုတ်လေးတို့အဖွဲ့က ယာဉ်ပေါ်က ငွေသေတ္တာပုံး ရိုက်ဖွင့်ပြီး ပိုက်ဆံတွေယူသွားတယ်ဆိုတာတော့ မဟုတ်ပါဘူး။ အဲအချိန်မှာ YRTA ဘက်က အဖွဲ့ဝင်တွေလည်း ရှိနေကြပါတယ်" ဟု Power Eleven ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ကိုတရုတ်လေး(ခ) ကိုသက်တင်ဝင်းက ရှင်းပြသည်။

အမှုဖွင့်တိုင်ကြားသည့် YBS (၂၂) ယာဉ်မှာ ခေတ်သစ်ငြိမ်းချမ်းရေး အများပိုင်ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့ပြီးနောက် YRTA မှ ယင်းယာဉ်လိုင်းကို Power Eleven ကုမ္ပဏီလီမိတက်ထံသို့ လွှဲပြောင်းပေးခဲ့သည်။

ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့သည့် ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်များကို ယခုလ ၉ ရက်နှင့် ၁၂ ရက်နေ့တို့တွင်ခေါ်၍ ယာဉ်၏အချက်အလက်များ၊ ယာဉ်ပိုင်ရှင်များ၏ အချက်အလက်များနှင့် ငွေစာရင်းလွှဲပြောင်းရေး စီမံခန့်ခွဲမှုများကို ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ယာဉ်ပိုင်ရှင်များက လက်မခံခဲ့ကြောင်း ကိုတရုတ်လေးက ပြောသည်။

"ယာဉ်ပေါ်က ငွေသေတ္တာပုံးတွေမှာ ခတ်ထားတဲ့ ယခင်သော့တွေအစား ကုမ္ပဏီဘက်ကနေ သော့တွဲအသစ်တွေ အသုံးပြုဖို့ လဲပေးတယ်။ ဒါကို သူတို့က လက်မခံဘူး။ ဝန်ထမ်းက သော့ဟောင်းကို ရိုက်ဖျက်လိုက်တော့ သူတို့ဘက်က အုံနဲ့ကျင်းနဲ့ ဝိုင်းလာပြီး ပြဿနာရှာကြတယ်။ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်လို့ ကျွန်တော်က ဝန်ကြီးဆီ ဖုန်းဆက် လှမ်းအကြောင်းကြားလိုက်တာ သိပ်မကြာဘူး တိုင်းရုံးကနေ လုံခြုံရေးရဲတပ်ဖွဲ့တွေ ထပ်လွှတ်လိုက်ပြီး လာဖြေရှင်းပေးခဲ့ရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အမှုဖွင့်တိုင်ကြားခံရမှုနှင့် ပတ်သက်၍ Power Eleven ကုမ္ပဏီလီမိတက်မှ YRTA ထံ ဖြစ်စဉ်အမှန်ကို တင်ပြထားကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

■
S-03

ဓာတ်ပုံ-မောင်ရဲနွေ

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်းနှင့်ပတ်သက်၍ ဦးမျိုးသစ် ရှင်းလင်းပြောကြားနေစဉ်

ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများဆိုင်ရာ အမျိုးသားအဆင့်မဟာအစီအစဉ် (မူကြမ်း) ရေးဆွဲ

မန္တလေး၊ နိုဝင်ဘာ ၂၈

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနနှင့်နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (Norwegian Environment Agency-NEA) တို့ပူးပေါင်းကာ ဘေးအန္တရာယ်ရှိ ဓာတုဗေဒပစ္စည်းများဆိုင်ရာ အမျိုးသားအဆင့် မဟာအစီအစဉ် (မူကြမ်း) တစ်ခု ရေးဆွဲနေကြောင်း မန္တလေးတိုင်း အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း ငုရွှေဝါလမ်းထောင့်ရှိ Royal Mingalar Hotel တွင် နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းက ပြုလုပ်သော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်းဆွေးနွေးပွဲ၌ ၎င်းကထည့်သွင်းပြောကြားခြင်းဖြစ်သည်။

စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်ဖြစ်ပြီး နိုင်ငံတကာ အသိအမှတ်ပြုရေးဆွဲထားသည့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စည်းမျဉ်း စည်းကမ်းများ အပေါ် အခြေခံရေးဆွဲနိုင်ရန်၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းထုတ်လုပ်မှု လျှော့ချရန်နှင့် စွန့်ပစ်သည့်နေရာတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုအား မြှင့်တင်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီမံအုပ်ချုပ်မှု၏ အဓိကအချက်များအရ သတ်မှတ်ထားသည့် နေရာများမှတစ်ပါး စွန့်ပစ်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ရန်၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်မှုများအား ခွင့်ပြုနိုင်သည့် စည်းမျဉ်း စည်းကမ်းများဖြင့် ထိန်းချုပ်ထားသည့် စနစ်တစ်ခုအသုံးပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေကြောင်း ဦးမျိုးသစ်က ရှင်းပြသည်။

မန္တလေးမြို့တွင်ပြုလုပ်သော အဆိုပါ စီမံကိန်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းအတွင်းရှိ စက်ရုံများမှထွက်ရှိသော အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စစ်တမ်းကောက်ယူခဲ့ခြင်းမှရရှိသော အချက်အလက်များ၊ ဘိလပ်မြေစက်ရုံရှိမီးဖိုများမှ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးသည့် နည်းပညာအသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို နော်ဝေနိုင်ငံမှ ကျွမ်းကျင် ပညာရှင်များက ရှင်းလင်းပြောကြားခဲ့ကြောင်း သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးမင်းမော်က ပြောကြားသည်။

နော်ဝေနှင့် မြန်မာနိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအရ မြန်မာနိုင်ငံရှိ စက်ရုံ အလုပ်ရုံများထံမှ စီမံကိန်းဆိုင်ရာ စစ်တမ်းကောက်ယူမှုများကို ၂၀၁၆ ခုနှစ် ဇွန်လကစတင်ကာ ပထမအကြိမ် ကောက်ယူခဲ့ပြီး ဒုတိယအကြိမ် စစ်တမ်းကောက်ယူမှုကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန နေပြည်တော်ထံမှ သိရသည်။

■
M-01

သယံဇာတ၏အကျိုးအမြတ်ကို ခွဲဝေသုံးစွဲခွင့်ပေးရန် ရခိုင်လွှတ်တော်တွင်ဆွေးနွေး

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရခိုင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတ၏ အကျိုးအမြတ်များကိုပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် ခွဲဝေသုံးစွဲခွင့်ပေးရန် တိုက်တွန်းသည့် အဆိုကိုပြည်နယ်လွှတ်တော်၌ ဆွေးနွေးခဲ့ကြောင်း ပေါက်တောမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ထွီးက ပြောကြားသည်။

"ရခိုင်ကမ်းလွန်က သဘာဝဓာတ်ငွေ့လုပ်ကွက်တွေ အမြဲထွက်နေတယ်။ ဒါပေမဲ့ အကျိုးခံစားခွင့်က တိုင်းရင်းသားတွေ မရကြဘူး။ အဓိကတော့ ဗဟိုအစိုးရကို စဉ်းစားပေးဖို့ပါပဲ" ဟု ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်အပါအဝင် အကျိုးအမြတ် ခွဲဝေသုံးစွဲခွင့်နှင့်ပတ်သက်သော အဆိုကို နိုဝင်ဘာလ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်လွှတ်တော်တွင် တင်သွင်းခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ နှစ်စဉ်သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၂၀၀၀ ထွက်ရှိလျက်ရှိပြီး ရခိုင်ကမ်းလွန်မှ A-6 လုပ်ကွက်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ရခိုင်ကမ်းရိုးတန်း စစ်တွေမြို့အနီးတွင် တွေ့ရှိခဲ့ခြင်းကြောင့် ပြည်နယ်ဘတ်ဂျက်ကို ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုးမြှင့်အသုံးပြုရန် တောင်းဆိုရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အများစုကဆိုသည်။

ထို့အပြင် ယခင်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့သော စွမ်းအင်မူဝါဒ ၉ ချက်အရ သယံဇာတထွက်ရှိသော ပြည်နယ်နှင့်တိုင်းများကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးအမြတ်ခွဲတမ်းကို ဦးစားပေးရမည်ဟု ဖော်ပြပါရှိသော်လည်း ရခိုင်ပြည်နယ်အနေနှင့် ဖွံ့ဖြိုးမှုနှေးကွေးနေဆဲဖြစ်ကြောင်း ရခိုင်ပြည်နယ်လူမှုအကျိုးပြုအဖွဲ့မှ ဦးစံကျော်လင်းက မှတ်ချက်ပြုသည်။

"သယံဇာတထွက်တဲ့ ပြည်နယ်က အရာရာနောက်ကျနေတယ်။ ပြည်နယ်အစိုးရကိုယ်တိုင် မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက ဘယ်လောက်အကျိုးအမြတ်ရှိနေလဲမသိရဘူး။ ဒါက စွမ်းအင်မူဝါဒနဲ့ စံလွဲနေတယ်" ဟု ၎င်းကဆိုသည်။

ယင်းအဆိုနှင့် ပတ်သက်၍ သယံဇာတတိုက်ရိုက်စီမံခန့်ခွဲခွင့်ကို ပြည်နယ်နှင့်တိုင်းများရှိ ဝန်ကြီးချုပ်များပင် လုပ်ထုံးလုပ်နည်းအရ ပြည်ထောင်စုအစိုးရအဖွဲ့က ကိုင်တွယ်ဆုံးဖြတ်ရန် ခွင့်ပြုမထားခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြပေးမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှုက ဖြေကြားခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆိုသည်။ ■ J-17

ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့သည့် Freedom of Oxford ဆု ပြန်ရုပ်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ဘင်္ဂါလီ (မူရင်းအသုံးရိုဟင်ဂျာ) ဒုက္ခသည်များအရေး ကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းမှုများနှင့် ပတ်သက်၍ မကျေနပ်သောကြောင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို တစ်ချိန်က ချီးမြှင့်ခဲ့သည့် အောက်စဖို့ဒ်စီတီလွတ်လပ်ရေး ဆုတံဆိပ်(Freedom of the City of Oxford) ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အောက်စဖို့စီတီကောင်စီက သတင်းထုတ်ပြန်လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့သည့် ယင်းဆုတံဆိပ် ပြန်လည် ရုပ်သိမ်းသင့်၊ မသင့်ကိစ္စကို ပြီးခဲ့သည့် အောက်တိုဘာလအတွင်း အဆိုပါကောင်စီက အကြိမ်ခွဲဆုံးဖြတ်ပြီးနောက် ယခု နိုဝင်ဘာလ ၂၇ ရက်နေ့(တနင်္လာနေ့)တွင် အပြီးအပိုင် ရုပ်သိမ်းနိုင်ရေးအတွက် ကောင်စီအဖွဲ့ဝင်များ မဲပေးဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"သည်ကနေ့တော့ ဒေါ်အောင်ဆန်းစုကြည်ကိုချီးမြှင့်ခဲ့တဲ့ အောက်စဖို့ စီတီရဲ့ အမြင့်ဆုံးဂုဏ်ပြုဆုတံဆိပ် ပြန်လည်ရုပ်သိမ်းဖို့ ကျွန်မတို့တစ်တွေ ကြုံတောင့်ကြုံခဲဖြစ်တဲ့လုပ်ရပ်တစ်ခုကို လုပ်လိုက်ကြပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ရိုဟင်ဂျာ(မူရင်းအတိုင်းဖော်ပြသည်)လူနည်းစုတွေ ဖိနှိပ်ခံနေရမှုအပေါ်သူမအနေနဲ့ထိထိရောက်ရောက်လုပ်ဆောင်ပေးနိုင်ခြင်း မရှိလို့ပါပဲ"ဟု အောက်စဖို့စီတီကောင်စီ အကြီးအကဲ မေရီကလပ်ဆန်က ပြောကြားကြောင်း BBC သတင်းဌာနကဖော်ပြသည်။

"အောက်စဖို့ဆိုတာ မတူကွဲပြားမှုကိုအလေးထားပြီး လူသားဆန်တဲ့မြို့တစ်မြို့အဖြစ် ကာလကြာရှည်စွာ ဖြစ်တည်ခဲ့တဲ့မြို့ပါ၊ အကြမ်းဖက်မှုတွေကို မျက်ကွယ်ပြုထားတဲ့သူတွေကို ဂုဏ်ပြုချီးမြှင့်မိတဲ့အတွက် ကျွန်မတို့မြို့ရဲ့ဂုဏ်သတင်းကျော်စောမှုပိုင်းမှာ ထိခိုက်နစ်နာရပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယခုလို ဆုတံဆိပ်ပြန်လည်ရုပ်သိမ်းခြင်းဖြင့် ဘင်္ဂါလီဒုက္ခသည်များ လူ့အခွင့်အရေးနှင့် တရားမျှတမှုကြုံတွေ့ရရေးအတွက် အခြားသောသူများလည်း တိုက်တွန်းဆော်ဩမှုများပြုလုပ်နိုင်အောင် တစ်ထောင့်တစ်နေရာမှ လုပ်ဆောင်ပေးလိုက်နိုင်သည်ဟု မျှော်လင့်မိပါကြောင်း ၎င်းကဆိုသည်။

BBC သတင်းဌာန၏ ဖော်ပြချက်အရ ဒေါ်အောင်ဆန်းစုကြည် ပညာသင်ယူခဲ့ဖူးသော အောက်စဖို့တက္ကသိုလ်၊ စိန့်ဟျူးချ်ကောလိပ်ကလည်း ယင်းကောလိပ်တွင် ချိတ်ဆွဲထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားကို ဖြုတ်ချခဲ့သည်။ ■

F-01

ဓာတ်ပုံ-ရဲပြည့်ဇာနည်

ဆရာတော်ဦးပါမောက္ခအမှု နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ပေး

ရန်ကုန်၊ နိုဝင်ဘာ ၂၀

နိုင်ငံတော် အကြည်ညို ပျက်စေမှုဖြင့် လူဝတ်လဲ ဖမ်းဆီးခံထားရသော ဆရာတော် ဦးပါမောက္ခအမှုကို ကမာရွတ်မြို့နယ်တရားရုံးတွင် နိုဝင်ဘာလ ၂၈ ရက်နေ့နံနက် ၁၀ နာရီခန့်က ရုံးထုတ်ခဲ့ရာ နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်တင်ပြပြီး ဆက်လက်တရားစွဲဆိုသင့်၊ မသင့် အမိန့်ချမှတ်နိုင်ရန် ဒီဇင်ဘာလ ၁၂ ရက်နေ့သို့ ပြန်လည်ချိန်းဆိုခဲ့သည်။

ဆရာတော် ဦးပါမောက္ခကို ရုံးထုတ်ရာတွင် လက်ထိတ်ခတ်ခြင်း၊ သံခြေချင်းခတ်ခြင်းဖြင့်ရုံးထုတ်ခဲ့ရာ လက်ထိတ်ခတ်ပါက သံခြေချင်းဖြုတ်ပေးရန်၊ သံခြေကျင်းခတ်ပါက လက်ထိတ်ဖြုတ်ပေးရန် ဆရာတော်ဦးပါမောက္ခ၏ ရှေ့နေက တရားသူကြီးထံတင်ပြရာ ရဲတပ်ဖွဲ့ကျင့်ထုံးစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးရန် တရားသူကြီးက ညွှန်ကြားခဲ့ရာ အင်းစိန်ထောင်သို့ပြန်လည်ပို့ဆောင်စဉ် လက်ထိတ်ဖြုတ်ပေးခဲ့ကြောင်း ဆရာတော်၏ ဒါယကာရင်းဖြစ်သူ ဦးအောင်မြိုင်က ရှင်းပြသည်။

"ဒီနေ့က တရားလိုက မလာဘူး၊ အရင်တစ်ချိန်း တရားလိုကို စစ်ဆေးတုန်းက သူကိုယ်တိုင်ရေးထိုးထားတဲ့လက်မှတ်ကို မဟုတ်ဘူးလို့ ထွက်ဆိုထားတယ်၊ အဲဒါကြောင့် တရားလိုမလာတာရယ်၊ သူ့လက်မှတ်မဟုတ်ပါဘူးရယ်လို့ ထွက်ဆိုထားတာကြောင့် ဒီအမှုကနေ ပလပ်ပေးပြီး၊ ဆရာတော်ကို အပြီးပြတ်လွှတ်ပေးဖို့ ရှေ့နေက တင်ပြခဲ့တယ်၊ ဥပဒေအရာရှိကတော့ အမှုကကြာပြီဖြစ်တာကြောင့် တရားလိုက လက်မှတ်ကို ဝေဝါးနေတာရယ်၊ တခြားသူတွေနဲ့ ပူးတွဲစွဲဆိုထားတာရယ်ကြောင့် တခြားသူတွေနည်းတူဆုံးဖြတ်သင့်တယ်လို့ တင်ပြတယ်။ လာမယ့် ဒီဇင်ဘာလ ၁၂ ရက်နေ့ကျရင်တော့ တရားသူကြီးက ဆုံးဖြတ်ပေးမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆရာတော်ဦးပါမောက္ခကို နိုဝင်ဘာလ ၁၃ ရက်နေ့မွန်းလွဲပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ မြေယာကိစ္စနှင့်ပတ်သက်၍ ဆန္ဒဖော်ထုတ်ရန်အတွက် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့်လာရောက် အကြောင်းကြားစဉ် ဖမ်းဆီးထိန်းသိမ်းခဲ့သဖြင့် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်ချမှတ်ခံရမှုမှာ တစ်လပြည့်မည်ဖြစ်ပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆိုထားမှု ပလပ်ခံရပါက ယင်းနေ့တွင် ထောင်က လွတ်မြောက်မည်ဖြစ်သည်။

၂၀၁၆ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့က အမေရိကန်သံရုံး၏ထုတ်ပြန်ချက်တွင် ပါရှိသည့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီ လူမျိုးများကို ရိုဟင်ဂျာလူမှုအသိုက်အဝန်းဟု သုံးနှုန်းဖော်ပြခဲ့မှုအပေါ် ကန့်ကွက်ကြောင်း လှည်းတန်းလမ်းဆုံအနီးမှ အမေရိကန်သံရုံးရှေ့အထိ ခွင့်ပြုချက်မရှိဘဲ ချီတက်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့သည်ဟုဆိုကာ ဆရာတော်ဦးပါမောက္ခ၊ ဆရာတော် ဦးဉာဏဓမ္မ၊ ဦးသုစိတ္တ၊ ဦးဝင်းကိုကိုလတ်၊ ဦးနောင်တော်လေး (ခ) နိုင်ဝင်းထွန်း၊ ဦးနေဝင်းအောင်နှင့်ဦးသက်မျိုးဦးတို့ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ယင်းအမှုမှ ဆရာတော် ဦးဉာဏဓမ္မ၊ ဦးသုစိတ္တတို့မှာ ဖမ်းဆီးနိုင်ခြင်းမရှိသေးပဲ လူပုဂ္ဂိုလ်များဖြစ်သည့် ဦးဝင်းကိုကိုလတ်၊ ဦးနောင်တော်လေး(ခ)နိုင်ဝင်းထွန်း၊ ဦးနေဝင်းအောင်နှင့် ဦးသက်မျိုးဦးတို့ကို စက်တင်ဘာလ ၂၈ ရက်နေ့က ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(ခ)အရ အလုပ်နှင့်ထောင်ဒဏ် ၆ လ၊ ငြိမ်းစုစီဥပဒေပုဒ်မ ၁၉ အရ အလုပ်နှင့်ထောင်ဒဏ် တစ်လ ကျခံစေရန် အမိန့်ချမှတ်ထားသည်။J-16

၈၈ ငြိမ်းပွင့် ဦးဆောင်ပြီး လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု တနင်္သာရီတိုင်းတွင် လုပ်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက ဦးဆောင်ပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့် စာပေအနုပညာရှင်များ စုပေါင်းကာ လူထုငြိမ်းချမ်းရေး လှုပ်ရှားမှုရက်သတ္တတစ်ပတ်အဖြစ် ပြုလုပ်မည်ဖြစ်ကြောင်း ၈၈ ငြိမ်းပွင့်မှ ဦးဆောင်အဖွဲ့ဝင် ဦးဂျင်မီက ပြောကြားသည်။

ဒီဇင်ဘာ ၂ရက်မှ ၉ ရက်အထိ လူထုငြိမ်းချမ်းရေး ရက်သတ္တတစ်ပတ်လှုပ်ရှားမှုအဖြစ်သတ်မှတ်ကာ တနင်္သာရီရှိ မြို့နယ်များတွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့ ယုံကြည်တာကတော့ သေနတ်သံ၊ အမြောက်သံတွေထက် လူထုအသံက ပိုပြီးတော့ ကျယ်လောင်တယ်လို့ ပြသနိုင်တဲ့အချိန်ကျရင် ငြိမ်းချမ်းရေးကို အမြန်ဆုံးရမယ်လို့ မျှော်လင့်ပါတယ်။ အထူးသဖြင့်တော့ ၂၁ ရာစုပင်လုံဟာ ငြိမ်းချမ်းရေးရရှိရေးအပြင် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အရေးကြီးတာကြောင့် ဒါတွေကို ကျွန်တော်တို့က ထောက်ခံပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူထုက ပိုမိုပါဝင်လာစေရန်၊ ၂၁ ရာစု ပင်လုံညီလာခံတွင် ပြည်သူလူထုပိုမိုပါဝင်လာမှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ငြိမ်းချမ်းရေးတွင် လူထုက ပါဝင် သက်သေပြနိုင်ရန် တနင်္သာရီတိုင်းအတွင်းရှိ ၈၈ ငြိမ်းပွင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက အစိုးရအဖွဲ့တာဝန်ရှိသူများပူးပေါင်းကာ ငြိမ်းချမ်းရေးလူထုလှုပ်ရှားမှု ရက်သတ္တတစ်ပတ်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါလှုပ်ရှားမှုကို တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များဖြစ်သော ကော့သောင်း၊ ထားဝယ်၊ မြိတ်၊ လောင်းလုံး၊ ကျွန်းစု၊ တနင်္သာရီ၊ ပုလော၊ သရက်ချောင်း၊ ကန်ပေါက်၊ ရေဖြူမြို့တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၈၈ ငြိမ်းပွင့်အဖွဲ့ထံမှ သိရသည်။

တနင်္သာရီတိုင်းသည် ထူးခြားသည့် ဒေသတစ်ခုဖြစ်ပြီး ယခင်က စစ်ဘေးစစ်ဒဏ်ကို ခံစားခဲ့ရသည့်ဒေသဖြစ်ခြင်း၊ ၎င်း၏တစ်ဖက်တွင် စစ်မက်ဖြစ်ပွားခြင်းမရှိဘဲ ဖွံ့ဖြိုးတိုးတက်သည့်ထိုင်းနိုင်ငံရှိပြီး တစ်ဖက်တွင် စစ်ဖြစ်ပွားမှုများ ဖြစ်ပွားလေ့ရှိသော မွန်နှင့်ကရင်ပြည်နယ်တို့ရှိခြင်းကြောင့် တနင်္သာတိုင်းသည် စစ်ဘေးနှင့်ပတ်သက်ပြီး ပိုမိုအတွေ့အကြုံရှိခြင်းကြောင့် လူထုလှုပ်ရှားမှုကို ပထမဆုံး ပြုလုပ်ရခြင်းဖြစ်ကြောင်း ဦးဂျင်မီက ရှင်းပြပြောဆိုသည်။

အဆိုပါလူထုလှုပ်ရှားမှုရက်သတ္တတစ်ပတ်တွင် ငြိမ်းချမ်းရေးကာတွန်းပန်းချီရေးဆွဲခြင်းများ၊ ငြိမ်းချမ်းရေးတေးသီချင်းများသီဆိုခြင်းများ၊ ငြိမ်းချမ်းရေး ဟောပြောပွဲများ၊ ငြိမ်းချမ်းရေးဖယောင်းတိုင်ထွန်း၍ ဆုတောင်းခြင်းများ၊ ပြည်သူက ပါဝင်နိုင်မည့် ငြိမ်းချမ်းရေးရင်ဖွင့်သံအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ၈၈ ငြိမ်းပွင့်အဖွဲ့ထံမှ သိရသည်။

ယင်းလူထုငြိမ်းချမ်းရေးရက်သတ္တတစ်ပတ်လှုပ်ရှားမှုများကိုတခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပရန် အစီအစဉ်ရှိကြောင်း ၈၈ ငြိမ်းပွင့်ထံမှ သိရသည်။ ■ J-09

မြိတ်ဒေသထွက် ကဏန်းပုန်း ယခင်နှစ်ထက် ဈေးအနည်းငယ်တက်

မြိတ်၊ နိုဝင်ဘာ ၂၈

မြိတ်ဒေသ ရေထွက်ကုန်တစ်မျိုးဖြစ်သည့်ကဏန်းပုန်း(ဒေသအခေါ် ကဏန်းချေးပုန်း)ဈေးနှုန်းမှာ ယခင်နှစ်ထက် ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း ကဏန်းပုန်းအရောင်းဝယ်ဒိုင် အသိုင်းအဝိုင်းမှ သိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက A ဆိုဒ် တစ်ကီလိုလျှင် ကျပ် ၁၇၀၀၊ B ဆိုဒ် တစ်ကီလိုလျှင် ကျပ် ၇၀၀ အထိ ရှိခဲ့ပြီး ယခုနှစ်ကာလတူတွင် A ဆိုဒ် တစ်ကီလိုလျှင် ကျပ် ၁၇၀၀ ကျပ်၊ B ဆိုဒ် တစ်ကီလိုလျှင် ကျပ် ၁၁၀၀ ကျပ်အထိ ရရှိနေကြောင်း မြို့သစ်ရပ်ကွက်ရှိ ကဏန်းပုန်း အဝယ်ဒိုင် တာဝန်ခံ ဦးသန်းထွန်းက ပြောပြသည်။

ကဏန်းပုန်း A ဆိုဒ် ဈေးနှုန်းမှာ ဈေးနှုန်းတူညီနေပြီး B ဆိုဒ် တစ်ကီလိုလျှင် ကျပ် ၄၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလအတွင်းက A ဆိုဒ် တစ်ကီလိုဈေးနှုန်း ကျပ် ၂၁၀၀ နှင့် B ဆိုဒ် တစ်ကီလိုဈေးနှုန်း ကျပ် ၁၄၀၀ အထိ ဈေးအများဆုံး ရရှိခဲ့ဖူးကြောင်း ကဏန်းပုန်း ဖမ်းသူတချို့နှင့် ဈေးကွက်အတွင်းမှ သိရသည်။

ဒေသထွက် ကဏန်းပုန်းများကိုပြီးခဲ့သည့် နှစ် ၂၀ ခန့်မှ စတင်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့ ရောင်းချလျက်ရှိကာ ထိုင်းအခေါ် ဆွန်တန်(သင်္ဘောသီးထောင်း)များတွင် ထည့်သွင်း အသုံးပြု စားသောက်ကြသည်။

"ကျွန်းတွေဘက်ဆို စက်တပ်လှေနဲ့နှစ်နာရီလောက်သွားရတယ်၊ ပုလောဘက်ကိုတော့ ဆိုင်ကယ်တွေနဲ့ သွားတယ်၊ တစ်ညလုံး ဖမ်းရင် ကီလိုချိန် ၁၀ ကနေ ၃၀ ကီလိုအထိတော့ နေ့တိုင်းရတယ်"ဟု နှစ် ၂၀ နီးပါး ကဏန်းဖမ်း သက်တမ်းရှိသူ ဦးသန်းလွင်က ပြောသည်။

အဆိုပါ ကဏန်းများသည် မြိတ်ကျွန်းစုများရှိ ဒီရေရောက်သစ်တောများတွင် ကျက်စားနေထိုင်လေ့ရှိကြပြီး ကဏန်းဖမ်းသမားများ အနေနှင့် ညအချိန် မီးအလင်းရောင်(ဓာတ်ပြောင်း)များ အသုံးပြုကာ ဖမ်းဆီးလေ့ရှိကြကြောင်း ယင်းလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။ ■

Dawei Watch

ရန်ကုန်တက္ကသိုလ်ရှိ စားသောက်ဆိုင် ၂၇ ဆိုင်ကို FDA ရှောင်တခင်စစ်၊ မုန့်ဟင်းခါးဖတ်တွင် ဖော်မလင်တွေ့ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ရန်ကုန်တက္ကသိုလ်အတွင်းရှိ စားသောက်ဆိုင်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပြီး စားသောက်ဆိုင်တစ်ဆိုင်တွင် ရောင်းချလျက်ရှိသည့် မုန့်ဟင်းခါးဖတ်တွင် ဖော်မလင်ပါဝင်နေသည်ကို တွေ့ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး FDA ရုံး၏ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်က ပြောကြားသည်။

"စစ်ဆေးပြီးတဲ့အခါမှာ ကောင်းတာတွေလည်းရှိသလို မကောင်းတာကတော့ မုန့်ဟင်းခါးဖတ်မှာ ဖော်မလင် မလွတ်တာတွေ့ခဲ့တယ်။ အရေးယူမှုက လောလောဆယ်တွေ့တဲ့ဆိုင်ကိုပညာပေးခဲ့ပြီ။ အဲ့ဒီဆိုင်က သူများဆီက ဝယ်ထားတာဖြစ်တဲ့အတွက် Source ကိုလိုက်စုံစမ်းသွားမယ်" ဟု ၎င်းကရှင်းပြသည်။

ရန်ကုန်တက္ကသိုလ်အတွင်းရှိ စားသောက်ဆိုင် ၂၇ ဆိုင်တွင် အသုံးပြုလျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများဖြစ်သော ငရုတ်သီးမှုန့်၊ ငါးပိ၊ လက်ဖက်၊ မုန့်ဖတ်၊ ခေါက်ဆွဲဖတ် စသည့်ပစ္စည်းများနှင့် အခြားကုန်ကြမ်းများအပြင်ယင်းစားသောက်ဆိုင်များ၏ မီးဖိုဆောင်များ သန့်ရှင်းမှု ရှိ၊ မရှိ စသည်များကိုပါ စစ်ဆေးကာ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း FDA ထံမှ သိရသည်။

"ဆိုင်တွေမှာအသုံးပြုနေတဲ့ကုန်ကြမ်းတွေကို အဓိကထားပြီး စစ်ဆေးတာပါ။ ထောက်ခံချက်မရထားဘဲ ဈေးကနေ ဝယ်သုံးနေတာတွေမှာ ဆိုးဆေးသုံးလား၊ ဖော်မလင်သုံးလား စသဖြင့် စစ်ခဲ့တာပါ" ဟု ဒေါက်တာမင်းဝန်က ဆိုသည်။

ထို့ပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနှင့် တိုင်းနှင့်ပြည်နယ်အသီးသီး တက္ကသိုလ်များရှိ စားသောက်ဆိုင်များကိုလည်း ဆက်လက်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်သည့်အပြင် အမြန်လမ်းတစ်လျှောက်ရှိ စားသောက်ဆိုင်များကိုပါ ဆက်တိုက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ- ရဲပြည့်စာနည်

FDA အနေနှင့် ယခုနှစ် ဇွန်လနှင့်ဇူလိုင်လမှစတင်ကာ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို အရှိန်အဟုန်မြှင့်တင် စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိပြီး သတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးသူများကိုအရေးယူမှုများပြုလုပ်လျက်ရှိကြောင်း ယင်းဌာန၏မှတ်တမ်းများအရသိရသည်။

■ J-12

၂၀၁၇နှစ်ကုန်အထိ ခွင့်ပြုမိန့်မယူသည့် ဆက်သွယ်ရေး ကွန်ရက်ချိတ်ဆက်မှုလုပ်ငန်းများကို အရေးယူမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

၂၀၁၇ နှစ်ကုန်အထိ တရားဝင်ခွင့်ပြုမိန့်မယူဘဲ ဆောင်ရွက်နေသည့် Wifi ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်မှု လုပ်ငန်းများကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ မှစတင်ကာ တည်ဆဲဥပဒေ၊နည်းဥပဒေ များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း Wifi ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်မှုလုပ်ငန်းများကို တရားဝင်ခွင့်ပြုချက်ရယူထားသော အဖွဲ့အစည်းများအပြင် အခြားကုမ္ပဏီများကလည်း တရားဝင်ခွင့်ပြုချက် ရယူထားခြင်း မရှိဘဲ ဆောင်ရွက်နေကြကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

တရားဝင်ခွင့်ပြုမိန့် ရယူထားခြင်း မရှိသော ကုမ္ပဏီများအနေနှင့် သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်း မရှိပါက ၎င်းတို့တပ်ဆင်ထားသည့် Fiber Optic Cable များ၊ ဆက်သွယ်ရေးတိုင်များနှင့် ဆက်စပ်ဆက်သွယ်ရေး ကိရိယာများ၊ Wifi ချိတ်ဆက်မှုကိရိယာများကို ကော်မတီက ဖြုတ်သိမ်းသွားမည့်အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တရားဝင်ခွင့်ပြုချက်ရယူထားသော အဖွဲ့အစည်းများအနေနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT နှင့် Eager Communication Group နှစ်ခုသာရှိနေပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနယ်နိမိတ်အတွင်းတွင် တရားဝင်ခွင့်ပြုချက် ရယူထားခြင်း မရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသော အခြားကုမ္ပဏီများအနေနှင့် Wifi ကွန်ရက်ချိတ်ဆက်မှုများနှင့် ပတ်သက်သည့် တရားဝင်ခွင့်ပြုမိန့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားကြရန် ကြေညာထားသည်။

"အစ်ကိုတို့ Telenor ဆက်သွယ်ရေးကုမ္ပဏီက နိုင်ငံတော်က လိုင်စင်ရရှိထားပြီးသား ကုမ္ပဏီတွေပါ။ ဒီမြန်မာနိုင်ငံမှာ လုပ်ဆောင်နေတဲ့ ကိစ္စမှန်သမျှကို သက်ဆိုင်ရာ ဒေသအသီးသီးကဌာနတွေကိုခွင့်ပြုချက်ရယူပြီး လုပ်ဆောင်နေပါတယ်။ ယခုလက်ရှိ ဥပဒေပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်နေပါတယ်။ လိုအပ်သလို သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု Telenor ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး ကဆိုသည်။

ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဆက်သွယ်ရေးဥပဒေ အခန်း (၁၃)၊ ပုဒ်မ (၄၁)အရ သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင် (သို့မဟုတ်) ယင်းမြေနှင့် အဆောက်အအုံ Right of Way ကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် ဆောင်ရွက်နိုင်မည်ဟု ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားသည်။

ယခုလက်ရှိတွင် ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရကုမ္ပဏီအချို့အနေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း Fiber Optic Cable နှင့်ဆက်စပ်ဆက်သွယ်ရေး ကိရိယာများ၊ Wifi ချိတ်ဆက်မှု ကိရိယာများ တပ်ဆင်ချိတ်ဆွဲခြင်းနှင့် ဆက်သွယ်ရေးတိုင်များ စိုက်ထူခြင်းတို့ကို တရားဝင်ခွင့်ပြုချက် ရယူခြင်း မရှိဘဲ ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု နိုဝင်ဘာ ၂၈ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။ ■

J-10

The VOICE Daily

CARTOON

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ နေပြည်တော် လယ်ဝေးမြို့နယ် ပန်းညိုကျေးရွာမှာ တူးဖော်မယ့် ရေတွင်းအလှူမှာ ပါဝင်နိုင်ဖို့ပါ။ အဲဒီကျေးရွာလေးမှာ ပေ ၁၀၀ နက်တဲ့ ရေတွင်းသုံးတွင်းပဲရှိပြီး ငွေကြေးမတတ်နိုင်လို့ ပေ ၁၀၀ အနက်ပဲ တူးရတယ်လို့ သိရပါတယ်။ ပေ ၄၀၀ လောက်အထိ ဆက်တူးမယ်ဆိုရင် ရေသန့်ရနိုင်တယ်လို့ ဆိုထားပြီး မေတ္တာစွမ်းအားအဖွဲ့ တစ်ကိုယ်တော်ပရဟိတသမားများကွန်ရက်နဲ့ အမေ့အိမ်ပရဟိတကွန်ရက်တို့ ပူးပေါင်းပြီး ရေတွင်း ရေကန်တူးဖော်မှာဖြစ်ပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းချင်တယ်ဆိုရင် ၀၉ ၂၅၆၁၀၄၅၆၆ ၊ ၀၉ ၄၄၃၀၆၅၃၅၇ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■

ဈေးဝယ်လမ်းညွှန်

ဆံပင်စေးကပ်တာတွေကို အမြန်ဆုံး ပျောက်ကင်းစေမယ့် Dry Shampoo

ရာသီဥတုအေးလို့ ခေါင်းလျှော်ဖို့ အဆင်မပြေတာမျိုး၊ ကျန်းမာရေးအရ ရေချိုးခေါင်းလျှော်ဖို့ အခက်အခဲဖြစ်နေရသူတွေအတွက် အသုံးဝင်မယ့် Dry Shampoo ကို ညွှန်ပေးချင်ပါတယ်။ USA ထုတ်ဖြစ်ပြီး ရေနဲ့ခေါင်းလျှော်ဖို့ခက်ခဲတဲ့ အခါမျိုးမှာ အလွယ်တကူ အသုံးပြုနိုင်မှာပါ။ သဘာဝပစ္စည်းတွေကို အဓိကထားထုတ်ထားလို့ Sensitive ဦးရေပိုင်ရှင်တွေပါ အသုံးပြုလို့ရနိုင်မှာဖြစ်ပြီး ဆံပင်စေးကပ်တာတွေကို တစ်ခဏချင်းပျောက်ကင်းစေမှာပါ။ ၁၈၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် Sofia Fashion Cosmetic ဖုန်း ၀၉ ၄၃၀၄၉၃၉၅ ကို ဆက်သွယ်ပြီး မှာယူနိုင်ပါတယ်။ ■

ယခု ရက်ပိုင်းမှာ ထူးခြားတဲ့သတင်းတစ်ခုအဖြစ် ရခိုင်မြောက်ပိုင်းကိစ္စများနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရဘက်မှ ရခိုင်မြောက်ပိုင်းဒေသ က ပဋိပက္ခဖြစ်စဉ်များတွင် ၎င်းတို့ရရှိထားတဲ့သတင်းအချက်အလက်များအရ Ethnic Cleansing လို့ခေါ်တဲ့ ရိုဟင်ဂျာမွတ်ဆလင်များအပေါ် လူမျိုးစုအလိုက် ရှင်းလင်းဖယ်ရှားမှုများ ကျူးလွန်ခဲ့တယ်ဆိုတဲ့တရားဝင် သတ်မှတ်တဲ့ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့တဲ့ကိစ္စကို ကြားသိခဲ့ကြပြီးဖြစ်မှာပါ။ ဒါတွေနဲ့တစ်ဆက်တည်းကျစွာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ အထွေထွေညီလာခံ တတိယကော်မတီတို့မှာလည်း ထိုကိစ္စအပေါ် အဆိုမူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့ပြီး အနောက်နိုင်ငံများဖြစ်သည့် EU အဖွဲ့ဝင် ၂၈ နိုင်ငံ၊ အိုအိုင်စီအဖွဲ့ဝင် ၅၇ နိုင်ငံနှင့် အခြားအဖွဲ့ဝင်နိုင်ငံများအကြား မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံသည့်နိုင်ငံ ၁၃၅ နိုင်ငံ၊ ကန့်ကွက် နိုင်ငံ ၁၀ နိုင်ငံနှင့် ကြားနေနိုင်ငံ ၃၅ နိုင်ငံတို့ရှိခဲ့တာကို ကြားသိခဲ့ရပါတယ်။ ဒ့ါအပြင် R2P (Responsibility to Protect) ကျင့်သုံးရမည့်စာရင်း တွင် ဦးစားပေးနိုင်ငံအဆင့် အနီရောင်ကို သတ်မှတ်ထားတာမို့ အန္တရာယ်အလွန်ကြီးနေကြောင်း ကြားနေရပြီး ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေနဲ့ R2P ကျင့်သုံးဖို့ကို အမေရိကန်နှင့် OIC နိုင်ငံများ၊ EU နိုင်ငံများက တွန်းပို့နေတဲ့အပြင် ဘင်္ဂလားဒေ့ရှ်ကိုရောက်ရှိနေတဲ့ ဒုက္ခသည် ၅ သိန်းကျော်အတွက်လည်း အမြန်ပြန်လက်ခံဖို့ တိုက်တွန်းနေခဲ့တာကို ကြားကြရမှာပါ။

မကြုံစဖူး ထူးကဲတဲ့ အနောက်အုပ်စုဖိအား အလွန်များ

အမှန်ဆိုရင် ယခုဖြစ်ပေါ်နေတဲ့ နိုင်ငံတကာဖိအားပေးမှုလိုမျိုးကို ယခင် သမိုင်းအဆက်ဆက်မှာ တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူးပါဘူး။ ယခုအကြိမ်ဟာ အလွန်ကြီးမားပြင်းထန်တယ်လို့ ပြောရမှာဖြစ်သလို ယခင်က နိုင်ငံတကာကပေးခဲ့ကြတဲ့ ဖိအားတွေဆိုတာက ၁၉၈၈ ခုနှစ် တပ်မတော်မှ အာဏာသိမ်းမှုအတွက် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေး၊ နောက် ၁၉၉၂ ခုနှစ်မှာပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးတို့သာ ရှိခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုနဲ့ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှုခံရမှုတို့သာ ရှိခဲ့တာပါ။ ယခုအခြေအနေကတော့ ယမန်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဦးသောင်းထွန်း ရှင်းလင်းသွားခဲ့သလို ယခုအကြိမ်ဖိအားပေးမှုက အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ နယ်မြေတည်တံ့မှုကိုပါ ထိပါးလာနိုင်တဲ့ အလွန်အန္တရာယ်ကြီးတဲ့ကိစ္စ ဖြစ်နေပါတယ်။

R2P အတွက် ကြိုတင်ပြင်ဆင်ဇာတ်တိုက်လာနေသလား

ဒါပေမဲ့လည်း စိုးရိမ်ဖွယ်ရာကောင်းတဲ့ နောက်ဆုံးအခြေအနေအဖြေတစ်ခုမဟုတ်သေးဘူးလို့လည်း ပြည်ထောင်စုဝန်ကြီးက ဆက်ပြောသွားခဲ့ပါသေးတယ်။ ဒါကတော့ ဒီကိစ္စဟာ ပြီးခဲ့တဲ့နိုဝင်ဘာ ၁၆ ရက်နေ့က အဆိုတင်ခဲ့ကြစဉ်တုန်းက နောင်ရက်ပေါင်း ၃၀ ကြာရင် ပြန်သုံးသပ်မယ်လို့ဆိုထားသလို သူတို့အနေနဲ့ R2P ကျင့်သုံးဖို့ဆုံးဖြတ်ကြတော့မယ်ဆိုရင်လည်း အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်တဲ့ လုံခြုံရေးကောင်စီရဲ့အဆုံးအဖြတ်ကိုလည်း ရယူကြရဦးမယ်လို့ ဆိုပါတယ်။ အဲ့လိုရယူတဲ့အခါ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံထဲက တစ်နိုင်ငံက ကန့်ကွက်မယ်၊ ဗီဒိုအာဏာသုံးပြီး ပယ်ချမယ်ဆိုရင်လည်း အဆိုပါ R2P ကျင့်သုံးမှုကိစ္စဟာ ဖြစ်မလာနိုင်ဘူးလို့ဆိုထားသလို မြန်မာအစိုးရနဲ့ အနီးစပ်ဆုံးမိတ်ဆွေနှစ်နိုင်ငံဖြစ်တဲ့ ရုရှားနဲ့ တရုတ်တို့အနေနဲ့လည်း သူတို့ရဲ့ကိုယ်ကျိုးစီးပွားအတွက် အမြဲတမ်းပဲ မြန်မာအစိုးရဘက်က အကြိမ်ကြိမ်ပယ်ချလိုက်နိုင်ပ့ါမလားဆိုတာကိုလည်း စိုးရိမ်မကင်းဖြစ်ရတယ်လို့လည်း သူက ပြောထားခဲ့ပါသေးတယ်။

အနောက်နိုင်ငံအုပ်စုများအနေနဲ့ကတော့ သူတို့ကျင့်သုံးချင်နေတဲ့ R2P အတွက် ကနဦးရှေ့ပြေးအတည်ပြုချက်အနေနဲ့ မြန်မာအစိုးရအနေနဲ့ Ethinic Cleansing လုပ်တယ်ဆိုတဲ့အချက်ကို စတင်ရုပ်လုံးဖော်လာပြီး သူတို့လိုချင်တဲ့ဘက်ကို တဖြည်းဖြည်းသွားနေတာကိုလည်း မြင်ကြရမယ်ထင်ပါတယ်။ International Humanitarian Law ထဲမှာပါတဲ့ Responsibility to Protect–R2P ကို ရုပ်လုံးဖော်ဖို့ ပထမအဆင့်အနေနဲ့ Ethinic Cleansing ဆိုသည့်အချက်ကို စတင်လာခဲ့တာပဲဖြစ်ပါတယ်။ ဒီနောက်မှာတော့ R2P ပြုလုပ်နိုင်တဲ့ နောက်အချက်တွေဖြစ်တဲ့ Genocide ၊ War Crime နဲ့ Crime Against Society ဆိုတဲ့ အချက်သုံးချက်ဘက်ကို တဖြည်းဖြည်းလှည့်ယူရင်း ဆောင်ရွက်လာကြတာကိုလည်း ထင်ထင်ရှားရှား မြင်တွေ့လာရပါတယ်။

အပြောထက်အလုပ်နဲ့သက်သေပြမှာ အစိုးရရဲ့တန်ပြန်ဗျူဟာလား

ဒီအပေါ် အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ အနောက်နိုင်ငံတွေရဲ့တိုးပွားလာနေတဲ့ဖိအားကို တန်ပြန်ပြောဆို ရှင်းလင်းနေတာထက် မိမိတို့က အလုပ်နဲ့သက်သေပြရမယ်လို့ ဆိုထားခဲ့သလို ယခုကိစ္စဟာ နိုင်ငံတကာ

အရေးဆိုတာထက် မိမိတို့အိမ်နီးချင်း နှစ်နိုင်ငံရဲ့အရေးဖြစ်တာမို့ နှစ်နိုင်ငံညှိနှိုင်းပြီး အဆင်ပြေအောင် ပြန်လည်လက်ခံရေးကိစ္စနဲ့ နေရာချထားရေးကိစ္စတွေအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေလုပ်ပြပြီး အပြောထက် အလုပ်နဲ့ သက်သေပြမယ်လို့ပြောခဲ့ပါတယ်။

ဒီလိုအနောက်အုပ်စုရဲ့ဖိအားဟာ ကြီးသထက်ကြီးလာနေတဲ့အချိန်မှာပဲ မြန်မာအစိုးရရဲ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံရဲ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူခဲ့ပါတယ်။ ဒါဟာ တိုက်ဆိုင်တာလား၊ နိုင်ငံရေးအရ တန်ပြန်ဗျူဟာခင်းကျင်းမှုတွေလား ဆိုတာတော့ အတော်စိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ ဒါနဲ့ဆက်စပ်လို့ ယခုရက်ပိုင်းထွက်ပေါ်လာတဲ့သတင်းတွေအထဲမှာလည်း မကြာမီကာလမှာ နိုင်ငံတော် ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း တရုတ်နိုင်ငံကိုသွားဦးမယ်ဆိုတဲ့သတင်းတွေကြားမိကြဦးမှာပါပဲ။

MoU ထိုးပြီးနောက် ဒုက္ခသည်အရေးအတွက် ပိုတိုးလာသလား

လက်ရှိအနေနဲ့ကတော့ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခိုလှုံသွားတဲ့ ဒုက္ခသည်အရေအတွက်ဟာ ၅ သိန်းနဲ့ ၆ သိန်းကြားမှာရှိနေပြီး နှစ်နိုင်ငံအကြား လွန်ခဲ့တဲ့ရက်က MoU အသစ်တစ်ခုကို ထပ်မံညှိနှိုင်းရေးထိုးခဲ့ကြပါသေးတယ်။ ဒီ MoU မှာတော့ ၁၉၉၃ ခုနှစ်ကလုပ်ခဲ့တဲ့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို အခြေခံပြီးတော့ သဘောတူခဲ့ကြတာလည်းဖြစ်ပါတယ်။ ယခုရက်ပိုင်းထွက်ပေါ်လာတဲ့သတင်းတွေအရဆိုရင် ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ခွာနေတဲ့သူတွေဟာ ယခုထိရှိနေဆဲပဲလို့ ဆိုနေကြသလို လက်ရှိမှာ ၆သိန်း ၂သောင်း၄ထောင်လောက်တောင် ရှိနေပြီလို့ဆိုပါတယ်။ ဒီအရေအတွက်ဟာ ယခင်ပဋိပက္ခမဖြစ်ပွားမီ ကြိုတင်ရောက်ရှိနေတဲ့ နှစ်သိန်း မပါသေးဘူးလို့လည်း အသံတွေကြားနေရပါပြီ။ ဒီကိန်းဂဏန်းတွေဟာ နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်းမှာ ပေါ်ထွက်လာနေတဲ့အရေအတွက်တွေပဲ ဖြစ်ပါတယ်။

အစိုးရရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆင့်ချင်းပိုမိုမြင့်လာ

လက်ရှိအခြေအနေမှာတော့ မြန်မာအစိုးရအနေနဲ့ အနောက်အုပ်စုဘက်က ဘယ်လိုပဲ ဖိအားပေးနေနေ ကိုယ့်အခြေအနေ ကိုယ့်မူကိုယ့်ဟန်နဲ့သာ မှန်မှန်ကန်ကန်နဲ့ ရှေ့ဆက်မယ်လို တွေးထားပုံပေါ်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုလုပ်ဆောင်မှုတွေကပဲ တစ်ဖက်က အနောက်အုပ်စုအပေါ် တန်ပြန်တုံ့ပြန်တဲ့ သံခင်းတမန်ခင်းဆိုင်ရာ မဟာဗျူဟာတစ်ခုလည်းဖြစ်ပုံရပါတယ်။ ထိုအချိန်ကာလများနဲ့ တိုက်ဆိုင်စွာမှာပဲ ပုပ်ရဟန်းမင်းကြီးဖရန်စစ်အနေနဲ့ မြန်မာနိုင်ငံကို ဒီရက်ပိုင်းမှာရောက်ရှိလာပြီး နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံခဲ့တဲ့နေရာမှာတော့ ဘာသာမခွဲခြားဘဲ ငြိမ်းချမ်းစွာ

International Humanitarian Law ထဲမှာပါတဲ့ Responsibility to Protect – R2P ကို ရုပ်လုံးဖော်ဖို့ ပထမအဆင့်အနေနဲ့ Ethinic Cleansing ဆိုသည့် အချက်ကို စတင်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒီနောက်မှာတော့ R2P ပြုလုပ်နိုင်တဲ့ နောက်အချက်တွေဖြစ်တဲ့ Genocide၊ War Crime နဲ့ Crime Against Society ဆိုတဲ့ အချက်သုံးချက်ဘက်ကို တဖြည်းဖြည်းလှည့်ယူရင်း ဆောင်ရွက်လာကြတာကိုလည်း ထင်ထင်ရှားရှား မြင်တွေ့လာရပါတယ်။

အတူလက်တွဲနေထိုင်ဖို့တွေ၊ မေတ္တာတရားတွေဖြန့်ကြက်ပြီး ငြိမ်းချမ်းနေစေဖို့တွေ ဆွေးနွေးပြောဆိုခဲ့ကြပါတယ်။

အစိုးရအနေနဲ့ကတော့ အနောက်အုပ်စုက ဘယ်လိုပင် ဖိအားပေးပေး သူ့ရဲ့နိုင်ငံရေးလုပ်ငန်းစဉ်တွေအထဲက တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုတော့ ယခုရက်ပိုင်းမှာ အင်တိုက်အားတိုက်နဲ့ ဆက်လက်ဖော်ဆောင်နေတာကိုလည်း မြင်နေရပါတယ်။ (၆) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နိုဝင်ဘာလ ၂၇ ရက်နေ့က နေပြည်တော်မှာရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှာကျင်းပခဲ့တာကိုလည်း ကြားကြရမယ်ထင်ပါတယ်။ ဒီအစည်းအဝေးပြုလုပ်ရတဲ့အကြောင်းအနေနဲ့ကတော့ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးဖို့ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို စစ်ရေးနည်းနဲ့ မဖြေရှင်းဘဲ နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေကြတာကိုလည်း မြင်နိုင်မှာဖြစ်ပါတယ်။

သတိနဲ့ဆင်ခြင် ပူးပေါင်းတွန်းလှန်ဖယ်ရှား အနောက်ဖိအား

ယခုရက်ပိုင်းထွက်ပေါ်လာတဲ့ ဒီလိုထူးခြားတဲ့သတင်းတွေအထဲမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် အောက်စဖို့ဒ်မြို့အာဏာပိုင်တွေက အပ်နှင်းထားတဲ့ The Freedom of the City of Oxford ဆုကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်တာကိုလည်း ကြားခဲ့ရပြန်ပါတယ်။

သို့အတွက် နိဂုံးချုပ်အနေနဲ့ ခြုံငုံသုံးသပ်ကြည့်လိုက်ရင် ယခုသီတင်းပတ်အတွင်းမှာ ပေါ်ပေါက်လာတဲ့ မကြုံစဖူးတဲ့ပြင်းထန်လာနေတဲ့ အနောက်နိုင်ငံတွေရဲ့ R2P အကောင်အထည်ဖော်ရေးဖိအားတွေကို ကျွန်တော်တို့ပြည်သူအများစုက အသေအချာလေ့လာသိရှိထားကြပြီး ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့မှုကို ထိပါးစော်ကားလာမယ့်မည်သည့်ကိစ္စကိုမဆို အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအားလုံးပူးပေါင်းပြီး ညီညီညာညာ တွန်းလှန်ကာကွယ်သွားကြရမှာ အမှန်ပင်ဖြစ်တဲ့အကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။

■ အောင်ဇေယျ

ယမန်နေ့ကအဆက်

၄။ ရှေ့ဆက်သွားမည့် မြန်မာအပေါ်ထားသည့် တရုတ်၏ပေါ်လစီ သိမ်မွေ့ညင်သာစေရေးအပေါ် ထောက်ခံချက်များ

အထက်ဖော်ပြပါ အချက်အလက်များအရ ပီကင်းအနေနှင့် နေပြည်တော်၏ နိုင်ငံရေးအပြောင်းအလဲမှထွက်ပေါ်လာသော စိန်ခေါ်မှုများနှင့် ပိုမိုအသားကျလာပြီဖြစ်ကြောင်း ထင်ရှားလာသည်။ ထိုထက်ပို၍ဆိုရလျှင် တရုတ်ပြည်အား သူ့အိမ်နီးချင်းနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးမှ၊ လွတ်လွတ်ကျွတ်ကျွတ် ဖယ်ခွာသွားရန်မမျှော်လင့်နိုင်ပေ။ အကြောင်းမှာ မြန်မာ၏ သဘာဝသယံဇာတစျေးကွက်အတွင်း ရောက်ရှိနေပြီးသော သူ့အနေအထားအပြင် အရပ်သားအသွင်ပြောင်း စစ်အုပ်ချုပ်ရေးသမားများနှင့် ပီကင်း၏ နီးကပ်သောနိုင်ငံရေးပတ်သက်မှုများကြောင့် ဖြစ်သည်။ ထိုသို့ ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ခြင်းကြောင့် ပီကင်းက နောင်ဖြစ်လာနိုင်ဖွယ်ရှိသည့် မြန်မာ့အနာဂတ်ခေါင်းဆောင်မှုနှင့် ချိတ်ဆက်ထားနိုင်မှုကို သိသိသာသာပြသလိုက်ခြင်းဖြင့် တရုတ်၏ပေါ်လစီ ထင်ထင်ရှားရှား ပြောင်းလဲသွားပြီ ဆိုသည့်တိုင်အောင် ကြီးမားသည့်အနှောင့်အယှက်ဖြစ်မည် မဟုတ်ချေ။ တဖြည်းဖြည်း နားလည်မှုရှိလာနေသည့်ကာလအတောအတွင်း မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အပေါ် အကဲဖြတ်ချက်ကို ပြန်လည်သုံးသပ်ခြင်းဖြင့် နေပြည်တော်နှင့် အပြန်အလှန်ဆက်ဆံရေးအတွင်း အရေးကြီးသော်လည်း ဖုံးကွယ်နေသောပြဿနာများကိုဖော်ပြရန် ပီကင်းက စိတ်ဝင်စားပေလိမ့်မည်။

တစ်ပြိုင်တည်းမှာပင် တရုတ်အနေနှင့် မြန်မာနှင့်ဆက်ဆံရေးကို အလုံးစုံပြန်လည်ချိန်ညှိခြင်းမှ အကျိုးကျေးဇူးရရှိနိုင်သည်။ တစ်ဖက်တွင် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ ဇာတ်ကောင်များ၏ လိုအင်ဆန္ဒများကို ထည့်သွင်းစဉ်းစားသောအားဖြင့် သူ့ပေါ်လစီကို တရုတ်က ပြန်လည်စဉ်းစားသင့်သည်။ သို့မှသာ ပါဝင်သူအများစုမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမှ အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် တရုတ်အနေနှင့် သမိုင်းဆိုင်ရာ မကျေလည်မှုများနှင့် မျက်မှောက်ကာလအဆိုးမြင်မှုများကို ဂရုတစိုက် တုံ့ပြန်ရန်လိုအပ်သည်။ ပြန်လည်ချိန်ညှိခြင်း စဉ်းစားချက်နှင့် လက်တွေ့ဆောင်ရွက်ချက်တို့မှာ တရုတ်-မြန်မာဆက်ဆံရေးအကြား တင်းမာမှုများ လျော့ပါးစေရေးဖြစ်သလို အပြန်အလှန် ဆက်ဆံရေးတည်ငြိမ်မှုကို တွန်းအားဖြစ်စေရေးအတွက်လည်း အခြေခံလိုအပ်ချက်ဖြစ်လိမ့်မည်။ တစ်ချိန်တည်းမှာပင် နေပြည်တော်၏ အချက်အချာဒေသဆိုင်ရာ အကျိုးစီးပွားအတွက် သူ့အမြင်ကို ပိုမိုရှင်းလင်းစွာပြောဆိုနိုင်သော ပိုမိုခိုင်မာအားကောင်းသည့် အနေအထားတစ်ရပ်ရရှိရန် ပီကင်းက မျှော်လင့်နိုင်သဖြင့် ဤကိစ္စက အရှေ့တောင်အာရှ ကုန်းမြေမပေါ်ရှိ တရုတ်ပြည်၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးရာလည်းရောက်ပေလိမ့်မည်။ ပီကင်း၏ အမြင်အရ ဤကိစ္စ၏အရေးပါမှုမှာ ဝါရှင်တန်က သည်ဒေသအတွင်း ပြန်လည်ချိန်ညှိမှုမှ ထွက်ပေါ်လာသော ပထဝီနိုင်ငံရေး မရေရာမှုများမှ

ထွက်ပေါ်လာသည့် ရလဒ်တစ်ခုသာဖြစ်သည်။ ဤသို့ဖြစ်သဖြင့် ပီကင်းအနေနှင့် သူ၏ မြန်မာပြည်ဆိုင်ရာပေါ်လစီနှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် သက်ဆိုင်ရာပြည်နယ်အာဏာပိုင်များ၊ အဆင့်ဆင့်သော တရုတ်ကွန်မြူနစ်ပါတီနှင့် ဝန်ကြီးဌာနများ၊ တရုတ်အင်တာပရိုက်များ (နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်များ)က ခန့်မှန်းထားသည့် အကျိုးကျေးဇူးများ ရရှိနိုင်ရန်အတွက် ထိန်းညှိရန် လိုပေလိမ့်မည်။ သိသာထင်ရှားစွာပင် ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်အဖြေရှာမှုနှင့် တက်ညီလက်ညီ ပေါ်လစီ အကောင်အထည်ဖော်မှုက နှစ်နိုင်ငံလုံး၏ အမျိုးသားအကျိုးစီးပွားများ အတွင်း အပြန်အလှန်ဆက်စပ်မှုနှင့် (ပို၍အရေးကြီးသည်မှာ) အိမ်ရှင် မြန်မာနိုင်ငံ၏ ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များအတွက် အချက်အလက်လည်း ဖြစ်လာပေလိမ့်မည်။

> **ယခုအချိန်အထိ အနည်းဆုံးအားဖြင့် လူသိရှင်ကြား မြန်မာ့ပြုပြင်ပြောင်းလဲရေးအပေါ် သည်းခံ စိတ်ရှည်သောသဘောထားတစ်ရပ်ကို ပြသနိုင်ခြင်းအတွက် ပီကင်းကို အသိအမှတ်ပြုရပေမည်။ ထိုသို့အပြုသဘောဆောင်သော သဘောထားအမြင်ကို ကိုင်စွဲထားသည့်အတွက် မြန်မာလူထုနှင့် အထက်လွှာများမှ မိတ်ဆွေများ ရရှိနိုင်ပေသည်။**

(၁) တရုတ်ပြည်အနေနှင့် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်အပေါ် လက်ရှိစဉ်းစားတွေးခေါ်မှုကို ပြန်လည်ချိန်ညှိသင့်

ပထမအားဖြင့် နေပြည်တော်၏ ဆက်ဆံရေး ထိန်းညှိရန်ကြိုးပမ်းမှုများသည် ဒေသဆိုင်ရာလိုအပ်ချက်များအရဖြစ်ကြောင်း အသိအမှတ်ပြုပြီး ၎င်းတို့၏အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးတွင် အကန့်အသတ်များရှိလာသော်လည်း သဘောထားကြီးကြီးထားပြီး နားလည်စွာဆက်ဆံသင့်သည်။ ဤကိစ္စမှာ အမေရိကန်-မြန်မာ ဆက်ဆံရေးနွေးထွေးလာသည့် လက်ရှိဖြစ်စဉ်ကြောင့် အထူးအရေးကြီးသည်။ ယခုအချိန်အထိ အနည်းဆုံးအားဖြင့် လူသိရှင်ကြား မြန်မာ့ပြုပြင်ပြောင်းလဲရေးအပေါ် သည်းခံစိတ်ရှည်သောသဘောထားတစ်ရပ်ကို ပြသနိုင်ခြင်းအတွက် ပီကင်းကို အသိအမှတ်ပြုရပေမည်။ ထိုသို့အပြုသဘောဆောင်သော သဘောထားအမြင်ကို ကိုင်စွဲထားသည့်အတွက် မြန်မာလူထုနှင့် အထက်လွှာများမှ မိတ်ဆွေများ ရရှိနိုင်ပေသည်။ အခြားတစ်ဖက်တွင် မြန်မာပြည်မှ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးများကို ဝေဖန်ခြင်းကြောင့် ပီကင်းနှင့်နေပြည်တော်အကြား အဆင်မပြေဖြစ်မှုများ ထွက်ပေါ်လာစေနိုင်ပြီး ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းရာတွင် အထောက်အကူပြုမည်မဟုတ်ပေ။ ထို့ပြင် တရုတ်ပြည်အနေနှင့် အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် စိတ်ရှည်သည်းခံရန် လိုအပ်သည်။ တရုတ်-မြန်မာ ဆက်ဆံရေးအတွင်းမှ အဓိကစိန်ခေါ်မှုအများအပြားမှာ ပေါ်လစီအမှားများကြောင့်မဟုတ်ပေ။ မြန်မာ့လူ့အဖွဲ့အစည်း၏ အများပိုင်းမှာ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးအပေါ် အလွန်အကျွံပျော်ရွှင်မှုတွင် ပိတ်မိနေကြဆဲဖြစ်ပြီး ယခင်ကာလများက တိုင်းပြည်၏နိုင်ငံရေးထိုင်းမှိုင်းမှုများတွင် တရုတ်ပါဝင်ပတ်သက်မှုများကို အပြစ်ရှာလိုကြသည်။ အမှန်စင်စစ် တရုတ်၏အခန်းကဏ္ဍအပေါ် ထိုသို့သော မကောင်းမြင်မှုများ မှေးမှိန်ပျောက်ကွယ်သွားရန်မှာ အချိန်လိုလေသည်။

မြန်မာအစိုးရနှင့် တိုင်းရင်းသားလူနည်းစုများအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်မှုများကို ဖြေရှင်းရာတွင်လည်း ပီကင်းက တက်ကြွစွာ ဦးဆောင်ဦးရွက်ပြုရန် တာဝန်ရှိသည်။ ကြိုတင်လိုအပ်ချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်း နယ်စပ်ဒေသနေ ဒေသခံလူမျိုးစုများ၏ အထွေထွေသော နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည် အသိအမှတ်ပြုရန်ဖြစ်သည်။ အနာဂတ်အမျိုးသားရင်ကြားစေ့ရေးကို သက်ရောက်မှုရှိစေသည့် ရေတိုအရေးပေါ်ဖြေရှင်းရန်ကိစ္စရပ်များက အရေးကြီးသလို အတိတ်တွင် တချို့သော အမျိုးသားလူနည်းစုများကို ပီကင်းကထောက်ပံ့ကူညီခဲ့သည့် သမိုင်းဆိုင်ရာဆက်စပ်မှုကိုလည်း ဆွေးနွေးဖို့လိုလိမ့်မည်။ ထို့ကြောင့် ပီကင်းအနေနှင့် မြန်မာလူနည်းစု တိုင်းရင်းသားအရေးအကျပ်အတည်းတွင် ၎င်း၏ရပ်တည်ချက်နှင့်ပတ်သက်၍ တစ်ခါတည်းအပြီးအပြတ် ရှင်းလင်းအောင်လုပ်ရမည်။ ‘တိုင်းရင်းသားတင်းမာမှုမီးကိုမွှေး’ (သို့မဟုတ်) ‘ကချင်ကျားကိုလက်သပ်မွေး’ ဆိုသည့် နေပြည်တော်အပေါ် ဖိအားပေးနိုင်ရန် ထိန်းထားဖို့လိုသည်ဆိုသော မှားယွင်းစွာမျှော်လင့်ချက်ထားသည့်အစွန်းရောက်အယူအဆကို ရှောင်ရှားရန်လိုသည်။ ဤသည်က မြန်မာ့ဒီမိုကရေစီအကူးအပြောင်းကို စည်းလုံးညီညွတ် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်ခုအဖြစ် ငြိမ်းချမ်းစွာရောက်ရှိရေးကို တရုတ်ပြည်က စိတ်ရင်းစေတနာမထားဆိုသည့် စွပ်စွဲမှုများကိုလည်း ချေဖျက်နိုင်ပေလိမ့်မည်။ ထိုအဆုံးသတ်ကို ရောက်ရှိစေရေးအတွက် တရုတ်ခေါင်းဆောင်မှုနှင့် ယူနန်ပြည်နယ်အာဏာပိုင်များအနေနှင့် မြန်မာအစိုးရနှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လွယ်ကူချောမွေ့စေရန် သူတို့၏ကြိုးပမ်းမှုများကို ပိုမိုအားစိုက်ပြီး ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခု အမြန်ရရှိရန် ဘက်အသီးသီးသို့ တိုက်တွန်းအားပေးနိုင်သည်။ တရုတ်ပြည်အနေနှင့် နယ်စပ်ဒေသငြိမ်းချမ်းမှုရှိမှသာ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်နိုင်သည့်အတွက်ကြောင့် ပါဝင်ပတ်သက်နေသူများအားလုံး အကျိုးစီးပွားအတွက် သူ၏ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဦးစားပေးသည့် ပေါ်လစီရှိမှုကိုလည်း တင်ပြနိုင်လေသည်။

(၂) တရုတ်ပြည်အနေနှင့် အမျိုးသားမဟာဗျူဟာရေးဆွဲရေးနှင့် ပေါ်လစီလက်တွေ့ကျင့်သုံးရေး အချိန်ကိုက်ဖြစ်မှုကို အားဖြည့်သင့်

တရုတ်အရာရှိများနှင့် လုပ်ငန်းရှင်များအနေနှင့် မြန်မာ့တံခါးဖွင့်လှစ်မှုအပေါ် လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာရှုထောင့်မှ တရုတ်၏ မဟာဗျူဟာစဉ်းစားချက်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် ကြိုးစားသင့်သည်။ အိမ်နီးချင်းနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိစေရန်နှင့် အရှေ့တောင်အာရှကုန်းမြေမပေါ်ရှိ အကြီးဆုံးနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကို ကြိုတင်မှန်းဆနိုင်ရန် သူတို့ (တရုတ်အရာရှိများနှင့် လုပ်ငန်းရှင်များ)၏ အတွေ့အကြုံများကိုလည်း ဖြည့်စွက်နိုင်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံခြားရေးဦးဆောင်မှုအဖွဲ့နှင့် ဖွဲ့စည်းမှုအရ ဆက်စပ်သော ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုင်ပင်ညှိနှိုင်းရေးအဖွဲ့တစ်ခုကို မြန်မာမိတ်ဆွေများပါဝင်စေလျက် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် တရုတ်-မြန်မာ ဆက်ဆံရေးအတွင်း စိန်ခေါ်နေသော ပြဿနာပေါင်းသောင်းခြောက်ထောင်ကို အစီအစဉ်တကျ ဖြစ်စေလိမ့်မည်။ ထိုသို့သော ဦးဆောင်အဖွဲ့တစ်ဖွဲ့သည် ပူးပေါင်းဆောင်ရွက်ရေးအတွင်း ဗဟိုအစိုးရ နယ်စပ်ဒေသရှိ တရုတ်ပြည်နယ်အစိုးရ အာဏာပိုင်များနှင့် တရုတ်ကုမ္ပဏီများ၏ ကြိုးပမ်းအားထုတ်မှုများတွင် အသုံးတည့်ကြောင်း သက်သေပြပါလိမ့်မည်။ မတူညီသော ဤဇာတ်ဆောင်အသီးသီးက မြန်မာ့ပြည်တွင်းနိုင်ငံရေးမှ အပြောင်းအလဲများ လျော့ပါးသက်သာစေရန် ရေတို၊ ရေလတ်နှင့် ရေရှည်မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်စေသင့်ပြီး အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် အခွင့်အလမ်းများနှင့် ဖြစ်နိုင်ခြေများကို ကြိုတင်တွက်ဆနိုင်စေလိမ့်မည်။ နောက်ဆုံးအားဖြင့် ပီကင်းသည် သူ၏ အိမ်နီးချင်းနိုင်ငံက တောင်းဆိုလာသည့်အခါ မြန်မာအစိုးရအား အကြံဉာဏ်ပေးသည့် အခန်းကဏ္ဍတွင်ပါဝင်ရန် အခွင့်ကောင်းတစ်ရပ်ရရှိနိုင်ပေသည်။

ဆက်လက်ဖော်ပြပါမည်။

■ **ရဲထွန်း (သီပေါ)**

ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၈၀)

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဘဝဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ကိုယ့်ဘဝ ဖြစ်ခဲ့တာလေးတွေ၊ ကြုံခဲ့ တာလေးတွေ၊ တွေ့ခဲ့တာလေးတွေ ပြောလာတာ အပိုင်း (၁၈၀) ရှိသွားပြီ။ စိတ်ထဲက ဒီအပိုင်း (၁၈၀) ပြောတော့မယ်ဆိုတော့ စိတ်က ဘယ်ရောက်နေတုံးဆိုတော့ သစ်ဖောင်ဝါးဖောင်ချတဲ့၊ ချဖို့ရာအတွက် တောထဲမှာ သစ်ခုတ်နေတာပေ့ါလေ။ သစ်ခုတ်တယ်ဆိုတော့ ကြီးကြီးကျယ်ကျယ် ဖြစ်ဦးမယ်။ ထင်းခုတ်တာပေ့ါ၊ ထင်းဖောင်ချတာ။ သစ်ဖောင်ဆိုတာက ကျွန်းတို့၊ အင်တို့၊ ကညင်တို့၊ ပျဉ်းကတိုးတို့ အဲလိုဟာမျိုးကြီးတွေ။ ဒါကြီးတွေက တရားဝင် လျှောက်ကြပြုကြမှ လုပ်မှရတဲ့ဟာလေ။ ဘုန်းဘုန်းတို့ကတော့ ထင်းခုတ်တာ ပါ ထင်းဖောင်ချတာ။ ထင်းဖောင်တောင်မှ တောထဲ ရောက်နေတော့ တောထဲရောက်ဖူးမှလည်းသိမှာပါ။ တောနက်ထဲအထိတော့ သိပ်မသွားရပါဘူး။ တောစပ်မှာပဲ ထင်းပင်တွေက ရှိတယ်။ ထင်းပင်ထဲမှာတော့ ဘာလေးတွေတော့ လိုချင်တာတုံးဆိုတော့ ဘုန်းဘုန်းတို့က စစ်ကိုင်းသားဆိုတော့ စစ်ကိုင်းက သစ်တုံး သစ်ပင်တစ်မျိုးပေ့ါ။ ဖိနပ်ခုတ်လို့ရတဲ့အသား။ အဲဒါ လေးတွေတော့ လိုချင်တယ်။

စစ်ကိုင်းမှာက ဖိနပ်ခုတ်တာ ရှိတယ်။ နောက်တစ်ခုကလည်း ဒါ ထုံးဘိုဘက်က ဖိနပ်ခုတ်တာပေ့ါ။ ထုံးဘိုတို့၊ မင်းဇံတို့။ ခုံဖိနပ် ခုံဖိနပ်ခုတ်တာ။ အဲဒီ ခုံဖိနပ်ခုတ်တဲ့အသားတွေ နာမည်တောင် မေ့တော့တော့ ဖြစ်နေပြီ။ ဘယ့်နှယ် ဒါကျမှ မေ့နေတယ် မသိဘူး ဘုန်းဘုန်းက။ နောက်တစ်ခုကျတော့ မအူသားဆိုတာ ရှိသေးတယ်။ ဝါထိန်နေတာ။ ဘုန်းဘုန်းတို့ စစ်ကိုင်းက ကျောက်တာ၊ ထွင့်ခေါင်တို့ ကျောက်တာတို့ ဘာတို့ ရေခါးတို့ဘက်မှာ။ ကျောက်တာဘက်မှာပေ့ါလေ ဘုရားပွဲဈေးတွေမှာ လုပ်ကြတဲ့ သေနတ်လုပ်ကြတဲ့ ကလေးသေနတ်လေးတွေလေ ဖော့လေးတွေနဲ့ ဖလောက် ဖလောက်နဲ့ ပစ်လိုက်လို့ရှိရင်လေ။ ငယ်တုန်းကတော့ ဒါလေးတွေနဲ့ စစ်တိုက်တမ်း ကစားကြတာပေ့ါ။ ကလေးတွေ ပြေးလိုက်လွှားလိုက် ရွာရိုး၊ တောင်ကုန်းပေါ်တက်လိုက် လယ်ကသင်းဝပ်လိုက်နဲ့ အဲလိုကစားကြတာပေ့ါ။ နွေကျောင်းပိတ်ရက် သစ်ပင်ကွယ်လိုက်။ ဖောက်ဆိုပစ်လိုက် အားဆို မှန်သွားလိုက်။ ကျသွားလိုက်ပေ့ါ။

အဲဒီလိုမျိုး စစ်ကိုင်းမှာက ခုံဖိနပ်ခုတ်တဲ့လုပ်ငန်းလည်းရှိတယ်။ နောက် ကလေးကစားစရာ သေနတ်လုပ်တာပေ့ါ။ မအူသားပါ မှတ်မိတယ် အဲဒါကျတော့။ မအူသားက တစ်ပင်လုံး ဝါထိန်နေတာ သူက။ ဒီသေနတ်ပြောင်းရိုးလုပ်ရင် ဆေးသုတ်စရာ မလိုတော့ဘူး ဝါထိန်နေတာ။ အရောင်လေး တင်ပေးလိုက်ရင် ရသွားပြီ။ အဲဒါကတော့ အဓိက တွေ့ရင်တော့ ခုတ်တယ်ပေ့ါ။ သူက သစ်ထဲလည်း ထည့်မရပါဘူး။ ထင်းထက်တော့လည်း သာတယ်။ ဒါလုပ်ငန်းရှိလို့ပါ လုပ်ငန်းမရှိရင် ထင်းဆိုက်ပစ်ကြတာပါပဲ။ အဲလို ထင်းခုတ်ကြတာပေ့ါလေ။ ထင်းခုတ်တဲ့အခါမှာ ဘုန်းဘုန်းတို့ ညီအစ်ကိုနှစ်ယောက်။ အဘလုပ်တဲ့သူကတော့ လှေပေါ်မှာ ကျန်ခဲ့တယ်။ ကမ်းနားမှာ ကမ်းစပ်မှာ သူ့ခမျာ လှေပေါ်သာ ကျန်နေရတာ ခြင်ထောင်ထဲ နေရတယ်နဲ့ တူပါတယ်။ ခြင်တွေက တအားကိုက်တာကိုး ခြင်တွေက တအားကိုက်။

အဲဒါနဲ့ ဘုန်းဘုန်းတို့ တောထဲရောက်သွား။ ညီအစ်ကိုနှစ်ယောက် လိုက်ကြည့်တယ်။ ဟို အပင်အကြီးကြီးတွေကိုတွေ့လို့ ဒီအပင်ကြီးတွေ ယူမယ်ကွာလို့ အဲလိုတော့လည်း စိတ်ထဲမရှိပါဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်သွားမယ့် လမ်းခရီးက ကိုယ်လည်း တစ်ခေါက်မှ မစုန်ဖူးသေးဘူးလေ မသွားဖူးသေးဘူး။ နောက်ပြီးတော့လည်း အဲဒီတောစပ်ကနေ

> ❝ ဓမ္မဒူတဆရာတော်ကြီးဆို စာရေးရင် ထိုင်ရေးတဲ့စားပွဲရှိသလို မတ်တတ်ရပ်ရေးတဲ့ စားပွဲလည်းရှိတယ်။ ဩော် အဲဒါလေးတွေများ ကိုယ်ငယ်တုန်းကလည်း အလုပ်ကို အားသန်ပြီးတော့ ဝီရိယနဲ့ပေ့ါ ကြိုးစားတယ်ပေ့ါ။ ဒီလိုပြောရမှာပေ့ါ။ အားသန်ပြီးတော့ လုပ်ခဲ့သမျှတော့ ဆရာသမားကောင်း ဝီရိယအားသန် ပညာဉာဏ်ကြီးတဲ့ ဆရာသမားနဲ့တွေ့တော့လည်း ဝမ်းသာတာပေ့ါ။ ❞

တောထဲကနေပြီးတော့ ကျွဲနဲ့ ဆွဲထုတ်ရမှာ။ ကျွဲ ဘယ်လောက်နိုင်သလဲ။ တစ်ပေ တစ်ပေခွဲ ထင်းသားဆိုရင်တော့ ထင်းအပင်တွေ နာမည်တောင် တပ်မရတဲ့အပင်တွေ ရှိပါတယ်။ အဲဒါတွေဆိုရင်တော့ ထိပ်ဝတစ်တောင် တစ်တောင့်ထွာ အဲလိုကြီးတွေထိ ယူပါတယ်။ အမှန်က ထင်းသားဆိုတာက ဘုန်းဘုန်းတို့ ပြောဝံ့ပါတယ် အပင်ကြီးတွေကို အဲလိုခုတ်လှဲတာ ရှားပါတယ်။ အိုသစ်ပင်ကြီးတွေ သစ်ပင်ကြီးတွေကလည်း တောထူထပ်ပြီးတော့ တောစပ်ဆိုပေမယ့် ထူထပ်နေတာ။ အဲဒီ သစ်ပင်ကြီးတွေက လဲနေတာ။ လဲတဲ့အထဲမှာမှ ကိုယ့်စိတ်ကြိုက် ရွေးရတာ။ စိတ်ကြိုက်ရွေးဆို သစ်ခုတ်တယ်ဆိုတဲ့အတိုင်း ကိုင်းတွေ အကုန်ဖြတ်ချ ဖြတ်ဖြတ်။ ထိပ်တိလိုက် ဟိုဘက်တိလိုက် နှစ်ဖက်တိလိုက်ပေ့ါ။

အမှန်ကတော့ ဘုန်းဘုန်းတို့ သစ်ဖောင်ကို ဘယ်လောက်လုပ်မှာလဲဆို ဆယ့်နှစ်တောင်ပေ့ါ။ ဆယ့်နှစ်တောင် အရှည် တစ်ဆယ့်ရှစ်ပေပေ့ါ။ ဒါကတော့ ပုံမှန်ပဲ ဆယ့်နှစ်တောင်။ ခက်တော့လည်း ခက်သားလောဘလေးက နည်းနည်းကြီးတယ်။ နည်းနည်းကောင်းတယ်ဆိုရင် ဆယ့်နှစ်တောင် မဖြတ်ဘူး ဆယ့်လေးတောင်ဖြတ်ကြတာ။ နောက်ထပ်ခြောက်ပေလောက် သုံးပေလောက် ထပ်တိုးတာပေ့ါ။ ဆယ့်နှစ်တောင်ပဲ ပုံမှန်ဖြတ်ကြတာပါပဲ။ ဘုန်းဘုန်းတို့တော့ စိတ်ထဲမှာ ပျော်တယ်ကွယ်။ ပျော်တယ်ဆိုတာက အမျိုးမျိုးပေ့ါ။ ဒီအလုပ်လုပ်ရတာကို ပျော်တာ။ အလုပ်လုပ်နေရရင် ဘုန်းဘုန်းတို့ ဝါသနာက အလုပ်ကို မနားချင်ဘူး။ မနားချင်ဘူး။ နောက်ကျတော့ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့တဲ့အခါမှာ အလုပ်တစ်ခုကနေ အလုပ်တစ်ခုကိုပြောင်းပြီး လုပ်နေတာသည်ပင်လျှင် အလုပ်အနားယူတာပဲ။ ဒီလို ဆုံးမတယ်။ ဟုတ်တယ် ခန္ဓာကိုယ် အနားယူတာကတော့ အိပ်ရာပေါ် လှဲအိပ်တာက တစ်မျိုးလေ။ ဘုန်းဘုန်းတို့ ဆရာသမားများ ဆရာတော်များကျတော့ အလုပ်တစ်ခုကနေ အလုပ်တစ်ခုပြောင်းသွားတာ။ ထိုင်ပြီးတော့ လုပ်တဲ့အလုပ်ကနေပြီးတော့ လမ်းလျှောက်ပြီးလုပ်တဲ့ အလုပ်လုပ်တယ်။ လမ်းလျှောက်ပြီး လုပ်တဲ့ အလုပ်ကနေပြီးတော့ ရပ်ပြီးတော့လုပ်တဲ့ အလုပ်လုပ်တယ်။

ဘုန်းဘုန်းတို့ ဓမ္မဒူတ ဆရာတော်ကြီးဆို စာရေးရင် ထိုင်ရေးတဲ့စားပွဲရှိသလို မတ်တတ်ရပ်ရေးတဲ့ စားပွဲလည်းရှိတယ်။ ဩော် အဲဒါလေးတွေများ ကိုယ်ငယ်တုန်းကလည်း အလုပ်ကို အားသန်ပြီးတော့ ဝီရိယနဲ့ပေ့ါ ကြိုးစားတယ်ပေ့ါ။ ဒီလိုပြောရမှာပေ့ါ။ အားသန်ပြီးတော့ လုပ်ခဲ့သမျှတော့ ဆရာသမားကောင်း ဝီရိယအားသန် ပညာဉာဏ်ကြီးတဲ့ ဆရာသမားနဲ့တွေ့တော့လည်း ဝမ်းသာတာပေ့ါ။ တကယ်တမ်းကျတော့လည်း ခန္ဓာကိုယ်က ဣရိယာပုတ် တစ်မျိုးကနေတစ်မျိုး ပြောင်းပြောင်း ပြောင်းပြောင်းပြီး သွားတာကို အနားယူတယ်လို့ ခေါ်တာပဲ။ ကြာကြာထိုင်နေလို ပင်ပန်းတာပေ့ါ။ ကြာကြာရပ်နေတော့လည်း ပင်ပန်းတာ။ ကြာကြာလမ်းလျှောက်နေတော့လည်း ပင်ပန်းတာ။ ဒါဖြင့် ကြာကြာလျောင်းပြီးအိပ်ရင် သက်သာလားဆိုတော့ အကြာကြီးအိပ်လည်း ပင်ပန်းတာပဲ။ အိပ်ပြီး လဲလျောင်းပြီး အနားယူတာမျိုးလို့ လူတွေထင်ကြတာ။ အနားယူတယ်ဆိုတာ တကယ်တမ်းကျ မဟုတ်ဘူး။ အလုပ်တစ်ခုကနေ အလုပ်တစ်ခု ပြောင်းနေတာ။ ဒီလို အိမ်မှာလည်း အမေတို့ ရှိတာပေ့ါလေ။ တံမျက်စည်းလေး လှဲလိုက်၊ ကြမ်းလေးတိုက်လိုက်၊ အဝတ်လေးလျှော်လိုက်၊ ထမင်းဟင်းလေး ချက်လိုက်။ တောက်တောက် တောက်တောက်နဲ့ ဘာလေးလုပ်လိုက် ဘယ်သွားလိုက်နဲ့ တစ်နေကုန်မအားတဲ့ အမေတွေ အစ်မတွေ အဒေါ် အပျိုကြီးတွေ အဖေတွေ အစ်ကိုတွေ ဘကြီး ဘထွေးတွေ ဒါတွေဟာ သူတို့လုပ်ငန်းကို အလုပ်ပြောင်းပြီးတော့ အနားယူကြတာပဲ။ ဒါတွေကတော့ ဘုန်းဘုန်းတို့အိမ်မှာ အဖေတို့ အမေတို့ အလုပ်ကြိုးစားတဲ့သူတွေနဲ့ တွေ့နေတော့ ဒါလေးတော့ အကျင့်ပါနေတာ။

အဲဒီတော့ အလုပ်ကို အဲသလိုမျိုးပေ့ါ။ အနားယူဖို့ဆိုတာ ထိုင်လိုက်၊ ရပ်လိုက်၊ သွားလိုက်။ အေး အဲဒါ မှတ်မိသေးတယ်။ ထင်းဖြတ်ဟေ့ ဖြတ်မယ်ဟေ့ ဖြတ်မယ်ဟေ့ဆို သစ်ပင်ဖြတ် ညီအစ်ကိုနှစ်ယောက်ဟေ့။ ခုခေတ်လို ဖြီးဖြီးနဲ့ ဟို ဘာလဲ လွှစက်ကြီးတွေတော့ ဘယ်ရှိမှာတုံး။ ငါးမန်းလွှကြီးတွေနဲ့ ဖြတ်ကြရတယ်။ ငါးမန်းလွှကြီးတွေနဲ့ ဒီဘက်တိ ဟိုဘက်တိ ဖြတ်တာ။ ဒီဘက်တိ ဟိုဘက်တိ ဖြတ်ထား။ ဟာ ဖြတ်တဲ့အလုပ်ကနေပြီးတော့ဟေ့ ကိုင်းရှင်းတဲ့အလုပ် ပြောင်းလိုက်။ ကိုင်းရှင်းတဲ့ အလုပ်ကနေပြီးတော့ဟေ့ နဖားဖောက်တဲ့အလုပ် ပြောင်းလိုက်။ နဖားဖောက်တယ်ဆိုတာက ဒီထင်းတုံးကို မြစ်ဆိပ်ထဲ ဆွဲချတော့မယ်ဆိုရင် ကျွဲနဲ့ ဆွဲချရတယ်။ ကျွဲနဲ့ဆွဲချတော့ ဒါကြီးကို ကြိုးတုပ်ပြီးတော့မှ ဒီလိုဆွဲတာထက် ထိပ်နားမှာ သစ်ဖောင်တွေ ဘာတွေမှာ တွေ့ဖူးမှာပါ။ ဒီထိပ်နားက ကိုးလက်မလောက်မှာ တစ်ပေအတွင်း ကိုးလက်မအတွင်းမှာ ဒီလိုဒီလို ကြိုးလျှိုလို့ရတဲ့ အပေါက်ကလေး နဖားပေါက်ခေါ်တယ်။ အဲဒါလေး ဖောက်ရတာ။ အဲဒါလည်း ခက်သား။ အဲဒါလည်း ဝမ်းသာစရာ ပျော်စရာကောင်းတယ်ဆိုတာ အဲဒါ။ ဒါ ကိုယ်မလုပ်ဖူးဘူး။ ကိုယ်မလုပ်ဖူးဘူး ဒီလိုတော့ဖြစ်တယ်ဆို သူများလုပ်တာ တစ်ခါလောက်ကြည့်သင် ဘုန်းဘုန်းတို့က တတ်သွားတော့ ခွန်နဲ့ခုတ်ရတာ။ ကချင်ပြည်နယ်မှာရှိတယ် ခွန်ဆိုတာ ရှိတယ်။ အရိုးလေးက တစ်ခါပြောဖူးပါတယ် ကြိမ်ရိုး မတုတ်တတုတ်လေးနဲ့ ပျော့ပျော့လေး အရိုးလေးက။ ခွန်ကရဲတင်းတွေလိုမျိုး အမယ် အဲဒါလေးနဲ့။ အသာလေး လွှဲပြီးတော့ တောက်၊ တောက် တစ်ချက်ချင်း ဒီဘက်ခုတ်လိုက် ဟိုဘက်လှည့်လိုက်။ ယာဘက်ကနေ ဝိုက်လိုက်၊ ဘယ်ဘက်က ပြန်ဝိုက်လိုက်နဲ့ သူက ဒါလေးက အပေါက်ကလေး အပေါက်ကလေး ဖြစ်သွားတာ။ ထင်းဖတ်ကလေးတွေက ကွာသွားပြီးတော့။ တွေ့ဖူးမှာပါ သစ်တွေ၊ သစ်တုံးတွေ ဘာတွေမှာဆို။ အမယ် အဲဒါ ကိုယ်တိုင်လုပ်လာရတာ။ ထင်းတုံး နဖားဖောက်လာရတာပေ့ါ။ အေး အဲဒီမှာတင် စဉ်းစားမိတယ်။ ဩော် ကြည့်စမ်း စိတ်ထဲပျော်နေတာ။ ဘာပျော်တာလဲဆိုတော့ အလုပ်လုပ်ချင်တဲ့သူက အလုပ်လုပ်နေရရင် ပျော်တာပဲ။ အလုပ်လုပ်ချင်တဲ့သူက အလုပ်လုပ်နေရရင် ပျော်တာ။ အလုပ်မလုပ်ချင်တဲ့သူက အလုပ်လုပ်နေရရင် ပျင်းတာ။ အဲသလိုပဲ အလုပ်လုပ်ချင်တဲ့သူက အလုပ်မလုပ်ရရင်လည်း ပျင်းရော။ ဒါကတော့ လူတွေက များသောအားဖြင့်ကတော့ ဟို သူများအပြစ်ပြောတာရယ်လို့ မဟုတ်ပါဘူး။ အလုပ်မလုပ်ချင်ပျင်းတဲ့သူတွေ များလိုက်တာလို့ ဟို မပျော်တဲ့သူတွေ များတယ်လို့ အဲလို ပြောကြတာထက် မဟုတ်ဘူး အလုပ်လုပ်ချင်လျက်နဲ့ မလုပ်ရတဲ့ ပျင်းတာက ပိုဆိုးတယ်။ အလုပ်မလုပ်ချင်ဘဲနဲ့ လုပ်ရတဲ့ ပျင်းတာထက် အလုပ်လုပ်ချင်လျက်နဲ့ လုပ်စရာမရှိတာက။ ပေးမလုပ်တာပေ့ါလေ လုပ်စရာတော့ မရှိဘဲ ဘယ်နေမှာတုံး။ အခုတော့ တောထဲမှာလေ ညီအစ်ကိုနှစ်ယောက် ...။

■ **ဓမ္မဒူတ အရှင်ဆေကိန္ဒ**

(ဆက်လက်ဖော်ပြပါမည်။)

HEALTH

ဓာတ်ပုံ – ရဲပြည့်စာနည်

ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုမှ အလှကုန်ပစ္စည်းများ

အလှကုန်ပစ္စည်းလေးမျိုးတွင် အဆိပ်သင့် ဓာတုပစ္စည်းများ ပါဝင်ကြောင်း FDA ထုတ်ပြန်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးရာ အလှကုန်လေးမျိုးတွင် အဆိပ်သင့် ဓာတုပစ္စည်းများပါဝင်နေကြောင်း FDA က ထုတ်ပြန်ထားသည်။

ထိုင်းဘာသာဖြင့်ဖော်ပြထားသည့် Dr.YANHEE Skin Care Set (Pink Color)၊ ကိုရီးယားနိုင်ငံမှထုတ်လုပ်သည့် Beauty Sleep Whitening Night Cream ၊ Specially formulated by jinyanji laboratories.korea မှ ထုတ်လုပ်သည့် Jin Yan Ji Beauty White နှင့် 12 တရုတ်ဘာသာဖြင့်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်များတွင် Hydroquinone(+)နှင့် Mercury(+) စသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တားမြစ်ဓာတုပစ္စည်းများပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ထားပါသည်။

အဆိုပါအဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများကိုဖြစ်ပွားနိုင်ကြောင်း FDA ထံမှ သိရသည်။

ထို့ကြောင့်အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့်လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထား သောပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို ကျူးလွန်ပါက လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ အသိပေးထားကြောင်း သိရသည်။ ■ J-12

အသည်းကင်ဆာဖြစ်ပွားမှု ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

Doctor Htein အခမဲ့ဆေးကုခန်းမှ အသည်းရောင်အသားဝါ ဘီပိုးနှင့်စီပိုး ရှိသူများအနေနှင့်အသည်းကင်ဆာ ဖြစ်ပွားမှုရှိ၊ မရှိ စစ်ဆေးခြင်းကို ဒီဇင်ဘာလ အတွင်း အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း ယင်းဆေးခန်းမန်နေဂျာ ဒေါက်တာမြတ်ကိုကိုနိုင်က ပြောကြားသည်။

“ကင်ဆာသီးသန့်လုပ်တာပါ။ ပိုးရှိလို့ကင်ဆာရှာချင်တယ်ဆိုရင် Ultrasound ရိုက်ပြီး စစ်ပေးမယ်။ အစိုးရဆေးရုံက ဆရာဝန်တွေ လာစစ်ပေးမှာပါ။ ကျွန်တော်တို့ဆေးခန်းက လူစုပေးမယ်၊ နေရာစီစဉ်ပေးမှာပါ”ဟု ၎င်းကဆိုသည်။

အဆိုပါစစ်ဆေးမှုနှင့်ပတ်သက်၍ ရန်ကုန်အထူးကုဆေးရုံကြီး(ခုတင် ၅၀၀) နှင့်ချိတ်ဆက်ကာဆောင်ရွက်ခြင်းဖြစ်ပြီး အသည်းကင်ဆာဖြစ်ပွားမှုအခြေအနေကိုစောင့်ကြပ်စစ်ဆေးပေးပြီး လိုအပ်ပါက ဆေးရုံသို့ လွှဲပို့ကုသခြင်းများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း Doctor Htein အခမဲ့ဆေးကုခန်းမှ သိရသည်။

အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးရှိသည့် အသက် ၃၀ မှ ၆၀ နှစ်ကြား ဝေဒနာရှင် လူဦးရေ ၈၀၀ ကိုအခမဲ့စစ်ဆေးပြုလုပ်ပေးသွားမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းမှုများကိုပြုလုပ်ကာ စစ်ဆေးမှုခံယူနိုင်ကြောင်း၊ အသည်းရောင်အသားဝါ ဘီပိုးနှင့်စီပိုးသည် ကူးစက်သည့် ရောဂါဖြစ်ကြောင်း၊ ယင်းရောဂါများကို ယခုအခါတွင် ကုသ၍ရရှိနိုင်ကြောင်း၊ အစိုးရဆေးရုံများ၌ အသည်းရောင်အသားဝါစီပိုးကုသမှုများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း ဒေါက်တာမြတ်ကိုကိုနိုင်က ဖြည့်စွက်ပြောကြားသည်။

“အခု စာရင်းပေးလို့ ရနေပါပြီ။ အရင်က ကျွန်တော်တို့ဆေးခန်းမှာ လာစစ်တဲ့ ပိုးရှိလူနာတွေကိုလည်း ဆက်သွယ်ထားတယ်။ အသက်ကန့်သတ်ရတာက အသက်ကြီးလွန်း၊ ငယ်လွန်းတဲ့အခါ ကင်ဆာရှိရင် နောက်ပိုင်းကုသမှုတွေမှာ ခွဲစိတ်မှုတွေပါတဲ့အတွက် အဆင်မပြေမှုလေးတွေရှိလို့ပါ”ဟု ၎င်းကရှင်းပြသည်။

ထို့ကြောင့် အသည်းကင်ဆာဖြစ်ပွားမှု ရှိ၊ မရှိအခမဲ့စစ်ဆေးလိုသူများအနေဖြင့် Doctor Htein အခမဲ့ဆေးကုခန်း၊ ဖုန်းနံပါတ် ၀၉ ၄၅၂၅၅၀၀၅၀၊ ၀၉ ၄၅၂၅၅၀၀၆၀ နှင့် Hotline နံပါတ် ၀၉ ၂၅၂၈၀၀၆၁၀၆ သို့ စုံစမ်းမေးမြန်းကာ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

■ J-12

ကလေးနှင့် အတက်ရောဂါ

အတက်ရောဂါသည် ကုသ၍ရသော ဦးနှောက်နှင့်အာရုံကြောရောဂါဖြစ်ပြီး ကူးစက်တတ်သည့်ရောဂါမဟုတ်ပေ။ ထို့ကြောင့် အတက်ရောဂါရှိသူများ စနစ်တကျဆေးကုသမှုခံယူခြင်းကာ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါသည်။ အတက်ရောဂါရှိသော ကလေးငယ်အများစုသည် ပုံမှန်ဉာဏ်ရည်ရှိကြပြီး အတန်းပညာကို ဆည်းပူးနိုင်ပါသည်။ အတက်ရောဂါကုဆေးများကို ပုံမှန်သောက်ခြင်းဖြင့်နောက်ထပ်မတက်အောင် ထိန်းထားနိုင်ပါသည်။ ဆေးဖြင့်မထိန်းဘဲ အကြိမ် များစွာတက်ပါက ဦးနှောက်အတွင်း အောက်ဆီဂျင်ပြတ်လပ်၍ ဦးနှောက်ထိခိုက်ကာ ဉာဏ်ရည်ထိုင်းမှိုင်းနိုင်ပါသည်။

ဆောင်ရန်၊ ရှောင်ရန်များ

အတက်ရောဂါရှိသောကလေးများအနေနှင့် အသက်အန္တရာယ်မဖြစ်စေနိုင်သည့် အားကစားနှင့် အခြားအပန်းဖြေသည့်လှုပ်ရှားမှုများကို ပြုလုပ်နိုင်ပါသည်။

ရေကူး၊ ရေငုပ်ခြင်း၊ အမြင့်တက်ခြင်း စသော အန္တရာယ်ရှိသည့်အပြုအမူများကိုရှောင်ကြဉ်သင့်ပြီး တီဗီဂိမ်းအလွန်အကျွံကစားခြင်းနှင့် အိပ်ရေးပျက်ခံခြင်းတို့သည် တက်ခြင်းကို လှုံ့ဆော်ပေးနိုင်သဖြင့်ရှောင်ကြဉ်ရပါမည်။

အတက်ရောဂါရှိသည့်ကလေးများအတွက် ဖော်ပြပါလိုအပ်သည်များကို ဂရုပြုသင့်ပါသည်။

အတက်ရောဂါရှိသောကလေးငယ်များကို ပုံမှန်ဆေးကုသမှုခံယူစေပြီး မိဘများအနေနှင့် ကျောင်းထားပေးသင့်ပြီး မိဘများက မိမိတို့၏သားသမီးအခြေအနေမှန်ကို ဆရာ၊ ဆရာမများကို ပြောပြထားရပါမည်။ ထို့အတူ ဆရာ၊ ဆရာမများအနေဖြင့်လည်း အတက်ရောဂါအကြောင်းနှင့် ရှေးဦးသူနာပြုစုနည်းများ၊ အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို သိရှိထားရန် လိုအပ်ပါသည်။

ထို့အပြင် အတက်ရောဂါရှိသည့်ကလေးငယ်များ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း စသော စိတ်အားငယ်စရာများမဖြစ်စေရေးအတွက် ကျောင်းရှိအတန်းဖော်များနှင့်အတူ ကျောင်းတွင်းလှုပ်ရှားမှုများတွင် အတူတကွပါဝင်ဆောင်ရွက်စေရန်လိုအပ်ပါသည်။

■ **Source - မြန်မာနိုင်ငံအတက်ရောဂါစီမံချက်**



News In Brief

ဇီဝလုံခြုံမှုအဆင့် ၃ အမျိုးသား တီဘီရည်ညွှန်းပြုဓာတ်ခွဲခန်း တည်ဆောက်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရန်ကုန်မြို့တွင် ဇီဝလုံခြုံမှုအဆင့် ၃ အမျိုးသား တီဘီရည်ညွှန်းပြုဓာတ်ခွဲခန်းကို ၂၀၁၈ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုးရန်ပုံငွေ (3MDG) ထံမှသိရသည်။

အဆိုပါဓာတ်ခွဲခန်းတွင် ဆေးယဉ်ပါးတီဘီရောဂါစစ်ဆေးခြင်း၊ မော်လီကျူး စမ်းသပ်ခြင်းနှင့် ဆေးဝါးဒဏ်ခံနိုင်မှုစမ်းသပ်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် ဇီဝလုံခြုံမှုအဆင့် ၃ ရှိ ဓာတ်ခွဲခန်းအပြင် ပြင်ပလူနာဌာနလေးထပ်အဆောက်အအုံကို တည်ဆောက်လျက်ရှိကြောင်း 3MDG ထံမှသိရသည်။ ■

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဟောပြောပွဲ ပြုလုပ်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဟောပြောပွဲကို ဒီဇင်ဘာလ ၂ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၊ ဒုတိယအထပ်၊ မင်္ဂလာခန်းမကြီးတွင် ဟောပြောပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ■ J-12

အစာဓာတ်မတည့်ခြင်း

“မြန်မာနိုင်ငံမှာအဖြစ်များတာ တွေ့မိသလောက်က ခရမ်းသီး၊ ငါးပိ၊ ငါးခြောက်တွေစားတာကြောင့် ဖြစ်တာတွေ့ရတယ်”

အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဥက္ကာကြည်ဝင်းနှင့် တွေ့ဆုံခြင်း

သီတာဆွေ

လူတိုင်းတွင် အစားအစာကြောင့်ဖြစ်ပွားတတ်သော အစာဓာတ်မတည့်ခြင်းများရှိနိုင်ပြီး တစ်ဦးနှင့် တစ်ဦး ဓာတ်မတည့်သည့် အစားအစာမှာ မတူညီကြပေ။ အစာဓာတ်မတည့်မှုသည် နှာစေးချောင်းဆိုးခြင်း၊ အသားယားယံခြင်းမှစ၍ အသက်ကိုပါအန္တရာယ်ဖြစ်စေနိုင်သည့်လက္ခဏာများ ဖြစ်ပေါ်စေကြောင်း၊ ထိုကဲ့သို့ အစာဓာတ်မတည့်ခြင်းနှင့် ဆက်စပ်သောအကြောင်းအရာများကို ပြည်သူလူထုသတိပြုမိနိုင်စေရန် အထွေထွေရောဂါကုဆရာဝန် ဒေါက်တာ ဥက္ကာကြည်ဝင်းနှင့် The Voice ကမေးမြန်းထားသည်များကို ကောက်နုတ် ဖော်ပြအပ်ပါသည်။

Voice : အစာဓာတ်မတည့်ခြင်း ဆိုတာကို ရှင်းပြပေးပါဦး။

Dr.OKKW : အစာဓာတ်မတည့်ခြင်းဆိုပြီး ပြောလိုက်ရင်သာ နားရှုပ်သွားတာ၊ တကယ်က Food Allergy ဆိုရင်တော့ လူတိုင်းက သိကြတာပေါ့။ ကိုယ်နဲ့မတည့်တာစားမိလို့ ယားတယ်။ အနီကွက်တွေထွက်တာပေါ့။ Food Allergy လို့ခေါ်တဲ့ အစားအစာဓာတ်မတည့်တာနဲ့ Food Intolerance လို့ခေါ်တဲ့ အစားအသောက်ကို မိမိအူလမ်းကြောင်းက လက်မခံနိုင်တာမျိုးဆိုပြီး ရှိတယ်။ Food Intolerance ကတော့ ဝမ်းလျှောတာ၊ ဗိုက်အောင့်တာမျိုး၊ အပူအစပ်နည်းနည်းစားတာနဲ့ ဝမ်းလျှော၊ ဗိုက်အောင့်တာမျိုးပေါ့။ တချို့ဆိုရင် နို့သောက်လိုက်တာနဲ့ ချက်ချင်းဝမ်းသွားတယ်။ အဲ့ဒါတွေထက်ပိုဆိုးတဲ့အဆင့်ကတော့ Food Poison ဆိုတဲ့ အစာအဆိပ်သင့်တာပေါ့။ အစာအဆိပ်သင့်တာကတော့ အစားအစာထဲမှာပါတဲ့ ဗက်တီးရီးယားတွေ၊ ဗိုင်းရပ်စ်တွေ၊ ကပ်ပါးပိုးတွေကြောင့် ခန္ဓာကိုယ်ထဲမှာ ပိုးဝင်ပြီးဖြစ်တာပေါ့။

အစာဓာတ်မတည့်ခြင်းဆိုတာက ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်နဲ့ ဆိုင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ကတော့ မတည့်တဲ့အစားအစာ မတူညီကြဘူး။ တစ်ယောက်က ပင်လယ်ငါးစားလို့ Allergy ဖြစ်တယ်။ နောက်တစ်ယောက်က မြေပဲစားရင် Allergy ဖြစ်တာမျိုးပါ။ အစုံပါပဲ။

Voice : ဘယ်လိုအသက်အရွယ်တွေမှာ ဖြစ်တာ ပိုတွေ့ရပါသလဲ။

Dr.OKKW : အသက်အရွယ်အပိုင်းအခြားရယ်လို့တော့ အတိအကျမရှိဘူး။ ဒါပေမဲ့ အတွေ့အကြုံတွေအရ လူငယ်၊ လူလတ်ပိုင်းတွေမှာ ပိုပြီးတော့ဖြစ်တာတွေ့ရတယ်။ ကလေးတွေကျတော့လည်း လူကြီးကျွေးတာပဲစားရတယ်။ လျှောက်မစားရဘူး။ လူကြီးပိုင်းတွေကျတော့လည်း သူတို့ငယ်ငယ်တုန်းက မတည့်တာတွေကိုသိနေပြီဖြစ်တော့ ရှောင်စားကြတော့ ဖြစ်တာသိပ်မတွေ့ရဘူး။ လူငယ်၊ လူလတ်ပိုင်းတွေမှာတော့ အများဆုံးတွေ့ရတယ်။ လူငယ်ပိုင်းတွေက တွေ့ရာ၊ မြင်ရာ အကုန်စားနေပြီဆိုတော့ ဖြစ်တာများတယ်။ သို့သော် ဘယ်အရွယ်မှာမဆို ဖြစ်နိုင်တယ်။

Voice : သူ့ရဲ့ရောဂါလက္ခဏာတွေကရော။

Dr.OKKW : ရောဂါလက္ခဏာတွေကတော့သိလွယ်တဲ့လက္ခဏာတွေပါ။ Allegry ဆိုရင် နှာစေးမယ်၊ နှာချေမယ်။ ပြီးရင် နှုတ်ခမ်းတွေယားလာမယ်။ တချို့ဆို နှုတ်ခမ်းတွေ ထူအမ်းလာတယ်။ မျက်လုံးတွေအစ်လာမယ်။ ခန္ဓာကိုယ်မှာ အနီကွက်တွေထွက်ပြီး ယားလာမယ်။ တစ်ကိုယ်လုံး ရှိန်းတိန်းတိန်းနဲ့ပေါ့။ Allegry မှာလည်း ပြင်းတာနဲ့ ပျော့တာရှိတယ်။ ပြင်းပြင်းထန်ထန်မဟုတ်ဘဲ အသားလေးယားတာလောက်နဲ့ ပြီးသွားတာရှိမယ်။ တချို့ကျတော့လည်း တော်တော်ကိုပြင်းပြင်းထန်ထန်နဲ့ အသက်ရှူကျပ်လာတာမျိုး၊ ခွဲသံတွေကြားရပြီး အရေးပေါ်အဆင့်ထိဖြစ်သွားတာမျိုးအထိကို ဖြစ်နိုင်တယ်။ ဒီတော့ ရောဂါလက္ခဏာက နှာစေး၊ နှာချေ၊ အသားယားတာလောက်ကနေ အသက်ရှူကျပ်ပြီး အသက်အန္တရာယ်စိုးရိမ်ရလောက်တဲ့အထိ ပြင်းထန်တဲ့လက္ခဏာတွေ ရှိနိုင်တယ်။

Voice : ဘယ်လိုအကြောင်းအရင်းတွေက ဓာတ်မတည့်မှုကို ဖြစ်စေတာပါသလဲ။

Dr.OKKW : တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ ဒါပေမဲ့ အဖြစ်များတဲ့အစားအစာတွေကတော့ မြေပဲတို့၊ ဥတို့၊ နို့တွေနဲ့ အခွံမာအသီးတွေပေါ့။ ဒါ့ပြင် ပင်လယ်ငါး၊ ခရမ်းသီး၊ နာနတ်သီး၊ ငါးပိ၊ ငါးခြောက်တွေပေါ့။ ဒီအစားအစာတွေက လူတိုင်းနဲ့ မတည့်တာလည်းမဟုတ်ဘူး။ ဘာပဲစားစား အားလုံးတည့်နေတဲ့လူလည်းရှိတာပဲ။ ဒီလိုပဲ နည်းနည်းလေး အစားမှားတာနဲ့ ယားတဲ့သူတွေလည်း ရှိနေတာပဲ။ မြန်မာနိုင်ငံမှာအဖြစ်များတာတွေ့မိသလောက်က ခရမ်းသီး၊ ငါးပိ၊ ငါးခြောက်တွေစားတာကြောင့် ဖြစ်တာတွေ့ရတယ်။ အနောက်နိုင်ငံတွေမှာတော့ မြေပဲကြောင့် အဖြစ်များတယ်။ ဒီမှာကတော့ မြေပဲကြောင့် Food Allegry ဖြစ်တာနည်းတယ်။

ကိုယ်က ဘယ်အစားအသောက်နဲ့မတည့်ဘူးလည်းဆိုတာ သိရင်တော့ ကြိုပြီးကာကွယ်လို့ရတာပေါ့။ ကိုယ်မစားဘူးတာဆိုရင် တည့်မတည့်ဆိုတာ မသိနိုင်ပေမယ့် ထူးဆန်းတဲ့အစားအစာတွေကိုစားမယ်ဆိုရင်တော့ သတိထားရမှာပေါ့။ နိုင်ငံခြားမှာတော့ Allegry Test ဆိုတာရှိတယ်။ ဓာတ်ခွဲခန်းပို့ပြီး ဘာနဲ့ဓာတ်မတည့်လဲဆိုတာ စစ်ဆေးတာပေါ့။ ဒီမှာတော့ စစ်လို့မရသေးဘူးထင်တယ်။ နိုင်ငံခြားဓာတ်ခွဲခန်းကိုပို့ပြီး စစ်ရတာ။ သူတို့ဆီမှာ အစားများ၊ အဖြစ်များတဲ့အစားအသောက်တွေနဲ့ပဲ စစ်တာပေါ့။

Voice : အစာမတည့်တာဖြစ်လာရင်ဘယ်လိုကုသမှုတွေကို ခံယူရမလဲ။

Dr.OKKW : ရောဂါလက္ခဏာက သေးသေးကနေ အရေးပေါ်အထိ ဖြစ်သွားတတ်တော့ ပြောရခက်တယ်။ ဆေးရုံ၊ ဆေးခန်းသွားဖို့ အလှမ်းဝေးတယ်ဆိုရင် ယားယံတာလောက်ကတော့ ပြဿနာမရှိဘူး။ တဖြည်းဖြည်းနဲ့ ကိုယ့်ရဲ့အနေအထားတွေက အသက်ရှူကျပ်လာမယ်၊ မူးလာမယ်၊ နှုတ်ခမ်းတွေ ထူပိန်းလာတာမျိုး၊ ကိုယ့်ရဲ့ရင်ဘတ်ထဲက ခွဲကျပ်နေတဲ့အသံတွေကို ဘေးနားကနေ ကြားရတာမျိုးတွေဆိုရင်တော့ အရေးပေါ်အခြေအနေပေါ့။ သွေးပေါင်ကျသွားပြီး ရှော့ခ်ဖြစ်တတ်တဲ့အတွက်ကြောင့် ဆေးရုံ၊ ဆေးခန်းကို သွားသင့်တယ်။

Voice : နောက်ဆက်တွဲဖြစ်နိုင်တဲ့ လက္ခဏာတွေရှိပါသလား။

Dr.OKKW : ဒီရောဂါက နာတာရှည်ဖြစ်သွားတဲ့ရောဂါမျိုး မဟုတ်ပါဘူး။ ခန္ဓာကိုယ်ထဲမှာ သူ့ရဲ့ Allergy ဖြစ်တဲ့ဓာတ်ပြယ်သွားရင် သက်သာသွားနိုင်ပေမယ့် ဖြစ်တဲ့ရောဂါရဲ့ ပြင်းထန်မှုအပေါ်မူတည်ပြီး နောက်ဆက်တွဲအနေနဲ့ အသက်သေဆုံးတာအထိ ခံစားရနိုင်တယ်။ နာတာရှည်ဖြစ်သွားဖို့တော့ မရှိဘူး။ ဒီရောဂါကဖြစ်တဲ့အချိန်မှာတော့ ကုသမှုခံယူရင် သက်သာသွားမယ်။ နောက်ထပ်တွေမဖြစ်ဖို့ကတော့ ကိုယ့်ဘာသာကိုယ် ဆင်ခြင်မှုပဲရမယ်။ အဲ့ဒီအခါမှာလည်း နှစ်မျိုးရှိတယ်။ တချို့အစားအသောက်တွေက တစ်ခေါက်စားပြီးသွားရင် နောက်အခေါက်တွေမှာ သိပ်မယားတော့ဘဲနဲ့ ခံနိုင်ရည်ရှိသွားပြီး တစ်သက်လုံးစားလို့ရသွားတာမျိုးရှိသလို တစ်ခေါက်မတည့်သလိုနောက်အခေါက်တွေမှာ မတည့်တာလည်းရှိတယ်။ ဒီတော့ လတ်တလောဖြစ်တာကိုကုသရင် ပျောက်ကင်းနိုင်ပေမယ့် နောက်တစ်ကြိမ်မဖြစ်ရအောင်တော့ ကိုယ်တိုင်ဆင်ခြင်ရမှာပေါ့။

ဓာတ်ပုံ - သီတာဆွေ

Voice : အစာဓာတ်မတည့်တာနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဖြည့်စွက်စကားလေးပြောပေးပါဦး။

Dr.OKKW : Food Allegry လို့ပြောပေမယ့် အစားအသောက်အပြင် ကိုယ်သုံးတဲ့ဆေးဝါးတွေကလည်း အရေးကြီးတယ်။ ဆေးအနေနဲ့ဆိုရင်လည်း ဆေးဆိုင်တွေက စပ်ဆေးတွေသောက်တယ်။ ဆရာဝန်မဟုတ်ဘဲနဲ့ ဒီအတိုင်းစပ်ပေးတဲ့ဆေးကို သောက်ပြီး Allegry ဖြစ်လာတယ်။ အဲ့ဒါတွေကတော့ တော်တော်ဆိုးပါတယ်။ ကိုယ်နဲ့မတည့်တဲ့ အစားအသောက်တွေ၊ ဆေးတွေကို မှတ်ထားပြီး ကိုယ့်အနီးအနားကလူတွေကို အသိပေးထားတာကောင်းတာပေါ့။ ဒါမှသာ အရေးပေါ်ဖြစ်လာရင် ကိုယ့်အနီးနားကပတ်ဝန်းကျင်က ကူညီနိုင်မှာ။ ဒါ့အပြင် ကိုယ့်ရဲ့အိတ်ကပ်ထဲမှာ ကိုယ်နဲ့မတည့်တာတွေကို မှတ်တမ်းလေးလိုလုပ်ပြီး ထားမယ်ဆိုရင်လည်း အရေးပေါ်ဖြစ်တဲ့အခါမှာ ဓာတ်မတည့်တာတွေကို အခြားသူက သိနိုင်မှာဆိုတော့ နိုင်ငံခြားမှာတော့ ဒါမျိုးလေးတွေလုပ်ထားကြတယ်။ ဒီလိုလုပ်မယ်ဆိုရင်တော့ အထောက်အကူဖြစ်စေပါတယ်။

Voice : အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ■ **သီတာဆွေ**

News In Brief

အသက် ၂၀ မှ ၇၉ နှစ်အတွင်း ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားသူ ၁ ဒသမ ၇ သန်းခန့်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံတွင် အသက် ၂၀ မှ ၇၉ နှစ်အတွင်း ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားသူ ၁ ဒသမ ၇ သန်းခန့် ရှိကြောင်း အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုရောဂါအသင်းချုပ်၏ ၂၀၁၂ ခုနှစ်စာရင်းများတွင် ဖော်ပြထားကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

လက်ရှိကျန်းမာရေးအခြေအနေများအရ ဆီးချို၊ သွေးချိုရောဂါများသည် ယခင်ထက် ပိုမိုအဖြစ်များလာသည်ကို တွေ့ရှိရပြီး လေဖြတ်ခြင်း၊ မျက်စိကွယ်ခြင်း၊ နှလုံးရောဂါရခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ပန်းသေ၊ ပန်းညှိုးခြင်းနှင့် ခြေထောက်ဖြတ်ရခြင်းများသည် ဆီးချို၊ သွေးချိုရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများဖြစ်နိုင်ကြောင်း သိရသည်။ ■ **J-12**

World AIDS Day လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ဒီဇင်ဘာ ၁ ရက်နေ့တွင်ကျရောက်မည့် World AIDS Day 2017 လမ်း လျှောက်ပွဲကိုရန်ကုန်မြို့တော်ရှိ ကန်တော်ကြီး သဘာဝဥယျာဉ်တွင် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း UNAIDS ထံမှသိရသည်။ ■ **J-12**

လက်ရှိမှာတော့ သူများတွေရဲ့မင်္ဂလာပွဲတွေကိုပဲ အားကျနေရတဲ့ အေးမြတ်သူ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ချစ်သူကို ပရိသတ်ရှေ့ပွဲမထုတ်သေးပေမယ့် အသက်သုံးဆယ့်ငါးနှစ်မှာ အိမ်ထောင်ပြုမယ်ဆုံးဖြတ်ထားတဲ့ သရုပ်ဆောင်အေးမြတ်သူက လက်ရှိမှာတော့ သူများတွေရဲ့ မင်္ဂလာပွဲတွေကိုပဲ အားကျနေရတဲ့ဘဝ ဖြစ်နေတယ်လို့ The Voice ကို ပြောကြားပါတယ်။

ဓာတ်ပုံ- ဝင်းထွန်းနိုင်

"အေးမြတ်သူလည်း နန်းမြတ်တို့လို Pre Wedding တွေရိုက်ချင်ပါတယ်။ ဒါပေမဲ့လည်း အေးမြတ်သူက နန်းမြတ်လောက်တော့ ကုသိုလ်ကံမကောင်းလောက်ဘူးထင်ပါတယ်။ စိတ်ကူးထဲမှာတော့ ဖြစ်ချင်တာတွေက အများကြီးပေါ့နော်၊ အကောင်းတကာအကောင်းဆုံးတွေချည်းပဲ ဖြစ်ချင်တယ်။ တကယ်တမ်းမှာ ဖြစ်လာမလား၊ မဖြစ်လာဘူးဆိုတာ မသိသေးတော့ သူများရဲ့ မင်္ဂလာပွဲတွေကိုပဲ အားကျနေရတဲ့ဘဝဖြစ်နေတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

မိန်းကလေးတစ်ယောက်အနေနဲ့ အသက်တအားကြီးသွားရင်လည်း မကောင်းတာကြောင့် အသက်သုံးဆယ့်ငါးနှစ်မှာ အိမ်ထောင်ပြုဖို့ မှန်းထားတာဖြစ်ကြောင်း၊ ချစ်သူက ကိုယ့်အပေါ်မှာ တကယ်ကို ငဲ့ညှာပြီးတော့ ကိုယ့်ချစ်သူအတွက် ဘာမဆိုအမြဲတမ်းစဉ်းစားပေးတတ်တဲ့ချစ်သူကောင်းတစ်ယောက်ဖြစ်ကြောင်း သရုပ်ဆောင် အေးမြတ်သူက ပြောထားပါတယ်။

"နန်းမြတ်တို့ရဲ့ Pre Wedding ဓာတ်ပုံတွေကိုကြည့်ပြီး အပျိုကြီးတောင်မနေနိုင်တော့ဘူး၊ ယောကျ်ားအရမ်းလိုချင်လာတယ်။ မိန်းကလေးတိုင်းက အိပ်မက်မက်ကြပေမယ့် ကိုယ်မက်ထားတဲ့အိပ်မက်နဲ့ တစ်ထပ်တည်းကျဖို့ကတော့ ခက်ခဲတာပေါ့နော်။ ဒါပေမဲ့ နန်းမြတ်ကတော့ သူ့ရဲ့အိပ်မက်ထဲက မင်္ဂလာပွဲ၊ သူလိုချင်တဲ့ သတို့သားလောင်းကို အပြင်မှာ လက်တွေ့ရလိုက်တယ်။ သူ့ရဲ့ခင်ပွန်းလောင်းက သူ့အပေါ်မှာချစ်တာက အရမ်းကို သိသာပါတယ်" လို့ ၎င်းက ပြောပါတယ်။

ဒီဇင်ဘာလမှာ တစ်ကိုယ်တော် အယ်လ်ဘမ် ထွက်ရှိမယ့် Soyou

ဆိုးလ်၊ နိုဝင်ဘာ ၂၈

တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် အမျိုးသမီးဂီတအဖွဲ့ Sistar ရဲ့အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ Soyou က ဒီဇင်ဘာလမှာ တစ်ကိုယ်တော်အယ်လ်ဘမ် ထွက်ရှိမှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

Soyou ရဲ့ 'Re:Born' လို့ အမည်ရတဲ့ တစ်ကိုယ်တော်အယ်လ်ဘမ်က ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ ထွက်ရှိလာမှာဖြစ်ကြောင်း သူ့ရဲ့ အနုပညာ အေဂျင်စီဖြစ်တဲ့ Starship Entertainment က သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီအယ်လ်ဘမ်မှာတော့ Soyou က နာမည်ကျော်တေးသံရှင်တွေဖြစ်တဲ့ ဆန်စီကျောင်း၊ ယွန်ဂျောင်ရှင်း၊ ဟစ်ပ်ဟော့အဆိုတော် Primary တို့နဲ့ ပူးပေါင်းဖန်တီးထားတဲ့ သီချင်းတွေကိုလည်း ထည့်သွင်းထားပါတယ်။

အဖွဲ့ဝင်လေးဦးပါတဲ့ Sistar အဖွဲ့က လွန်ခဲ့တဲ့ ဇွန်လအတွင်းမှာတော့ အဖွဲ့ကို တရားဝင်ဖျက်သိမ်းခဲ့ကြပါတယ်။ အဖွဲ့ပြိုကွဲသွားပြီးတဲ့ နောက်မှာတော့ Soyou နဲ့ Hyolyn တို့က တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုတွေ စတင်ခဲ့သလို၊ Bora နဲ့ Dasom တို့ကတော့ သရုပ်ဆောင်ဘက်ကို အခြေချခဲ့ကြပါတယ်။ Soyou က ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ Single သီချင်း 'Some' နဲ့ အောင်မြင်မှုရရှိခဲ့သလို Love In The Moonlight၊ Guardian : The Lonely and Great God ရုပ်သံဇာတ်လမ်းတွဲတွေမှာ သူသီဆိုပေးခဲ့တဲ့ ဇာတ်ဝင်တေးသီချင်းတွေကလည်း အောင်မြင်မှုများစွာ ရရှိခဲ့ပါတယ်။

သန့်ဇင်ဦး

လူငယ်ပရိသတ်ကြိုက် တေးသံရှင်နှစ်ဦးဖြစ်တဲ့ လွှမ်းပိုင်၊ ရဲရင့်အောင်တို့နဲ့ အတူ ဖွေးဖွေး ပါဝင်သရုပ်ဆောင်ထားတဲ့ 'ငါ့ကိုနမ်းတဲ့ မုန်တိုင်း' ရုပ်ရှင်ဇာတ်ကားကို မကြာမီမှာ ရုံတင်ပြသသွားတော့မှာပါ။ ဒီဇာတ်ကားမှာ ပါဝင်ထားတဲ့ လွှမ်းပိုင်၊ ရဲရင့်အောင်တို့ နဲ့ တွေ့ဆုံပြီး သရုပ်ဆောင်ထားတဲ့ဇာတ်ကောင်စရိုက်အကြောင်း၊ ရိုက်ကွင်းအတွေ့အကြုံများနဲ့ ဇာတ်ကားအပေါ် မျှော်လင့်ချက်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

Voice : 'ငါ့ကိုနမ်းတဲ့ မုန်တိုင်း' ရုပ်ရှင်ဇာတ်ကားက ရုံတင်တော့မှာဆိုတော့ ဘယ်လိုရင်ခုန်မှုရှိကြလဲ။

HP: ဒီကားက ကျွန်တော့်အတွက် ပထမဆုံးရုပ်ရှင်ဇာတ်ကားဆိုတော့ အခက်အခဲတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့နဲ့တွဲဖက်သရုပ်ဆောင်ရတဲ့ မဖွေးဖွေးကလည်း အရှိန်အဝါကြီးတဲ့ မင်းသမီးတစ်ယောက် ဖြစ်တယ်။ လက်ရှိ မြန်မာပြည်ရဲ့ နံပါတ်တစ်လို့ပြောလို့ ရတဲ့ မင်းသမီးတစ်ယောက်နဲ့ တွဲပြီး သရုပ်ဆောင်ရတာဆိုတော့ ကိုယ့်ဘက်က အများကြီး ကြိုးစားခဲ့ရတယ်။ ငိုတဲ့အခန်းတွေမှာဆို သူက မျက်ရည်တအားကျနေပြီး ကျွန်တော် မကျမှာစိုးလို့ တော်တော်လေးကို ဖိအားတွေလည်းရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ပရဟိတစိတ်တွေ အရမ်းများတဲ့ လူငယ်တစ်ယောက်နေရာက သရုပ်ဆောင်ရတာပါ။

YYA: ဒီကားမှာ ကျွန်တော်လည်း တော်တော် ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်လုပ်ရသမျှ အရာတွေ အကုန်လုံးက ကျွန်တော့်အတွက် ခက်ခဲတဲ့ အရာတွေကြီးပါပဲ။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ပရိသတ်တွေ အမြင်ကပ်ရမယ့် ကာရိုက်တာမျိုးပါပဲ။ ကျွန်တော်က ဒရာမာအရမ်းဆန်တဲ့ ကာရိုက်တာမျိုးကလွဲရင် စိတ်ပုပ်ရတာတို့၊ ယုတ်မာတဲ့ ကာရိုက်တာမျိုးတွေ လုပ်ရတာ တော်တော်သဘောကျတယ်။ အဲ့ဒါကြောင့် အဆင်ပြေပါတယ်။ ရိုက်ကွင်းပေါ်မှာလည်း ကိုယ့်ကာရိုက်တာပီပြင်ဖို့အတွက် ယုတ်မာတဲ့ စိတ်သွင်းပြီး လုပ်ခဲ့တာပါ။

Voice: ဒီကားမှာနှစ်ယောက်အတူတွဲဖက် သရုပ်ဆောင်ခဲ့ရတာဆိုတော့ ရိုက်ကွင်းပေါ်မှာရော ဘယ်လိုအမှတ်တရတွေ ရှိခဲ့ကြလဲ။

HP: အဲ့ဒီကားမှာ ကျွန်တော်နဲ့ ရဲရင့်အောင် ရဲ့ အဆုံခန်းတွေကနည်းပါတယ်။ နှစ်ယောက်ဆုံတာက သုံးခန်းလောက်ပဲပါတယ်။ ရိုက်ကွင်းပေါ်မှာ အရမ်းမှတ်မှတ်ရရကြီး ဖြစ်ခဲ့တာတော့ မရှိပါဘူး။ ဒါပေမဲ့ ကားပါကင်မှာ နှစ်ယောက်ဆုံတဲ့အခန်းလေးကတော့ အမှတ်တရရှိတယ်။ အဲ့ဒီအခန်းမှာ ကျွန်တော်က အသေအကျေ ငိုတယ်။ ရဲရင့်အောင်ကတော့ လုံးဝအတည်ပဲ။ ကျွန်တော်က ဒီကားမှာအရမ်းကိုပျော့ညံ့တဲ့ကာရိုက်တာမျိုး သရုပ်ဆောင်ရတာပါ။ ကိုယ့်ကာရိုက်တာကို ပီပြင်အောင် မလုပ်နိုင်မှာတော့ စိုးရိမ်ခဲ့တယ်။ ရဲရင့်အောင်နဲ့ ဆုံတဲ့အခန်းတွေထဲမှာ အဲ့ဒီအခန်းလေးကတော့ အမှတ်တရပါပဲ။

YYA: ကိုလွှမ်းပိုင် ပြောသလိုပါပဲ။ ဒီကားမှာ ကျွန်တော်တို့နှစ်ယောက် ဆုံရတဲ့အခန်းက နည်းပါတယ်။ ဒါပေမဲ့ ဆုံတဲ့အခန်းတိုင်းကတော့ အမှတ်တရပါပဲ။ နှစ်ယောက်ဆုံတဲ့ အခန်းတွေမှာဆို ကိုလွှမ်းပိုင်ရဲ့ ကာရိုက်တာက သနားစရာအရမ်းကောင်းနေတယ်။ ကျွန်တော်ကကျတော့ အလွန်အကျွံ အိုဗာတင်းတွေ လုပ်ပြရတဲ့ မကောင်းတဲ့ကာရိုက်တာမျိုးပေါ့။ ကျွန်တော်တို့က အပြင်မှာဆုံရင်လည်း ပေါက်ကရတွေ ပြောနေကျဆိုတော့ ရိုက်ကွင်းပေါ်မှာလည်း မရိုက်ခင် ပြောလိုက်၊ ရယ်လိုက်ကြ၊ ရိုက်မယ်ဆိုရင် ကာရိုက်တာရဲ့ Mood ကို သွင်းလိုက်ကြနဲ့ ပျော်စရာကောင်းခဲ့ပါတယ်။

Voice: ဇာတ်ကားတစ်ကားမှာနှစ်ယောက် ထပ်ဆုံရမယ်ဆိုရင်ရောဘယ်လိုဇာတ်လမ်းမျိုး ရိုက်ချင်ကြလဲ။

YYA: ဒီတစ်ခါတော့ ကျွန်တော်က ကိုလွှမ်းပိုင်ကို အကျင့်လိုက်ယုတ်ရတဲ့သူတော့ မဖြစ်ချင်တော့ဘူး။ သနားစရာကောင်းတဲ့ ဇာတ်ရုပ်မျိုးလည်း လုပ်ချင်တာတော့ မဟုတ်ဘူး။ နောက်ထပ် ထူးခြားမယ့် ကာရိုက်တာတစ်မျိုးတော့ ရိုက်ကြည့်ချင်တယ်။ သေချာတာတော့ ငါ့ကို နမ်းတဲ့ မုန်တိုင်းဇာတ်ကားမှာလို ကိုလွှမ်းပိုင် အပေါ် အကျင့်ယုတ်တဲ့သူတော့ မဖြစ်ချင်တော့ဘူး။

HP: ကျွန်တော် ရိုက်ချင်တာကတော့ တက္ကသိုလ်နောက်ခံဇာတ်ကားလေးရိုက်ချင်တယ်။ ကျွန်တော်တို့ နှစ်ယောက်တွဲပြီး ပျော်စရာ၊ ကျောင်းသား၊ ဟာသကားလေး ရိုက်ချင်တယ်။ ကျွန်တော်က ကျောင်းကားတွေ ရိုက်ရတာအရမ်းကြိုက်တယ်။ ရဲရင့်အောင်နဲ့လည်း ကျောင်းကားလေးတစ်ကားလောက် ရိုက်ချင်တယ်။

Voice: ငါ့ကိုနမ်းတဲ့ မုန်တိုင်းရုပ်ရှင်နဲ့ ပတ်သက်ပြီးတော့ရော ပရိသတ်တွေကို ဘာများ ဖြည့်စွက်ပြောကြားချင်ကြသေးလဲ။

HP: ဒီကားက ကျွန်တော်တို့နှစ်ယောက်ရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဆိုတော့ အရမ်းလည်းစိတ်လှုပ်ရှားပါတယ်။ ဒီကားရိုက်ထားတာလည်း တော်တော်တော့ ကြာပြီ။ လွန်ခဲ့တဲ့ ၂ နှစ်လောက်က ရိုက်ခဲ့တဲ့ ဇာတ်ကားက အခုရုံတင်တော့မယ်ဆိုတော့ ပရိသတ်တွေဆီက ဘယ်လိုဝေဖန်မှုတွေ လာမလဲဆိုတာကို သိချင်တယ်။ ရုံတင်မယ့်ရက်လည်း နီးလာပြီဆိုတော့ စိုးလည်း စိုးရိမ်တယ်။ ရင်လည်း ခုန်ပါတယ်။

YYA: ကျွန်တော် ရှေ့မှာ ဗီဒီယိုဇာတ်ကားတွေ ရိုက်ဖူးပါတယ်။ ဒီကားကတော့ ကျွန်တော့်ရဲ့ ပထမဆုံးရုံတင်မယ့် ရုပ်ရှင်ဇာတ်ကားဆိုတော့ ကျွန်တော့် ပရိသတ်တွေ အကုန်လုံးကိုလည်း လာကြည့်စေချင်ပါတယ်။ ဒီကားမှာ ကျွန်တော့်ရဲ့ သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အားနည်းချက်တွေလည်း ရှိကောင်းရှိမှာပါ။ ရှိလာခဲ့ရင်လည်း ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ်။ သရုပ်ဆောင်မှုပညာရပ်တွေကိုလည်း ဒီ့ထက်ပိုပြီးပြည့်အောင် ကျွန်တော် ကြိုးစားသွားမှာပါ။

လူငယ်တွေအတွက် High Skool ဖက်ရှင်ဆိုင်ဖွင့်တော့မယ့် လွှမ်းပိုင်နဲ့ Bobby Soxer

ဓာတ်ပုံ- သန့်ဇင်ဦး

ရန်ကုန်၊ နိုဝင်ဘာ ၂၈

လူငယ်တွေအတွက် ဖက်ရှင်ဒီဇိုင်းဆန်းတွေ ရနိုင်မယ့် High Skool ဖက်ရှင်ဆိုင်ကို ဒီဇင်ဘာလအတွင်း စတင်ဖွင့်လှစ်တော့မှာ ဖြစ်ကြောင်း လူငယ်ပရိသတ်ကြိုက် ဟစ်ပ်ဟော့ပ် တေးသံရှင်တစ်ဦး ဖြစ်တဲ့ လွှမ်းပိုင်က ပြောကြားပါတယ်။

"ဒီဇင်ဘာလထဲမှာတော့ High Skool ဖက်ရှင်ဆိုင် ဖွင့်မယ်။ ၂၀၁၈ ခုနှစ်ထဲမှာတော့ High Skool အောက်ကနေ နောက်ထပ် Brand တစ်ခု ထပ်လုပ်ဖို့လည်း ရှိပါတယ်။ အသေးစိတ်ကိုတော့ နောက်နှစ်ထဲမှာ ပရိသတ်တွေ သိရမှာပေါ့နော်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းဆိုင်ကိုတော့ အနုပညာရှင်နှစ်ယောက် ဖွင့်ထားတဲ့ ဆိုင်ဖြစ်လို့ ချစ်လို့အားပေးတာမျိုးထက်၊ သာမန် ဖက်ရှင်ဆိုင်တစ်ဆိုင် အဖြစ်သာ မြင်စေချင်ပြီး၊ ဆိုင်မှာ တင်ထားတဲ့ ဖက်ရှင်ဒီဇိုင်းတွေကိုလည်း ကိုယ် တကယ်ကြိုက်မှပဲ အားပေးစေချင်ကြောင်း တေးသံရှင် Bobby Soxer က ပြောကြားပါတယ်။

"ကျွန်တော်တို့ဆိုင်အတွက် High Skool Facebook Page လေးလုပ်ထားပါတယ်။ အဲ့ဒီ Page မှာ ကျွန်တော်တို့ဆိုင်အတွက် လိုအပ်တဲ့ အရာလေးတွေကို Review လေးတွေ ရေးပေးဖို့ ပရိသတ်တွေကို တောင်းဆိုချင်ပါတယ်။ ဘယ်ဝန်ထမ်းတွေက ဘယ်လို ဆက်ဆံရေးရှိတယ်၊ ဆိုင်မှာ ဘာလိုအပ်တယ်ဆိုတာတွေကို ပွင့်ပွင့် လင်းလင်း ဝေဖန်ထောက်ပြလို့ ရပါတယ်" လို့ ၎င်းကဆိုပါတယ်။

ကိုယ်တိုင်က လေးစားမှုရှိရင် မည်သူနဲ့မှ ပဋိပက္ခဖြစ်စရာ မရှိပါဘူးဆိုတဲ့ တက္ကသိုလ်ဂွမ်းပုံ

ဓာတ်ပုံ- ဝင်းထွန်းနိုင်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အနုပညာလောကမှာ တစ်ယောက်နဲ့ တစ်ယောက် လေးစားမှုတွေ နည်းပါးလာတာနဲ့ ပတ်သက်ပြီး ဝါရင့်သရုပ် ဆောင်တက္ကသိုလ် ဂွမ်းပုံက သရုပ်ဆောင်သက်တမ်းတစ်လျှောက် မှာတော့ လေးစားမှု မပေးတာမျိုး ခံရခြင်းမရှိဘဲ ကိုယ်တိုင်က တစ်ဖက်သားအပေါ် လေးစားမှုရှိရင် မည်သူနဲ့မှ ပဋိပက္ခဖြစ်စရာမရှိပါဘူးလို့ The Voice ကို ပြောကြားပါတယ်။

"အဓိကတစ်ယောက်နဲ့ တစ်ယောက်က လေးစားမှု၊ နားလည်ပေးမှုရှိဖို့လိုတယ်။ လိုတိုးပိုလျှော့လေး တွေကတော့ ရှိတာပေါ့နော်။ ဒါပေမဲ့ သူသာတယ်၊ ကိုယ်နာတယ်မတွက်ဘဲနဲ့ Scene ပေါ်မှာ ဒါရိုက်တာကနေ စက်အ ဖွဲ့အဆုံး အားလုံးကတက်ညီလက်ညီနဲ့ လုပ်မယ်ဆိုရင် တကယ်ကိုပြည့်ဝလှတဲ့ အနုပညာအရည်အသွေး တွေ ရရှိလာမှာပါ။ Respect ရှိရင် မည်သူတစ်ဦးတစ်ယောက်ကမှ ပဋိပက္ခဖြစ်စရာမရှိပါဘူး" လို့ ၎င်းက ထပ်လောင်း ပြောပါတယ်။

သရုပ်ဆောင်တစ်ယောက်က အောင်မြင်တာ၊ မအောင်မြင်တာကိုထည့်မတွက်ဘဲ ရိုက်ကွင်းပေါ် ရောက်လာရင် လေးစားမှု ရှိဖို့လိုကြောင်း၊ ရိုက်ကွင်းကို ဘယ်သူရောက်ရောက်၊ မရောက်ရောက် ကိုယ်အရင် ရောက်ဖို့ အရေးကြီးပြီး ကိုယ်ကိုယ်တိုင်က ကိုယ့်ရဲ့အခန်းကဏ္ဍကို ပိုင်နိုင်စွာလုပ်သွားမယ်ဆိုရင် ရိုက်ကွင်းမှာ အဆင်မပြေတဲ့ကိစ္စတွေက ဖြစ်လာစရာမရှိကြောင်း သရုပ်ဆောင်တက္ကသိုလ်ဂွမ်းပုံက ပြောထားပါတယ်။

"မင်္ဂမ်းကတော့ Respect သူတို့မပေးလည်း ကိုယ်ကပေးလိုက်တယ်။ မဂွမ်းအနေနဲ့ အသက်ကြီးလာတာ ကြောင့်လည်း ပါရင်ပါမှာပေါ့နော်။ အရင်တုန်းကဆိုရင်တော့ စိတ်ဆတ်တယ်၊ စိတ်မြန်တယ်ဆိုပေမယ့် နောက် ပိုင်းမှာကျတော့ စီနီယာမှ၊ ဂျူနီယာမှမဟုတ်ဘူး။ ကိုယ့်ထက်အသက်ငယ်ရင်လည်း ဖော်ဖော်ရွေရွေဆက်ဆံ တာပါပဲ။ နောက်တစ်ခုက ကားတစ်ကားကို သိန်းပေါင်းများစွာ အကုန်အကျခံရင်းနှီးထားတဲ့ ပရိုဂျူဆာတွေကို Respect ရှိရမယ်" လို့ ၎င်းကပြောပါတယ်။

ဝမှ လူပိုသိလာတာဆိုတော့ သိပ်မပိန်ချင်ဘူးဆိုတဲ့ မေပန်းချီ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

လောလောဆယ်မှာ ဝတဲ့တက်ကိုနည်းနည်း ပါနေတာကြောင့် Gym ပုံမှန်ဆော့ဖြစ်နေတဲ့ သရုပ်ဆောင်မေပန်းချီက ပေါင်ချိန် ၁၄၀ လောက်အထိပဲချဖို့ အစီအစဉ်ရှိပြီး ကိုယ်က ဝမှ လူပိုသိလာတာဆိုတော့ သိပ်မပိန်ချင်ဘူးလို့ The Voice ကို ပြောကြားပါတယ်။

"ညီမက ပိန်ဆေးတွေဆို အစုံသောက် ဖူးတယ်။ ကိုယ်က အလွယ်လမ်းလိုက်တာပေါ့ နော်။ အလုပ်တွေနဲ့ဆိုတော့ Gym မဆော့ နိုင်ဘူးလေ။ အဲ့ဒါကြောင့် ပိန်ဆေးတွေ သောက်တယ်။ ဒါပေမဲ့ အွန်လိုင်းကနေကြော်ငြာ တဲ့ ဆေးတစ်မျိုးကိုသောက်လိုက်တဲ့အချိန်မှာ အသက်ရှူလို့မရတော့တာနဲ့ ဆေးရုံပါတက်လိုက် ရတယ်။ အဲ့ဒါကြောင့် ကိုယ်ကိုယ်တိုင်လည်း အရမ်းကြောက်သွားတာနဲ့ အားကစားလုပ်ရင်း နဲ့ပဲ ဝိတ်ချဖြစ်နေတယ်။ ညီမက ပေါင်ချိန်ကို ၁၄၀ လောက်အထိပဲ ချမှာပါ" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ဖေ့စ်ဘွတ်ခ်မှာတင်တဲ့ ဓာတ်ပုံတွေကို ခေတ်နဲ့အညီ ရိုက်တာရှိသလို တချို့ဓာတ်ပုံဆရာ တွေကျတော့လည်း ကိုယ့်ကိုလှတဲ့ရှုထောင့် ကနေ ရိုက်ပေးတာရှိကြောင်း၊ အင်တာနက် ခေတ်မှာ တကယ့်အရည်အချင်းမရှိဘဲနဲ့ ဖေ့စ်ဘွတ်ခ်မှာပေါက်နေတဲ့လူတွေ အများကြီး ရှိပေမယ့် ကိုယ်တိုင်ကတော့ အရည်အချင်း ရှိတဲ့ လူတစ်ယောက်ပဲဖြစ်ချင်ကြောင်း သရုပ်ဆောင် မေပန်းချီက ပြောထားပါတယ်။

"လက်ရှိခေတ်မှာ ဖက်ရှင်ကလည်းအရေးကြီးလာတော့ ခေတ်နဲ့အညီ လိုက်နေပေးရတာပေါ့နော်။ တချို့ပရိသတ်တွေကလည်း မေပန်းချီကိုမြင်လိုက်တာနဲ့ ဒီပုံတွေချည်းပဲဆိုပြီး ပြောကြတယ်။ ညီမက Sexy မော်လ်ဒယ်လည်းမဖြစ်ချင်ပါဘူး။ ဒါပေမဲ့ ကိုယ်ကအနုပညာသမားဖြစ်တဲ့အတွက် အမြဲတမ်းတော့ ထဘီနဲ့ ရင်ဖုံးကို ဝတ်လို့ မရဘူးလေ။ ကိုယ့်ဘက်ကနေ တတ်နိုင်သလောက်ကို လုံခြုံသင့်သလောက် လုံခြုံအောင်တော့ ဝတ်ပါတယ်" လို့ ၎င်းကပြောပါတယ်။

နီဘရာစကာပြည်နယ်ဖျော်ဖြေပွဲ နည်းပညာအခက်အခဲကြောင့် JAY-Z ဖျက်သိမ်း

အမေရိကန်ပြည်ထောင်စု နီဘရာ စကာပြည်နယ် ဖျော်ဖြေပွဲကိုနည်းပညာ အခက်အခဲကြောင့် ဖျက်သိမ်းလိုက်ရတာမို့ JAY-Z က တောင်းပန်လိုက်ပါတယ်။

4:44 လို့အမည်ရတဲ့ နယ်လှည့် ဖျော်ဖြေပွဲကိုအဆိုပါ ရပ်(ပ်) တေးသံရှင် ကြီးက သွားနေပြီးတော့ ဒီဇင်ဘာလ ၆ ရက်နေ့မှာ နီဘရာစကာပြည်နယ် လင်ကွန်း ဒေသမှာဖျော်ဖြေရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ နည်းပညာအခက်အခဲတွေ ကြောင့် ထိုပွဲကို ဖျက်သိမ်းလိုက်ရတာ ဖြစ်တယ်လို့ Billboard သတင်းဌာန က ဖော်ပြထားပါတယ်။

"ဒီပွဲက ကျွန်တော့်အတွက် အရေးပါ ပါတယ်။ ဒါပေမဲ့ ပွဲကိုဖျက်သိမ်းရမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့ကို (ပရိသတ်များ) လေးစားပါတယ်" ဟု JAY-Z က ပြော ကြားခဲ့ပါတယ်။

ဖျော်ဖြေပွဲရဲ့ဗီဒီယိုပြသမှု စခ်ရင် များကို အချိန်မီမတပ်ဆင်နိုင်တာကြောင့် ခုလိုမျိုး ဖျော်ဖြေပွဲကို ရပ်လိုက်ရတာလို့ သတင်းစာများက ရေးသားနေကြပါတယ်။

အွန်လိုင်းကနေ ဝယ်ယူထားသူများ ကိုအလိုအလျောက် ငွေပြန်ထုတ်ပေးပြီး ဖြစ်ပြီးတော့ လက်မှတ်ဝယ်ယူထားသူများ ကတော့ ဝယ်ယူရာနေရာမှာပဲငွေပြန်ထုတ် နိုင်တယ်လို့ လက်မှတ်ရောင်းချပေးတဲ့ ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

JAY-Z ရဲ့ နယ်လှည့်ဖျော်ဖြေပွဲဟာ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ လော့အိန်ဂျလိစ် မြို့မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။

F-02

TECHNOLOGY

ကမ္ဘာ့အမြန်ဆုံး လျှပ်စစ်ကား ထိုင်ဝမ်ထုတ်လုပ်

ထိုင်ဝမ်၊ နိုဝင်ဘာ ၂၈

ကမ္ဘာကျော် သူဌေးကြီး အီလန်မာ့စ်၏ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ထုတ်ခဲ့သော ကမ္ဘာ့အမြန်ဆုံး ကားဆိုသည့် စံချိန်ကိုချိုးနိုင်မည့် ကားတစ်စီးအား ထိုင်ဝမ်မှ ကုမ္ပဏီတစ်ခုက ထုတ်လုပ်လိုက်ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

XING Mobility

Miss R ဟုအမည်ပေးထားသည့် လျှပ်စစ်ကားသည် မြင်းကောင်ရေ 1,000-kilowatt (1,341-hp) အထိ စွမ်းဆောင်နိုင်ပြီး 0-100 km/h (0-62 mph) ကို ၁ ဒသမ ၈ စက္ကန့်နှင့် စံချိန်ချိုးနိုင်ခဲ့သဖြင့် အီလန်မာ့စ်တီထွင်ခဲ့သော Telsa Roadster ကားထက် စက္ကန့်ပိုင်းမျှပိုကာ စံချိန်တင်နိုင်ခဲ့ကြောင်း ယင်းသတင်းက ဆိုသည်။

ယင်းလျှပ်စစ်ကားကို ထုတ်လုပ်သည့် Xing Mobility ကုမ္ပဏီသည် ကားစင်းရေ ၂၀ သာထုတ်လုပ်ပြီး တစ်စင်းလျှင် တန်ဖိုးဒေါ်လာ တစ်သန်းနှင့် ရောင်းချရန် စီစဉ်ထားသည်။

Miss R ကားများသည် အစဉ်အလာအသုံးပြုနေကြသည့် အင်ဂျင်ကားများ လမ်းကြောင်းမှ ခွဲထွက်ပြီး Evs ဘက်ထရီစနစ်ကို အသုံးပြုထားခြင်းကြောင့် စွမ်းအားပိုကောင်းရခြင်းဖြစ်ကြောင်း Xing Mobility မှ စီအီးအို ရှိုက်စ်ပောင်က ပြောကြားသည်။

ကားမြန်နှုန်းမြင့်နိုင်သည့် အင်ဂျင်စွမ်းအင်၏ စွမ်းဆောင်နိုင်မှုကို အေးခဲပြီးနေစေရန် နည်းပညာကို ကုမ္ပဏီ အနေနှင့် မူပိုင်ခွင့်တင်ထားကြောင်း Xing Battery System ကလည်း အလွန်ကောင်းမွန်သည့် သိုလှောင် စနစ်ဖြစ်ကြောင်း၊ LEGO ဘက်ထရီအမျိုးအစားကို lithium-ion ဆဲလ်ပေါင်း ၄၂ ခု ထည့်သွင်းထားနိုင်သောကြောင့် စွမ်းဆောင်ရည်မြင့်ရခြင်းဖြစ်ကြောင်း ယင်းကဆိုသည်။

Miss R ကားတွင် တပ်ဆင်ထားသည့် ဘက်ထရီများသည် စွမ်းအင်ကို 1 Megawatt အထိ ထုတ်ပေးနိုင်စွမ်းရှိပြီး၊ လက်ရှိအသုံးပြုနေသော လျှပ်စစ်ကားများ၏ ဘက်ထရီများထက် အချိန် ၃၀ မှ ၅၀ ရာခိုင်နှုန်းခန့် လျော့ပြီး အားသွင်းနိုင်မည်ဖြစ်သည်။

အလွန်ပေါ့ပါးသည့် အရည်စွမ်းအားဖြင့် ထုတ်လုပ်ထားသည့် ဘက်ထရီကို ၅ မိနစ်အတွင်း အားပြန်ပြည့်နိုင် စေရန် စီစဉ်ထားနိုင်ခြင်းကြောင့်လည်း လျှပ်စစ်ကားများထဲတွင် စွမ်းအားအမြင့်ဆုံးအားသွင်းမှုဟု ဆိုနိုင်သည်။

Xing Mobility ကုမ္ပဏီအနေနှင့် လာမည့် ၂၀၁၈ ခုနှစ်အတွင်း ကားများကို ဈေးကွက်တင်နိုင်ရန် စီစဉ်နေပြီး အထူးထုတ်လုပ်ထားသည့် ဘက်ထရီစနစ်ကို ဈေးကွက်ရောက်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

Maserati Quattroporte ကားသည် တစ်နာရီလျှင် ၁၂၄ မိုင်နှုန်းအရောက် စံချိန်တင်ထားနိုင်ခဲ့ သည်ကို Miss R ကားက တစ်နာရီလျှင် ၁၆၈ မိုင်မှ ၁၈၆ မိုင်အတွင်း ထပ်မံစံချိန်ချိုးနိုင်ရန် တီထွင်လျက်ရှိ ကြောင်း AFP သတင်းတွင်ရေးသားထားသည်။ ■

လူသားဦးနှောက်အတွင်း AI ဦးနှောက်ကို အစားထိုးစမ်းသပ်

ဝါရှင်တန်၊ နိုဝင်ဘာ ၂၈



Shutterstock

အမေရိကန်တပ်မတော်မှ ပညာရှင်များသည် လူသား၏ ဦးနှောက်အတွင်း AI ဟုခေါ်သည့် ကွန်ပျူတာ ဉာဏ်ရည်တုဖြင့် ထိန်းချုပ်ခိုင်းစေနိုင်မည့် စက်ဦးနှောက်တစ်မျိုးကို အစားထိုးစမ်းသပ်လျက်ရှိကြောင်း The Nature သတင်းတွင်ဖော်ပြထားသည်။

စိတ်ကို ထိန်းချုပ်နိုင်မည့် ကွန်ပျူတာ Chip ကို ဦးနှောက်အတွင်း မြှုပ်နှံထားပြီးနောက် လျှပ်စစ်စွမ်းအင်ဖြင့် တုံ့ပြန်မှုများ၏ အစီအစဉ်များကို ပြောင်းလဲရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

စိတ်ကျန်းမာရေးမကောင်းသည့် သူများအားလည်း ယင်း AI Chip များကို အစားထိုးထည့်သွင်းပြီး ပိုမိုကောင်း မွန်သော အနေအထားတစ်ခုအထိ ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

လူသားဦးနှောက်အတွင်း အစားထိုးသည့် ကွန်ပျူတာ Chip ကို အမေရိကန် ကာကွယ်ရေးဌာန၏ ဌာနခွဲ တစ်ခုဖြစ်သည့် Defense Advanced Research Projects Agency (DARPA) အဖွဲ့က တီထွင်ခဲ့ခြင်းဖြစ်ပြီး၊ စစ်ရေးအတွက် နည်းပညာသစ်တစ်ခုအနေနှင့် စမ်းသပ်လျက်ရှိသည်။

ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများနှင့် မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ ပညာရှင်များ ပါဝင်သည့် ယင်းအဖွဲ့သည် ဦးနှောက်ပုံမှန်မဟုတ်သူများကို ကုစားရန် ဒီဇိုင်းထွင်ရာမှ ယခုအခါ စစ်သုံးအတွက် အဆင့်မြင့်လုပ်ဆောင်ချက်များကို ပူးပေါင်းကာ တီထွင်လျက်ရှိသည်။

ဦးနှောက်အတွင်း တီထွင်ထားသည့် Chip ပြားကိုထည့်ပြီးနောက် လျှပ်စစ်ဓာတ်ဖြင့် ရှော့ရိုက်ရာ၌ လူနာ၏ အနေအထားမှာ ပိုပြီးကောင်းမွန်လာသည့် အနေအထားကို ရောက်ရှိခဲ့သည်။

ဦးနှောက်အတွင်းထည့်နိုင်သည့် AI Chip ပြားစနစ်သည် ပါကင်ဆန်ခေါ် ရောဂါများနှင့် စိတ်ဓာတ်ကျဆင်း နေသူများအတွက်လည်း ကုစားနိုင်မည့် ကုထုံးသစ်တစ်ခုဖြစ်လာဖွယ်ရှိကြောင်း ပညာရှင်များကပြောကြား သည်။

ကာလီဖိုးနီးယားတက္ကသိုလ်မှ အာရုံကြောအထူးကုပညာရှင် ဆရာဝန်ကြီး အက်ဒ်ဝပ်ချန်းက လူတစ်ယောက်ကို Chip ပြား ဦးနှောက်အတွင်း ထည့်သွင်းပေးပြီးနောက် လျှပ်စစ်ဓာတ်ပမာဏ မည်မျှလွှတ်ပေးရမည် ဆိုခြင်းကို စမ်းသပ်ဆဲဖြစ်ကြောင်း၊ ယခုအခါ AI Chip ပြားဖြင့် လူနာ ၆ ဦးကို စမ်းသပ်ပြီးဖြစ်ကြောင်း၊ ဦးနှောက် အတွင်း ထည့်သွင်းထားသည့် Chip ပြားက ဦးနှောက်၏ ပျက်စီးနေသော အပိုင်းကိုလည်း ခြေရာခံနိုင်စွမ်းရှိ ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဦးနှောက်အတွင်းထည့်သွင်းထားသည့် AI Chip ပြားသည် လူ့စိတ်ကို ဖတ်နိုင်စွမ်းမရှိသော်လည်း ဆေးပညာ ကိုယ်ကျင့်တရားကို များစွာရင်ဆိုင်ရဖွယ်ရှိကြောင်း The Nature တွင် ရေးသားထားသည်။ ■

NEWS IN BRIEF

လန်ဒန်မြေအောက်ဘူတာတွင် 4G ဆက်သွယ်ရေးစနစ် အသုံးပြုနိုင်ရန် စီစဉ်

လန်ဒန်မြေအောက်ဘူတာရုံများတွင် 4G မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်များကို ၂၀၁၉ ခုနှစ်တွင် အားလုံး အသုံးပြုနိုင်ရေးအတွက် စတင်စမ်းသပ်လျက်ရှိကြောင်း Evening Standard သတင်းတွင်ဖော်ပြထားသည်။

ရထားစီးမည့် သူများအနေနှင့် မြေအောက်ရထားခရီးစဉ်အတွင်း အီးမေးလ်များ စစ်ဆေးခြင်း၊ ဆိုရှယ်မီဒီယာများကို အသုံးပြုနိုင်ခြင်းအပြင် မိမိတို့သွားနေသည့် ခရီးစဉ်များကို စစ်ဆေးခြင်းတို့ကိုပါ အင်တာနက်က တစ်ဆင့် လုပ်ဆောင်သွားနိုင်ရန် စီစဉ်ပေးခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လန်ဒန်မြေအောက်ဘူတာများတွင် Wi-Fi စနစ်များရရှိစေရန် စီစဉ်ထားပေးပြီး ဖြစ်သော်လည်း ဘူတာတစ်ခုနှင့် တစ်ခုကြား ရထားထွက်ချိန်၌ ပြတ်တောက်မှုများရှိတတ်ကြောင်း၊ အချိန်မရွေး၊ နေရာမရွေးဆက်သွယ်နိုင်ရေးအတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း လန်ဒန်အစ်ဂျစ်တယ်အရာရှိချုပ် သီအိုဘာလက်ဝဲလ်ကပြောကြားသည်။ ■

ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းကို ကာကွယ်ရန် Facebook ကူညီမည်

ကမ္ဘာကျော်ဆိုရှယ်မီဒီယာကြီးတစ်ခုဖြစ်သည့် Facebook သည် မိမိတို့မီဒီယာပေါ်ကတစ်ဆင့်ကိုယ့်ကိုယ်ကိုယ်သတ်သေလိုသူများကိုအာရုံခံနိုင်မည့်AI စနစ်အား အသုံးပြုပြီး အကာအကွယ်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

Facebook ကတစ်ဆင့်အာရုံခံ ထောက်လှမ်းနိုင်မည့်စနစ်ကိုမတ်လကတည်းက ထုတ်လွှင့်စမ်းသပ်လျက်ရှိပြီး တင်လိုက်သည့် စာသားများကို နောက်ယောင်ခံကာ သတ်သေမည့် လက္ခဏာရှိလျှင် အချက်ပေးသည့် စနစ်များကို တီထွင်ထားပြီးဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

Facebook အနေနှင့်မသင်္ကာဖွယ်ကောင်းသည့်စိတ်ဖိစီးခြင်း ခံစားနေရသူများထံ Are you ok? နှင့် Can I help? ဆိုသည့် စာသားလေးများ အလိုအလျောက်ပေးပို့ဖြေသိမ့်နိုင်သည့်စနစ်ဖြင့် ဆောင်ရွက်ပေးနေကြောင်း Facebook ကထုတ်ပြန်ထားသည်။ ■

ကြွက်သားတုက မိမိအလေးချိန်ထက် အဆ ၁၀၀၀ ပိုလေးသည်ကိုမပြ

မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် (MIT) မှ ပညာရှင်များနှင့် ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များ ပူးပေါင်းပြီး ကြွက်သားအတုတစ်မျိုးကို ထုတ်လုပ်ကာ စက်တစ်ခုတွင် တပ်ဆင်ပြီး ဝန်ကိုမခိုင်းရာတွင် မိမိအလေးချိန်ထက် အဆတစ်ထောင်များသည့် ပမာဏကို အောင်မြင်စွာမနိုင်ခဲ့ကြောင်း ABC သတင်းတွင် ဖော်ပြ ထားသည်။

National Academy of Sciences တွင် တီထွင်ထားသော စက်ရုပ် အပျော့စားများတွင် နောက်ဆုံးပေါ် ဂျပန်စက္ကူခေါက်နည်း အိုရီဂါမီနည်းဖြင့် တီထွင်ထားသည့်ကြွက်သားတုများကိုထည့်သွင်းစမ်းသပ်ခဲ့ခြင်း ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အိုရီဂါမီကြွက်သားစနစ်သည် ပင့်အားကိုသာမက ကုပ်အားကိုလည်း ပိုမိုခိုင်မြဲစွာ လုပ်ဆောင်နိုင်ပြီး ခန္ဓာကိုယ် အစိတ်အပိုင်းများကို သက်သာစွာဖြင့် ဝန်ချီမမှုများကိုပြုလုပ်နိုင်စေသဖြင့် အနာဂတ်တွင် ဝတ်ဆင်အသုံးပြုနိုင်သည့် ပစ္စည်းတစ်ခုဖြစ်လာနိုင်ကြောင်း ABC တွင် ရေးသားထားသည်။ ■

နိုင်ငံတကာအာကာသစခန်းပြင်ပတွင် သက်ရှိဗက်တီးရီးယားများတွေ့ရှိ

နိုင်ငံတကာ အာကာသစခန်း၏ ပြင်ပနေရာများတွင် သက်ရှိ ဗက်တီးရီးယားများ ရှင်သန်ပေါက်ဖွားနေကြ သည်ကို တွေ့ရှိပြီး ယင်းတို့သည် အခြား အာကာသတစ်နေရာက လွင့်လာသည့် ဗက်တီးရီးယားများ ဖြစ်နိုင်ကြောင်းကို ၁၉၉၈ ခုနှစ်ကတည်းက ရုရှားအာကာသယာဉ်မှူး အန်တန် ရှာခါပလာရော့က ပြောကြားခဲ့သည်။

ထိုဗက်တီးရီးယားများကို မြေပြင်သို့ ပြန်လည်ယူဆောင်လာပြီး စမ်းသပ်ကြည့်ရာတွင် လူသားတို့ကို အန္တရာယ် မပြုနိုင်ကြောင်း ရုရှားအာကာသ အေဂျင်စီအဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကို TASS သတင်းတွင် ဖော်ပြထားသည်။

ရှာခါပလာရော့သည် နိုင်ငံတကာ အာကာသစခန်းပြင်ပတွင် ကွန်ပျူတာကိုထုတ်ပြီး အချိန်ကြာမြင့်စွာ စမ်းသပ် အသုံးပြုခဲ့ပြီးနောက် အတွင်းကိုပြန်လည်ယူဆောင်လာရာတွင် ယင်းဗက်တီးရီးယားများ ပါလာသည်ကို သတိထားပြီးစမ်းသပ်ကာ ယခုမှ အန္တရာယ်မရှိဟု ထုတ်ပြန်ခြင်းဖြစ်သည်။ ■

အင်္ဂါဂြိုဟ်သို့ လူသားများရောက်လျှင် Budweiser ဘီယာလည်းရောက်လိုကြောင်း ပြောကြား

နာမည်ကျော် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Budweiser သည် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားရောက်သည်နှင့် မိမိတို့ကုမ္ပဏီထုတ် ဘီယာလည်း ရောက်စေရန် စီစဉ်လျက်ရှိကြောင်း ထုတ်ဖော် ပြောကြားချက်ကို The Washington Post တွင် ဖော်ပြထားသည်။

ယခုအခါ Budweiser ကုမ္ပဏီသည် ဘီယာထုတ်လုပ်ရာတွင် အဓိကကျသည့် ကောက်နှံမျိုးများကို နိုင်ငံတကာ အာကာသစခန်းအတွင်းသို့ပို့ဆောင်ပြီး စမ်းသပ်ရန်အတွက် ဒီဇင်ဘာ ၄ ရက်နေ့တွင် လွှင့်တင်မည့် အာကာသယာဉ်နှင့် ထည့်ပေးလိုက်ရန် စီစဉ်လျက်ရှိကြောင်း ယင်းသတင်းကဆိုသည်။ကမ္ဘာ့မြေပြင်အထက်မိုင် ၂၂၀ အကွာ နိုင်ငံတကာအာကာသစခန်းတွင် ကမ္ဘာ့ဆွဲငင်အားကိုဆန့်ကျင်ကာ ဘီယာထုတ်နိုင်သည့် သီးနှံများ ဖြစ်ထွန်းမှုကို စမ်းသပ်ပြီး အင်္ဂါဂြိုဟ်ခရီးစဉ်အထိ လိုက်ပါနိုင်ရန် စီစဉ်နေကြောင်း Budweiser ကပြောကြားသည်။ ■

မန္တလေးခရိုင်ရှိ ပရဟိတကျောင်းနှစ်ခုမှ ကျောင်းသားများကို လွှတ်တော်လုပ်ငန်းစဉ်များလေ့လာရန် ဖိတ်ခေါ်

မန္တလေး၊ နိုဝင်ဘာ ၂၈

မန္တလေးခရိုင်အတွင်းရှိ ပရဟိတကျောင်းနှစ်ကျောင်းမှ ကျောင်းသားကျောင်းသူများ လွှတ်တော်လုပ်ငန်းစဉ်များကို လေ့လာနိုင်ရန် ဖိတ်ခေါ်ထားကြောင်း မန္တလေးတိုင်းလွှတ်တော်ရုံးထံမှ သိရသည်။

ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးများကို ဒီဇင်ဘာပထမပတ်အတွင်း ကျင်းပမည်ဖြစ်သည်။

မန္တလေးခရိုင်အတွင်းရှိ ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်ရှိ ကျောင်းသားကျောင်းသူများ၊ ဘုံပျံတောရရှိ ရတနာမာန်အောင် ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ခေါ်ရန်ထားသည်ဟု မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောကြားသည်။

"လွှတ်တော်ကိုမခေါ်ခင် လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ လွှတ်တော်အကြောင်း၊ ဥပဒေပြုပုံ၊ ဘာကြောင့် ဥပဒေပြုတယ်ဆိုတာတွေသိဖို့ ကလေးတွေကို ဟောပြောမယ်" ဟု ၎င်းကပြောဆိုသည်။

ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ လွှတ်တော်မကျင်းပမီ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဘုံပျံတောရရှိ ရတနာမာန်အောင်ကျောင်း၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကံတက်ကုန်းမစိုးရိမ်ကျောင်းရှိကျောင်းသား၊ ကျောင်းသူများကို လွှတ်တော်ကိုယ်စားလှယ်များက ဟောပြောမည်ဖြစ်ကာ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကံတက်ကုန်းမစိုးရိမ်ကျောင်းမှ ကျောင်းသားကျောင်းသူ ၇၀ ဦးခန့်နှင့်၊ ဒီဇင်ဘာ ၇ ရက်နေ့တွင် ဘုံပျံတောရရှိ ရတနာမာန်အောင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးခန့်ကို လေ့လာရေးခေါ်ရန် မန္တလေးတိုင်းလွှတ်တော်က စီစဉ်ထားသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေကတော့ ဦးပဥ္စင်းကို လာလျှောက်ထားတယ်။ ဦးပဥ္စင်းတို့အနေနဲ့က တိုင်းပြည် တိုးတက်ဖို့ဆိုရင် မင်္ဂလာတရားတွေနဲ့ ပြည့်စုံရမယ်။ ကလေးတွေသိသင့်သိထိုက်တဲ့ သဘာဝတွေသိဖို့ နားလည်ဖို့အတွက် စာဖတ်ရမယ်။ လေ့လာရေးခရီးတွေသွားရမယ်။ လေ့လာရေးသွားတဲ့ခရီးတွေကို အကြောင်းပြုပြီးတော့ ဗဟုသုတတွေရမယ်။ ခုလိုစီစဉ်ပေးတာ ကောင်းတယ်။ ဦးပဥ္စင်းတို့ကျောင်းက အဋ္ဌမတန်းနဲ့ နဝမတန်း ကျောင်းသား၊ ကျောင်းသူတွေကို လွှတ်ဖို့ စီစဉ်ထားတယ်။ မန္တလေးတိုင်းတင်မဟုတ်ပဲ အခြားပြည်နယ်နဲ့တိုင်းတွေမှာပါ လုပ်နိုင်ရင် ပိုပြီးတော့ ကောင်းမယ်" ဟု ကံတက်ကုန်း မစိုးရိမ်ကျောင်းတိုက်မှ ကျောင်းအုပ်ဆရာတော်ဦးတေဇောဘာသက မိန့်ကြားသည်။

နိုဝင်ဘာ ၂၀ ရက် (ကမ္ဘာ့ကလေးများနေ့) ကလည်း မန္တလေးတိုင်းလွှတ်တော်နှင့် UNICEF တို့ပူးပေါင်းကာ ကလေးများမှ လူကြီးများနေရာသို့ လွှဲပြောင်းရယူခြင်းအဖြစ် ကလေးများက လွှတ်တော်လုပ်ငန်းစဉ်များကို ခေတ္တ ပြုလုပ်ခဲ့သေးသည်။ ■

M-05

စစ်ဘေးရှောင်များ၏ ပိုင်ဆိုင်မှုများမသိမ်းရန် ကေအိုင်အို ထုတ်ပြန်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ဒေသများရှိ စစ်ဘေးရှောင်ဒုက္ခသည်များ၏ပိုင်ဆိုင်မှုများကို သိမ်းဆည်းယူခြင်းများ မပြုလုပ်ရန် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)က ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာလ ၂၅ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အဆိုပါကြေညာချက်တွင် တိုက်ပွဲဖြစ်ပွားသော အရပ်ဒေသများမှ ဒေသခံများသည် မိမိပိုင်ဆိုင်သော အိမ်ရာအဆောက်အအုံ၊ အိမ်မွေးတိရစ္ဆာန်များနှင့် တောင်ယာစိုက်ခင်းမြေများ၊ အများနှင့်ဆိုင်သည့်သစ်တောမြေများ၊ ကျောက်မြေများကို ကိုယ်ကျိုး စီးပွားရှာသူအချို့နှင့် ကုမ္ပဏီအဖွဲ့အစည်းများက သိမ်းယူပိုင်ဆိုင်နေကြကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် အဆိုပါဒေသခံများ ပိုင်ဆိုင်သည့်အိမ်ရာ အဆောက်အအုံ၊ တောင်ယာ၊ လယ်ယာမြေများနှင့် အများနှင့်ဆိုင်သည့် သစ်တောမြေများကို မည်သည့်လူပုဂ္ဂိုလ်နှင့်မည်သည့်အဖွဲ့အစည်းမှ သိမ်းယူပိုင်ဆိုင်ခြင်းနှင့် ဖျက်ဆီးခြင်းတို့ မပြုလုပ်ရန် အဆိုပါကေအိုင်အို ဗဟိုကော်မတီ တံဆိပ်ဖြင့် ထုတ်ပြန်ထားသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကချင်ပြည်နယ်ရှိ ကျောက်တွင်းများတွင် ယင်းကဲ့သို့ပြဿနာများ မကြာခဏဖြစ်ပွားလေ့ရှိပြီး တိုက်ပွဲဖြစ်ပွားမှုကို အမြတ်ထုတ်သူများက ယင်းသို့ ပြုလုပ်လေ့ရှိကြောင်း ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိတစ်ဦးက ပြောပြသည်။

"ဒီလိုပြဿနာတွေကတော့ မကြာခဏရှင်းနေရတာမျိုးတော့ရှိတယ်။ အထူးသဖြင့် ကျောက်တွင်းတွေပေါ့။ တိုက်ပွဲကြောက်လို့ ပုန်းတဲ့သူတွေဆီက ကျောက်တွင်းတွေကို ဝင်သိမ်းတာမျိုးရှိတယ်။ ပြီးတော့ နေအိမ်တွေ ဖျက်ဆီးပစ်တာမျိုး၊ အိမ်ကပစ္စည်းတွေ မသွားတာတွေလည်းရှိတယ်" ဟုအဆိုပါအရာရှိက ဆိုသည်။

တပ်မတော်နှင့် ကေအိုင်အေအဖွဲ့တို့သည် ၂၀၁၁ ခုနှစ် ဇွန်လပိုင်းက စတင်ကာ တိုက်ပွဲများ ဖြစ်ပွားနေခြင်းဖြစ်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ဒေသခံများ နေရပ်စွန့်ခွာ၍ စစ်ပြေး ဒုက္ခသည်စခန်းများတွင် ရှောင်တိမ်းနေရသူများ အများအပြားရှိနေသည်။ ■

J-08

ကြိုတင်ဆိုက်ရောက်ဗီဇာစနစ် လာမည့်နှစ်တွင် ခွင့်ပြုမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများကို ကြိုတင်စီစဉ်သည့်ဆိုက်ရောက်ဗီဇာ(Pre Arrangement Visa On Arrival) စနစ်ဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဝင်ရောက်ခွင့်ပြုရန် စီစဉ်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောကြားသည်။

"လက်ရှိမှာ ခွင့်ပြုမယ့်ကုမ္ပဏီတွေကို စိစစ်နေတယ်။ တကယ် မှန်မှန်ကန်ကန်ရှိလား။ ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ မူဘောင်အတွင်းကရှိနေတဲ့ကုမ္ပဏီတွေလား။ လက်ရှိမှာ တကယ်လုပ်ကိုင်နေလားစတာတွေကို စိစစ်နေတယ်။ အခု အစုအဖွဲ့လိုက်လာမယ့်တိုးတွေကို ခွင့်ပြုဖို့ စီစဉ်နေတယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုမြှင့်တင်ရန် ကြိုတင်စီစဉ်ထားသည့် ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီများအကြား အွန်လိုင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ဗီဇာကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ နှုန်းဖြင့် ခွင့်ပြုရန် စီစဉ်နေကြောင်း ဦးမြင့်ထွေးထံမှသိရသည်။

ကမ္ဘာလှည့်ခရီးသွားများအနေနှင့် မြန်မာနိုင်ငံသို့ လည်ပတ်ရာတွင် ယခင်တပ်မတော်အစိုးရလက်ထက်က ဆိုက်ရောက်ဗီဇာစနစ်(VOA)ဖြင့် နိုင်ငံပေါင်း တစ်ရာကျော်ခန့်ကို ဝင်ရောက်ခွင့်ပြုခဲ့သော်လည်း ခွင့်ပြုပြီး တစ်လအကြာတွင် ပြန်လည်ပိတ်သိမ်းခဲ့မှုများရှိခဲ့ကြောင်း၊ လက်ရှိတွင် အွန်လိုင်းအီးဗီဇာ(e-Visa) စနစ်ဖြင့် ခွင့်ပြုထားသောကြောင့် (VOA) စနစ်ကို မပေးတော့ကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများထံမှ စုံစမ်းသိရသည်။

"Visa On Arrival (ဆိုက်ရောက်ဗီဇာ) ကို Pre arrangement စနစ်နဲ့ အွန်လိုင်းက ပေးတာပါ။ e-Visa ပုံစံမျိုးပါ။ ဒါပေမဲ့ အခုက အေးဂျင့်တွေရဲ့ ထောက်ခံချက် လိုမယ်/ Package ဖြစ်ရမယ်။ သတ်မှတ်တဲ့ အခကြေးငွေကိုလည်း အွန်လိုင်းကနေပေးရမယ်။ အွန်လိုင်းကနေ ပေးတာဖြစ်တဲ့အတွက် Blacklist တို့ဘာတို့ စစ်ဆေးလို့ ပိုလွယ်သွားမယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ဆိုသည်။

ကြိုတင်စီစဉ်သောဆိုက်ရောက်ဗီဇာ (Pre arrangement Visa On Arrival) စနစ်ဖြင့် ခွင့်ပြုမည့်နိုင်ငံများမှာ အွန်လိုင်းအီးဗီဇာ(e-Visa)ဖြင့် ခွင့်ပြုထားသည့်နိုင်ငံပေါင်း တစ်ရာကိုသာ စတင်ခွင့်ပြုရန် စီစဉ်ထားပြီး လက်ရှိတွင် ခရီးသွားကုမ္ပဏီသုံးရာခန့်ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးမြင့်ထွေးထံမှ သိရသည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ပိုမိုဝင်ရောက်ရန် မိုးကာလအတွင်း ဟိုတယ်အခန်းခများ လျှော့ချခြင်း၊ သယ်ယူပို့ဆောင်ခများ ဖြေလျှော့ခြင်းနှင့် လုပ်ငန်းစဉ်များ လျှော့ချညှိနှိုင်းခြင်း စသည့်အစီအစဉ်များကိုလည်း ဆောင်ရွက်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှထုတ်ပြန်ထားသည်။

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းကျော် ဝင်ရောက်ခဲ့ရာတွင် အာရှတိုက်တွင် ပထမအများဆုံးအဖြစ် ထိုင်း၊ ဒုတိယအများဆုံးအဖြစ် တရုတ်၊ တတိယအများဆုံးအဖြစ် ဂျပန်နှင့် ကိုရီးယားတို့ဖြစ်ပြီး ဥရောပနိုင်ငံများက ပထမအများဆုံး ပြင်သစ်၊ ဒုတိယအများဆုံး ယူကေ၊ တတိယ အများဆုံးအဖြစ် ဂျာမနီတို့ ဝင်ရောက်ခဲ့သည်။ ■ **J-14**

ဓာတ်ပုံ-ရဲတပ်ဖွဲ့

လားရှိုးတွင် ယာဉ်တိမ်းမှောက်ရာမှ သိန်း ၁၂,၅၀၀ ကျော်ဖိုး မူးယစ်ဆေးများ ဖမ်းမိ

လားရှိုး၊ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့လားရှိုး -နမ္မတူသွားကားလမ်း အီနိုင်းရွာအနီးတွင် နိုဝင်ဘာလ ၂၇ရက် မွန်းလွဲ ၁၁ နာရီက ပါရာဒိုယာဉ်တစ်စီး တိမ်းမှောက်ရာ ကျပ်သိန်း ၁၂၅၀၀ကျော်ဖိုးရှိ စိတ်ကြွဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ယာဉ်ကို မောင်းနှင်သူမှာ ထွက်ပြေးသွားပြီး တာဝန်ရှိသူများက မော်တော်ယာဉ်ကို စစ်ဆေးရာ စိတ်ကြွဆေးပြား ၆ သိန်းကျော်နှင့် ဘိန်းဖြူဆပ်ပြာခွက် ၁၀ခွက်ကို ဖမ်းမိခဲ့ကြောင်း၊ လတ်တလောတွင် ယာဉ်မောင်းကို မူးယစ်ဆေးမှုနှင့် ယာဉ်မတော်တဆမှုတို့ဖြင့်အမှုဖွင့်ထားပြီး ယာဉ်မောင်းကို ဆက်လက်ရှာဖွေနေကြောင်း လားရှိုးမြို့ အမှတ်၁၁၉ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်စောဝင်းက ပြောကြားသည်။ ■ **R-07**

ကော်ပိုရေးရှင်းသုံးခုကို ဆိုက်ဘာတိုက်ခိုက်မှုဖြင့် တရုတ်ဟက်ကာများကို အမေရိကန်တရားရုံး စွဲချက်တင်

နယူးယောက်၊ နိုဝင်ဘာ ၂၈

နိုင်ငံတကာကော်ပိုရေးရှင်းသုံးခုအပေါ် ဆိုက်ဘာဖောက်ထွင်းမှု ကျူးလွန်မှုဖြင့် တရုတ်နိုင်ငံသားသုံးဦးကို အမေရိကန်တရားရုံးကစွဲချက်တင်လိုက်သည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးကုမ္ပဏီလုပ်ကိုင်နေသော အဆိုပါသုံးဦးသည် Analytics, Siemens နှင့် GPS ထုတ်လုပ်သော Trimble ကော်ပိုရေးရှင်းများကို ပစ်မှတ်ထားခဲ့သည်ဟု စွဲချက်တွင်ဖော်ပြထားသည်။

၎င်းတို့သည် စီးပွားရေးလျှို့ဝှက်အချက်အလက်များကို ခိုးယူရန် ကြိုးစားသည့်အနေနှင့် အယောင်ဆောင်အီးမေးလ်များနှင့် malware များကိုအသုံးပြုခဲ့ကြသည်ဟုဆိုသည်။

တရားခံသုံးဦးသည် အချုပ်ထဲတွင် မရှိကြဘဲ တရုတ်နိုင်ငံတွင် ရှိနေသေးသလားဆိုသည်ကိုလည်း ရှင်းလင်းစွာမသိရသေးပေ။

ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ်စဘတ်ခုံရုံးတွင် တင်ပြသောဖက်ဒရယ်အမှုတွဲတွင် တရားခံဟက်ကာသုံးဦး၏ အမည်မှာ ဝူရင်ကျိုး၊ ဒေါင်ဟိုနှင့် ကျားလီတို့ဖြစ်ပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုး၌ ဆိုက်ဘာလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီကို လုပ်ကိုင်နေသည်ဟုဖော်ပြထားသည်။

၎င်းတို့သုံးဦးသည် ၂၀၁၁ ခုနှစ်မှ ယခုအချိန်အထိ ခွင့်ပြုချက်မရှိသော ဆိုက်ဘာဖောက်ထွင်းမှုများကိုလုပ်ဆောင်ကာ အီးမေးလ်များ၊ လုပ်ငန်းဆိုင်ရာ သတင်းများ၊ အရေးကြီးသော ဝန်ထမ်းအချက်အလက်များကို ခိုးယူခဲ့ကြသည်ဟု သိရှိရသည်။

တရားခံသုံးဦးအတွက် ဖမ်းဆီးခွင့်ဝရမ်းကို ထုတ်ပြန်ပြီးဖြစ်သည်ဟု အစိုးရရှေ့နေ ဆူစီဆောင်းက ပြောကြားသော်လည်းတရုတ်အစိုးရက စပွန်ဆာပေးသော ဆိုက်ဘာဖောက်ထွင်းမှုဖြစ်သည်ဟု ညွှန်ပြသောအချက် မရှိကြောင်း ရှင်းပြသည်။

တရုတ်ကုမ္ပဏီကမူတရားစွဲဆိုမှုနှင့်ပတ်သက်၍ မှတ်ချက်ပေးခြင်း မရှိသေးပေ။ အမှုတွဲကို စက်တင်ဘာလကတည်းက တင်ပြထားသောကြောင့် တရုတ်အစိုးရက သိရှိထားပြီးဖြစ်သည်ဟု အမေရိကန်အစိုးရရှေ့နေများက ပြောကြားသည်။

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံအကြား ဆိုက်ဘာဖောက်ထွင်းမှုများနှင့်ပတ်သက်၍ အငြင်းပွားနေမှုသည် နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

ဩဂုတ်လကလည်း အမေရိကန်ကုမ္ပဏီများကို ဆိုက်ဘာဖောက်ထွင်းရာတွင် အသုံးပြုသည့် malware ရောင်းချမှုဖြင့် လော့စ်အိန်ဂျယ်လိစ်တွင် တရုတ်အမျိုးသားတစ်ဦးကိုဖမ်းဆီးခဲ့သည်။

၎င်း malware သည် အမေရိကန်ဖက်ဒရယ်ရုံး ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဌာနကို ဆိုက်ဘာဖောက်ထွင်းရာတွင် အသုံးချခဲ့ပြီး အရေးကြီးသောဝန်ထမ်းအချက်အလက်များစွာ ခိုးယူခြင်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်ကလည်း အမေရိကန်ကာကွယ်ရေးလုပ်ငန်း ကုမ္ပဏီများမှ လျှို့ဝှက် အချက်အလက်များကိုခိုးယူမှုဖြင့် တရုတ်လုပ်ငန်းရှင်တစ်ဦးကို အမေရိကန်ပြည်ထောင်စုတွင် ထောင်ဒဏ်လေးနှစ်ချမှတ်ခဲ့သည်။

တရုတ်အစိုးရကမူ ဆိုက်ဘာဖောက်ထွင်းမှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု အကြိမ်ကြိမ် ငြင်းဆိုထားသည်။

■ F-04

Reuters

BBC

ဘင်္ဂလားဒေ့ရှ်တပ်တွင်း အစုလိုက်လူသတ်မှုဖြင့် သေဒဏ်ကျခံ စစ်သား ၁၃၉ ဦး၏ပြစ်ဒဏ်ကို အတည်ပြု

ဒါကာ၊ နိုဝင်ဘာ ၂၈

ဘင်္ဂလားဒေ့ရှ် စစ်တပ်အတွင်းတွင် တပ်တွင်းသူပုန်ထမှု ၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့ရာ အရာရှိအရာခံ ၇၄ ဦးအသတ်ခံရလိုက်ရပြီး သေဒဏ်ကျခံနေရသော စစ်သား ၁၃၉ ဦး၏ ပြစ်ဒဏ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရှေ့နေချုပ် မာဘူဘေအလမ်က TRT သတင်းဌာနက ဖော်ပြထားသည်။

တပ်တွင်းသူပုန်ထမှုတွင် အရာရှိများစွာ ပစ်သတ်ခံရခြင်း၊ အခုတ်ခံရခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ခံရခြင်းတို့ ဖြစ်ပွားခဲ့ရသည်။

အဆိုပါ ပြစ်မှုများအတွက် စစ်သား ၁၅၂ ဦးကို သေဒဏ်ပေးခဲ့ပြီးအချို့ကို ယခုအချိန်အထိ စီရင်ခြင်းမရှိသေးပေ။

"တရားရုံးက ဆုံးဖြတ်လိုက်တာကတော့ ၁၃၉ ဦးရဲ့သေဒဏ်ကို အတည်ပြုလိုက်တာပဲဖြစ်ပါတယ်" ဟု အလမ်က ဒါကာတရားရုံးမှ အမိန့်ချအပြီးတွင် ပြောကြားခဲ့သည်။

အရာရှိများရဲ့ဆိုးဝါးစွာအသတ်ခံရတဲ့ ပုံစံမျိုးကို ကမ္ဘာပေါ်မှာဘယ်နေရာမှာမှ မဖြစ်ခဲ့ပါဘူးဟု ရှေ့နေချုပ်က ပြောကြားခဲ့သည်။

အဆိုပါ ပြစ်ဒဏ်များကိုတရားရုံးချုပ်ထံမှာ အယူခံဝင်ထားတာဖြစ်ပြီးတော့ ရုံးတော်က အယူခံကိုဆုံးဖြတ်ပြီး သေဒဏ်ကို အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

သေဒဏ်ကို အယူခံတရားရင်ဆိုင်နေသူတစ်ဦးက အချုပ်ထဲမှာပင် သေဆုံးသွားခဲ့ပြီး ရှစ်ဦးက တစ်သက်တစ်ကျွန်းအဖြစ် ပြောင်းလဲချပ်ခံရပြီး လေးဦးကို ပြန်လွှတ်ပေးလိုက်သည်ဟု ရှေ့နေချုပ်က နောက်ဆုံးအခြေအနေကိုပြောပြသည်။

တပ်တွင်းပုန်ကန်မှုသည် မြို့တော်ဒါကာတွင်ဖြစ်ပွားခဲ့ပြီး အခြားမြို့များသို့လည်း လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

အဆိုပါတပ်တွင်းပုန်ကန်မှုတွင် ပါဝင်ပတ်သက်သည်ဟုဆိုကာ လူပေါင်း ၈၅၀ ခန့် အရေးယူခံခဲ့ရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲက ယင်းသို့ အစုလိုက်အပြုံလိုက်သေဒဏ်ပေးခြင်းကို ပြင်းထန်လွန်းသည်ဟုဆိုကာ ကန့်ကွက်ခဲ့သည်။

■ F-02

နိုင်ငံတော် ပုန်ကန်မှုဖြင့် ထိုင်ဝမ် တက်ကြွလှုပ်ရှားသူကို ထောင်ဒဏ်ငါးနှစ် တရုတ်ချမှတ်

ဘေဂျင်း၊ နိုဝင်ဘာ ၂၈

နိုင်ငံတော် ပုန်ကန်မှုဖြင့် ထိုင်ဝမ်တက်ကြွလှုပ်ရှားသူလီမင်ချီကို တရုတ်တရားရုံးက ထောင်ဒဏ် ငါးနှစ် ချမှတ်လိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ကွန်မြူနတီကောလိပ် နည်းပြတစ်ဦးဖြစ်ပြီးလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူလီသည် တရုတ်နိုင်ငံသို့ မတ်လတွင်းသွားရောက်စဉ်တွင်းပျောက်ဆုံးသွားခြင်းဖြစ်ကာ နိုင်ငံတော်ပုန်ကန်မှုဖြင့် တရုတ်အာဏာပိုင်များက နောက်ပိုင်းတွင် တရားစွဲဆိုခဲ့သည်။

စက်တင်ဘာလက တရားစီရင်စဉ်အတွင်း ပုန်ကန်မှု လုပ်ဆောင်ကြောင်း လီ ထွက်ဆိုနေသည့် ဗီဒီယိုပေါ်ထွက်လာသော်လည်း ၎င်း၏ဇနီးဖြစ်သူက တရုတ်တရားရုံး၏ အာဏာကို လက်ခံခြင်းမရှိပေ။

ယင်းနောက်တွင် အလယ်ပိုင်းဟူနန်ပြည်နယ် ယူယွန်မြို့ ပြည်သူ့တရားရုံးက လီကို ထောင်ဒဏ် ငါးနှစ် ချမှတ်လိုက်ခြင်းဖြစ်သည်။

လီနှင့်အတူ တရုတ်ပြည်မကြီးရှိ တက်ကြွလှုပ်ရှားသူ ဖုန်ယူဟွန်ကိုလည်း အလားတူ ရာဇဝတ်မှုဖြင့် ထောင်ဒဏ် ခုနစ်နှစ် ချမှတ်လိုက်သည်။

နိုင်ငံတော် ပုန်ကန်ရန် ဖုန် လှုံ့ဆော်ပေးခဲ့ပြီး လီ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြောင်း အမိန့်ချမှတ်မှုကို နှစ်ဦးစလုံး လက်ခံခဲ့ကာ အယူခံဝင်ခြင်းမရှိဟု တရုတ်တရားရုံးက ထုတ်ပြန်ထားသည်။

လွတ်လပ်စွာရပ်တည်ရေး လိုလားသည့် တိုင်အန်ဝမ် ထိုင်ဝမ်သမ္မတဖြစ်လာသလိုထိုင်ဝမ် ခွဲထွက်ခွင့်ကို လက်ခံမည်မဟုတ်ဟု တရုတ်ကွန်မြူနစ် ပါတီကွန်ဂရက်တွင် သမ္မတရှီကျင့်ဖျင် ပြောကြားလိုက်ပြီးနောက် ယခုကဲ့သို့သောအမိန့်ချမှတ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

■ F-05

Reuters

ထိုင်ဝမ်တက်ကြွလှုပ်ရှားသူကို ပြန်လွှတ်ပေးရေး ထိုင်ဝမ်ရှိ တရုတ်ဆက်ဆံရေးရုံးရှေ့တွင် ဆန္ဒပြနေသူများ

မိဘများနှင့်တွေ့လို၍ အဝေးပြေးဘတ်စ်ကားအောက်ပိုင်းမှ လိုက်သွားသည့် ကလေးငယ်နှစ်ဦး၏ သတင်းကြောင့် တရုတ်လူမှုကွန်ရက်တွင် အုတ်အော်သောင်းတင်းဖြစ်

ဘေဂျင်း၊ နိုဝင်ဘာ ၂၈

တရုတ်နိုင်ငံတွင် မိဘဖြစ်သူများနှင့် တွေ့ဆုံလိုသော ကလေးငယ်(ညီအစ်ကို) နှစ်ဦး အဝေးပြေးဘတ်စ်ကားအောက်ပိုင်းကားဖရိန်ပေါ်တွင်ထိုင်လျက် ကီလိုမီတာ ၈၀ အကွာခရီးသို့ လိုက်ပါသွားသည့် သတင်းကြောင့် ကလေးများအခွင့်အရေးနှင့်ပတ်သက်၍ လူမှုကွန်ရက်များပေါ်၌ ဝေဖန်ပြောဆိုမှုများ မြင့်တက်လျက်ရှိကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

နိုင်ငံပိုင်မီဒီယာကမူ အဝေးပြေးဘတ်စ်ကား အောက်မှလိုက်သွားသည့် ယင်းကလေးငယ် ညီအစ်ကိုနှစ်ဦး၏ အမည်ကို ဖော်ပြခြင်းမရှိပေ။ သို့သော် ၎င်းတို့သည် တောင်ပိုင်းဂွမ်ဇီပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသောကျေးရွာတစ်ခုတွင် နေထိုင်သူများဖြစ်သည်ဟုဖော်ပြသည်။

ယင်းညီအစ်ကိုနှစ်ဦးသည် ဂွမ်ဒေါင်းပြည်နယ်၌ အလုပ်လုပ်ကိုင်နေကြသော မိဘများနှင့်တွေ့ဆုံလို၍ ထိုကဲ့သို့ အဝေးပြေးဘတ်စ်ကားအောက် ကားဖရိန်ပေါ်တွင် ထိုင်လျက် လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။

ဆရာ၊ ဆရာမများက နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အဆိုပါ ကလေးငယ်ညီအစ်ကိုနှစ်ဦး ပျောက်ဆုံးနေကြောင်း အာဏာပိုင်များကို တိုင်ချက်ဖွင့်ခဲ့ပြီး ယင်းနေ့တွင်ပင် ဘတ်စ်ကားဂိတ်၌ရပ်ထားသော ဘတ်စ်ကားအောက်ပိုင်းတွင် ၎င်းတို့ကို ရှာတွေ့ခဲ့ခြင်းဖြစ်သည်။

လူမှုကွန်ရက်များပေါ်တွင် ဖော်ပြသောဓာတ်ပုံအရ ကလေးငယ်နှစ်ဦးသည် တစ်ကိုယ်လုံး ရွှံ့များ၊ ဖုန်များဖြင့် ပေကျံလျက်ရှိပြီး ဘတ်စ်ကားအောက်၌ ခန္ဓာကိုယ်ကို ကျုံ့ကာထိုင်လျက်ရှိသည်ကို တွေ့ရသည်။

Southern Morning Post သတင်းစာ ဖော်ပြချက်အရ ညီအစ်ကိုနှစ်ဦးမှာ အသက် ၈ နှစ်နှင့် ၉ နှစ်အရွယ်များဖြစ်ကြပြီး လမ်းခရီးတစ်ဝက်၌ ဘတ်စ်ကားခေတ္တနားစဉ် လုံခြုံရေးအလုပ်သမားများက ရှာဖွေတွေ့ရှိသွားခြင်းဖြစ်သည်။

ညီအစ်ကိုနှစ်ဦးသည် တောင်အဆင်းအတက်မြင့်လှသည့် နေရာများကို အဆိုပါဘတ်စ်ကားဖြတ်သန်းခဲ့ချိန်တွင် ဒဏ်ရာတစ်စုံတစ်ရာမရရှိခဲ့ခြင်းကြောင့် လွန်စွာအံ့အားသင့်မိကြောင်း ဘတ်စ်ကားဝန်ထမ်းများက ပြောကြားသည်။

"ကလေးတွေရဲ့ ခန္ဓာကိုယ်လေးတွေက တကယ့်ကို ပိန်ပိန်သေးသေးလေးတွေဆိုတော့ ကားအောက်ပိုင်းမှာ သူတို့အနေနဲ့ ကောင်းကောင်းပုန်းပြီး လိုက်လာလို့ရသွားတာ" ဟု အဝေးပြေးဘတ်စ်ကားဝန်ထမ်းတစ်ဦးကပြောကြားသည်။

ဘတ်စ်ကားဝန်ထမ်းများက မေးမြန်းသောအခါ ယင်းကလေးငယ်နှစ်ဦးမှာ ကြောက်လန့်နေခြင်းကြောင့် ရုတ်တရက်ပြန်ဖြေနိုင်ခြင်းမရှိခဲ့ပေ။ "နောက်ဆုံးတော့ ကျွန်တော်တို့လည်း နားလည်သွားတယ်၊ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး အဖေနဲ့အမေကို လွမ်းနေကြတယ်ဆိုတာ။ ဒါကြောင့်လည်း သူတို့ ကားအောက်ကနေ ခဲရာခဲဆစ်လိုက်လာကြတာ" ဟု ဝန်ထမ်းတစ်ဦးက ဆိုသည်။

ယင်းဖြစ်ရပ်ကြောင့် တရုတ်ပြည်တွင်းသုံး လူမှုကွန်ရက်ဖြစ်သော Sina Weibo တွင် စိတ်မကောင်းဖြစ်စရာသတင်းတစ်ခုအဖြစ် ပျံ့နှံ့သွားခဲ့သည်။ ရွှံ့များ၊ ဖုန်များဖြင့် တစ်ကိုယ်လုံးပေကျံနေသည့် ကလေးငယ်နှစ်ဦး၏ ဓာတ်ပုံကို လူအမြောက်အမြားက Share ခဲ့ကြပြီး ယင်းဓာတ်ပုံများကြောင့် အထူးပင်စိတ်နှလုံးထိခိုက်ရကြောင်းဖော်ပြခဲ့ကြသည်။

အွန်လိုင်းသုံးသူတစ်ဦးကမူ "ဒါဟာ တရုတ်လူ့အဖွဲ့အစည်းရဲ့ အကျည်းတန်ဆန်တဲ့ ဒုက္ခကြီးတစ်ခုပါပဲ" ဟုဆိုပြီး နောက်တစ်ဦးကမူ မိဝေးဖဝေးဖြစ်နေသည့် ကလေးငယ်များကို အထူးအာရုံစိုက်ကြရန် တိုက်တွန်းသည်။ ■ F-01

BBC

BBC

မဲလ်ဘုန်းတွင် နှစ်သစ်ကူးအကြိုည အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေသူကို ဖမ်းဆီးရမိ

မဲလ်ဘုန်း၊ နိုဝင်ဘာ ၂၈

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတွင် နှစ်သစ်ကူးအကြိုည အခမ်းအနားများကျင်းပစဉ် အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေသူအမျိုးသားတစ်ဦးကိုရဲများက ဖမ်းဆီးလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

အသက် ၂၀ အရွယ် အမျိုးသားသည် အမြင့်ဆုံးထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ကျခံရနိုင်သော အကြမ်းဖက်ဝါဒပြစ်မှုဖြင့် တရားစွဲခံရမည်ဟု အာဏာပိုင်များက ပြောကြားသည်။

ထိုသူသည် မြို့လယ်ကောင် ဖက်ဒရေးရှင်းရင်ပြင်တွင် အော်တိုမက်တစ်ရိုင်ဖယ်ဖြင့် လူများကိုပစ်ခတ်ရန် စီစဉ်ထားသည်ဟု ရဲများကဆိုသည်။

တနင်္လာနေ့က မဲလ်ဘုန်းဆင်ခြေဖုံးရှိ ဝါရီဘီးရပ်ကွက်တွင် ထိုသူကိုဖမ်းဆီးခဲ့သည့်အချိန်တွင် လက်ဝယ်၌ သေနတ်မရရှိသေးဟု သိရှိရသည်။

"သူကသေနတ်ကို အသုံးပြုပြီး တတ်နိုင်သမျှ လူများများကိုပစ်သတ်ဖို့ ကြံစည်နေတယ်လို့ ကျွန်တော်တို့က စွဲချက်တင်မှာ ဖြစ်ပါတယ်။ ဒီလူကအကြမ်းဖက်တိုက်ခိုက်မှုကို ကိုယ်တိုင် စီစဉ်ကျူးလွန်ဖို့ စိတ်ဝင်စားမှုတွေကိုအထူးသဖြင့် လှုံ့ဆော်ပေးတာမျိုးဖြစ်လာမယ့် အန္တရာယ်ရှိပါတယ်" ဟု ဗစ်တိုးရီးယားပြည်နယ်ရဲမင်းကြီးရှိန်းပက်တန်က ပြောကြားသည်။

မနှစ်က မဲလ်ဘုန်းမြို့လယ် နှစ်သစ်ကူးအခမ်းအနားသို့ လူပေါင်းငါးသိန်းခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

သံသယရှိသူသည် ဩစတြေးလျနိုင်ငံတွင် ဆိုမာလီမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ပြီး စိတ်ဝင်စားစရာကောင်းသူအဖြစ် ဇန်နဝါရီလကတည်းက ရဲများကအကဲခတ်စောင့်ကြည့်ခဲ့ကြသည်ဟု ပက်တန်က ပြောကြားသည်။

၎င်းသည် အယ်လ်ကေဒါအဖွဲ့၏ အကြမ်းဖက် တိုက်ခိုက်နည်းလမ်းညွှန်ချက်များကို အွန်လိုင်းမှရရှိထားသူဖြစ်ပြီး အစွန်းရောက်ဝါဒီများနှင့် အဆက်အသွယ်ရှိသော်လည်းတစ်ကိုယ်တော် လှုပ်ရှားနေသည်ဟု ယုံကြည်ရသည်။ ထို့အတွက် နောက်ထပ်ဖမ်းဆီးမှုများရှိမည်မဟုတ်ဟု မျှော်လင့်ရသည်။

တရားခံ၏နေအိမ်၊ အလုပ်လုပ်သောနေရာနှင့် ဆက်နွှယ်ပိုင်ဆိုင်မှုများကို ရှာဖွေခွင့် ဝရမ်းထုတ်ပြန်ထားသည်။

ယခုဖမ်းဆီးမှုသည် ယခင်က စစ်ဆင်ရေးများနှင့် ဆက်စပ်မှုမရှိဟုရဲများက ပြောကြားသည်။

မနှစ်က မဲလ်ဘုန်းတွင် ခရစ္စမတ်နေ့တွင် အကြီးစားအကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်ထားမှုကို ဖော်ထုတ်နိုင်ခဲ့သည်ဟု ရဲများက ပြောကြားထားသည်။ ဩစတြေးလျနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်ကို ဖြစ်နိုင်ခြေအဆင့်တပ်လှန့်နှိုးဆော်ခဲ့သော ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုများအတွင်း သံသယရှိသူ ၇၄ ဦးကို ရဲများက ဖော်ထုတ်ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့သည်။ ■ F-04

CARTOON

Cagle.com

အစ်မဖြစ်သူထံမှ ခရီးသွားရန် ငွေတောင်းမရသဖြင့် ကိုယ့်ကိုယ်ကိုယ် ကတ်ကြေးနှင့်ထိုး

ရန်ကုန်၊ နိုဝင်ဘာ ၂၈

စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ ပန်းခြံလမ်းရှိ၆ လွှာတိုက်ခန်းတစ်ခုတွင် နိုဝင်ဘာလ ၂၉ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က အစ်မဖြစ်သူထံမှ ခရီးသွားရန် ငွေတောင်းမရသည်ဟုဆိုကာ အမျိုးသားတစ်ဦး ကိုယ့်ကိုယ်ကိုယ် ကတ်ကြေးနှင့် ဆင့်ထိုးမှုဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းကတ်ကြေးဖြင့်ဆင့်ထိုးသူမှာ အသက် ၂၃ နှစ်အရွယ် ဝင့်သူဖြစ်ပြီး အပ်ချုပ်စက်ခုံပေါ်တွင် တင်ထားသော အရှည် ၁၀ လက်မခန့်ရှိ အနက်ရောင် ကတ်ကြေးနဲ့ ဝမ်းဗိုက်ကို ဆင့်ထိုးခဲ့ရာ ထိုးသွင်းဒဏ်ရာ ၃ ချက်ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တင်ပို့ကုသခဲ့သဖြင့် (သေကြောင်းကြံစည်ရန် အားထုတ်မှု) ရာဇသတ်ကြီးပုဒ်မ ၃၀၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“ကိုယ့်ကိုယ်ကိုယ် ကတ်ကြေးနဲ့ ထိုးလို့ ရန်ကုန်ဆေးရုံကြီး ရောက်နေတယ် သတင်းရတာနဲ့ သွားစစ်ဆေးတာ၊ သူ့အစ်မ ပြောတာကတော့ ငွေတောင်းတာ မပေးလို့ ကတ်ကြေးနဲ့ ထိုးလိုက်တာလို့ ပြောတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်၊ မတ်နှင့် မေလတွင် မိမိကိုယ်ကိုယ် ဓားဖြင့် ထိုးသေဆုံးမှု နှစ်မှုရှိခဲ့ပြီး စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ ဇေယျာသုခလမ်းရှိ ငါးလွှာတိုက်ခန်းတစ်ခုတွင် အောက်တိုဘာလ ၂၈ ည ၁၂ နာရီကျော်ခန့်က ခင်ပွန်း နှင့် စကားများရန်ဖြစ်ရာက အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး ခုန်ချရာ သေဆုံးသွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုများ အနေနှင့် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ဩဂုတ်လ ၆ ရက်နေ့က သန်လျင်မြို့နယ်၊ မြို့မရပ်ကွက်၊ သိမ်ကျောင်းလမ်းရှိ ဆိုင်ကယ်အရောင်းဆိုင် တစ်ခုအနီးတွင် ခင်ပွန်းဖြစ်သူနှင့် စီးပွားရေးအဆင်မပြေသည့်ကိစ္စ စကားများရန်ဖြစ်ရာမှ အသက် ၃၀ ကျော်အရွယ် အမျိုးသမီးတစ်ဦး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ဓာတ်ဆီလောင်းမီးရှို့မှု၊ ဩဂုတ်လ ၈ ရက် ည ၁၁ နာရီခန့်က တောင်ဥက္ကလာပ မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ (၄/၆) ဗြဟ္မစိုရ်လမ်းရှိ ကော်ဖီဆိုင်တစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အသက် ၃၃ နှစ် အရွယ် အမျိုးသားတစ်ဦး အဆုံးစီရင်ရန် ဓားဖြင့် ထိုးမှု၊ အောက်တိုဘာလ ၂၇ ရက် ညနေ ၅ နာရီခွဲခန့်က ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါးရပ်ကွက်တွင် အရက်ကြောင်နေသူ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦး မိမိကိုယ်မိမိ အဆုံးစီရင်ရန် ဓားဖြင့် ထိုးမှုများဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ J 16

မှုခင်းသတင်းတိုများ

■ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗဟိုလမ်းနှင့် သရက်မြိုင်လမ်းထောင့်တွင် နိုဝင်ဘာလ ၂၇ ရက် ည ၁၁ နာရီ ခန့်က မသင်္ကာဖွယ်ရာ တွေ့ရှိသည့် အငှားယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ အသက် ၃၂ နှစ်အရွယ် အမျိုးသားထံမှ ဆေးခြောက်ဟုယူဆရသော အရိုးအရွက်၊ အစေ့ခြောက်များနှင့်အတူ ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ) ဖြင့် အမှုဖွင့်ထားသည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွတ်ဆိတ်ကုန်းရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် နိုဝင်ဘာလ ၂၇ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က လောင်းကစားသတင်းအရ ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက် စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၃၉ နှစ်အရွယ် အမျိုးသမီး တစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် အမှုဖွင့်ထားသည်။

■ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ကျေးရွာအုပ်စု၊ ထိန်သုံးပင်ရွာအနီး၊ ငမိုးရိပ်ချောင်းအတွင်းတွင် နိုဝင်ဘာ လ ၂၇ ရက် ည ၁၀ နာရီခွဲခန့်က အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး ငါးဖမ်းပိုက်တစ်ခုတွင် ငြိတွယ်သေဆုံးနေသည်ကို တွေ့ရသဖြင့် ရုပ်အလောင်းကိုယင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေသည်။

■ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းရှိ အလုပ်သမားတန်းလျားတစ်ခုတွင် နိုဝင် ဘာလ ၂၇ ရက် ည ၁၁ နာရီခွဲခန့်က လောင်းကစားသတင်းအရ ရှာဖွေဖမ်းဆီးရာ ဖဲချပ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကစားပြုလုပ်နေသည့် အသက် ၂၃ နှစ်မှ ၃၂ နှစ်ကြားရှိ အမျိုးသား ၅ ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားသည်။

J 16

ခိုးမှု ကျော်စောသတင်းရရှိထားသူကို ဓားလက်နက်နှင့်အတူ ဖမ်းမိ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၆၇ ရပ်ကွက်၊ ချင်းတွင်းလမ်းတွင် ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ အသက် ၂၄ နှစ် အောင်အောင်(ခ) ကြံ့ခိုင်အောင်ကို ဓားရှည်တစ်ချောင်းနဲ့ အတူဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှသိရသည်။

ဖမ်းမိသူ အောင်အောင်(ခ)ကြံ့ခိုင်အောင်ကို စစ်ဆေးရာ ယခုနှစ် အောက်တိုဘာလက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈ ကွေ့မှတ်တိုင်နှင့် ၇၁ ရပ်ကွက်တို့မှ မော်တော်ဆိုင်ကယ်များနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၈၈ ရပ်ကွက်၊ ၁၆၈ ရပ်ကွက်နှင့် သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်တို့မှ မော်တော်ဆိုင်ကယ်များ ခိုးယူရောင်းချထားကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ယင်းအမှုမှ ခိုးယူရောင်းချထားသော သက်သေခံပစ္စည်းများကို ရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းခဲ့ပြီး ပိုင်ရှင်များ အနေနှင့် မိမိတို့၏ ပျောက်ဆုံးသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းများတွင် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အသိပေးထုတ်ပြန်ထားသည်။ S-03

ရွှေဆွဲကြိုးဆွဲဖြုတ် ထွက်ပြေးသူကို ဖမ်းမိ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘောဂမြိုင်၁လမ်းတွင် နိုဝင်ဘာလ ၂၇ ရက် ည ၉ နာရီခွဲက နေအိမ်မှ လမ်းထိပ်ရှိ ဈေးဆိုင်သို့ ဆေးဝယ်ရန် ထွက်လာသော အမျိုးသမီးတစ်ဦး၏ ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးကို ဆွဲဖြုတ်လုယူထွက်ပြေးသူအား နာရီပိုင်းအတွင်း ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လုယက်ခံရသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးမှာ နေမကောင်းသဖြင့် ဆေးသောက်ရန် ၎င်း၏နေအိမ်မှ လမ်းထိပ်ရှိ ဈေးဆိုင်သို့ တစ်ဦးတည်းထွက်လာစဉ် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသည့် အမည်မသိ အမျိုးသားတစ်ဦးက ၎င်းဝတ်ဆင်ထားသော ရွှေဆွဲကြိုးကို ဆွဲဖြုတ်လုယူကာ ထွက်ပြေးခဲ့သည်။

“အမျိုးသမီးက အော်ဟစ်အကူအညီတောင်းလို့ ရပ်ကွက်နေသူတွေက ဝိုင်းဖမ်းပေမယ့် အဲလူကို မမိလိုက်ဘူး။ အဲဒါနဲ့ ချက်ချင်း ရဲစခန်းသွားတိုင်လိုက်တယ်။ နယ်ထိန်းက မသင်္ကာတဲ့သူတွေကို လိုက်လံရှာဖွေ စစ်ဆေးခဲ့ရာ လုယက်မှုကျူးလွန်သူကို ညတွင်းချင်း ဖမ်းမိခဲ့တယ်” ဟု ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ရွှေဆွဲကြိုး လုယူထွက်ပြေးသည့် အသက် ၂၇ နှစ် အောင်မင်းထွဋ်ကို ယင်းည ၁၁ နာရီခွဲတွင် မြရိပ်ညို ၉ လမ်းထိပ်တွင် သက်သေခံပစ္စည်းနှင့်အတူ ဖမ်းမိခဲ့ပြီး ၎င်းကို လှိုင်သာယာမြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

The VOICE Daily

CARTOON

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊

၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

အထူးဒေသအပါအဝင် ရှမ်းအရှေ့ရှိ ခြေတုတပ်ဆင်လိုသူများကို ဒီဇင်ဘာလဆန်းတွင် လက်ခံမည်

ကျိုင်းတုံ၊ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားလက်နက်ကိုင် အထူးဒေသများ အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ခြေတုတပ်ဆင်လိုသူများကို ဒီဇင်ဘာလ ၄ ရက်မှ စတင်ကာ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) ကိုယ်ကာယပြန်လည် သန်စွမ်းရေးစင်တာမှ အရိုးအကြော အဆစ်ကုထုံးပညာရှင် (Physiotherapist) Ms. Therese Powell က ပြောကြားသည်။

"ဒီနှစ်ဧပြီလက စတင်ပြီး ကျိုင်းတုံမြို့ပေါ်မှာရှိတဲ့ အရိုးအကြောအဆစ်ကုသမှုနဲ့ ခြေတုတပ်ဆင်လိုသူများကို စတင်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ လက်ရှိမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန အနေနဲ့ ထမင်းချက်၊ အဝတ်လျှော်စတဲ့ လိုအပ်တဲ့ ဝန်ထမ်းတွေခန့်အပ်ပြီးဖြစ်လို့ အတွင်းလူနာတွေကို ဝန်ဆောင်မှု လက်ခံဆောင်ရွက်ပေးတာပါ"ဟုၡင်းကဆိုသည်။

ဒီဇင်ဘာလဆန်းပိုင်းကစတင်၍ ပြည်နယ်အတွင်းရှိ ခြေတုတပ်ဆင်လိုသူများကို ဝန်ဆောင်မှုလက်ခံမည်ဖြစ်ရာ နိုဝင်ဘာလ နောက်ဆုံးပတ်က တာချီလိတ်၊ တာလေနှင့် မိုင်းဖြတ်မြို့တို့တွင် ပညာရှင်များဖြင့် ခြေတုတပ်ဆင်လိုသူများကို ဆန်းစစ်လေ့လာမှုပြုလုပ်နေကြောင်း ယင်းပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဉာဏ်မြင့်က ပြောကြားသည်။

"မိုင်းဆတ်မှာတော့ ခြေတုအပြင် လက်တုပါတပ်ဆင်လိုတဲ့သူ ၁၂ ဦးလောက် စာရင်းပေးထားတယ်။ ခြောက်ဦးက ဆန်းစစ်လေ့လာပြီးလို့ သွားတပ်ရုံဗျ။ ခြေတုတွေကို အခမဲ့တပ်ဆင်ပေးမယ့်အပြင် ခရီးစရိတ်နဲ့စားသောက်စရိတ်တွေကို ICRC က ထောက်ပံ့ပေးမယ်လို့ သိရတယ်"ဟု မိုင်းဆတ်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးစိုင်းထွန်းဦးက ပြောကြားသည်။

ကျိုင်းတုံမြို့အထွေထွေရောဂါကုဆေးရုံကြီးဝင်းတွင် ၃၄ ခုတင်ဆံ့ကိုယ်ကာယပြန်လည် သန်စွမ်းရေးစင်တာကို ကျပ် ၁ ဒသမ ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း) အကုန်ကျခံတည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီလတွင် ကျိုင်းတုံမြို့ရှိ ခြေတုတပ်ဆင်လိုသူများကို ဝန်ဆောင်မှုစတင်ပေးခဲ့ရာ အကြောအဆစ်ကုထုံးကုသမှုအပါအဝင် လူဦးရေ ၇၅ ဦးကို လက်ခံဆောင်ရွက်ခဲ့ပြီး ဘီးတပ်ကုလားထိုင် ခြောက်ခုနှင့် ခြေတု ၃၄ ချောင်းတပ်ဆင်ပေးပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ ထုတ်ပြန်ချက်အရ သိရသည်။

■ R-16

Photo by bmm

အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၃

Chan Myay Electrical Trading Co.,Ltd

Continetal
TA Resources myanmar co.Ltd
01-685806,685800

Showroom Office
C.17, Thiri Yandar Market,
North Okkalarpa Township,
Yangon
Ph:09-420197888,09-420258133

ပျူမလေး(ဆေးဆိုင်)
Ph: 09-421102433

ကားမောင်းအထူး
အမြန်သင်သည်
Ph: 09-975441968

V-9 (Beauty Saloon)
No.698, Thamadeikhti St,
Ma Hlaw Gone Htay Kywe Ward
Tamwe
09-250122646,09-422499145

City Light
Digital Photo & VINYL
Ph:09-25620977,09-799201300,
09-252992841

လင်းလက်ထွန်း

Seair Logistics
(Myanmar)Co.,Ltd

Ph: 09-5046366,09-73042730

Ph:09-5415807,09-51075491,
09-31046392,09-254067233

ကိုဝိန် (ကားဝပ်ရှော့)
Ph:09-5144841,09-73150710

Teacher Aye
09-799191556

မိခင်(ဆေးဆိုင်)
09-73134910

ရွှေလမင်း
(Mobile အရောင်းဆိုင်)
Ph:09-960874395

ရှိုင်း (ကြေးအိုး)
09-444513892,09-7759998615

IDEA
Air-con Sale & Service
No.815,
Ph:09-450530034

B2C
No.1322A, Bo Hum Ba Htoo
Road, Ward 4, East Dagon
09-73131559,09-250081970

ဖော်
No.477,
09-421166077

စိမ်းလန်း (ကားဒီး)
No(1582),
09-769328776

ကြယ်တာရာ
(Beauty Saloon)
No.461, Padamyar Street,
Ward 19, Sough Dagon
09-784560203

No.462,
Ph: 09-420069326

SPN
09-451360750,09-971620428

No.1708,
09-73110272

Ph:09-73134970

"Baby Home" can creat a perfect environment for a child

Ph:09-421059195,09-798204389

No.66/68(A),
Ph:09-5059415,09-976567183

ဆရာ JV
Ph:09-43045456

ကျုံပျော် ဘာသာရေးအဖွဲ့ အရေးယူပိတ်သိမ်းရေး အစိုးရထံ တောင်းဆို

ပုသိမ်၊ နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ လှည်းဆိပ်ကျေးရွာရှိ ကောင်းကင်သစ်ခရစ်တော်၏ ဝိညာဉ်တော်အဖွဲ့ အပါအဝင် ၎င်းတို့အဖွဲ့၏ အခြေစိုက်စခန်း ၉ နေရာကို တစ်ပြိုင်နက်တည်း အရေးယူပိတ်သိမ်းပေးရန် နစ်နာသူအချို့ ခေါင်းဆောင်ခံထားရသူများ၏ မိသားစုဝင်အချို့နှင့် မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီတို့က နိုဝင်ဘာလ ၂၇ ရက်က တိုင်းအစိုးရထံ တောင်းဆိုခဲ့သည်။

ပုသိမ်မြို့ရှိ စကောကရင် ခရစ်ယာန်နှစ်ခြင်း သာသနာရုံးတွင် နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းက တိုင်းအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် နစ်နာသူ၊ ခေါင်းဆောင်ခံထားရသူများ၏ မိသားစုဝင်အချို့နှင့် မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီတို့ တွေ့ဆုံကာ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့၏ လုပ်ဆောင်ချက်များမှာ ခရစ်ယာန် သာသနာနှင့် ဆန့်ကျင်သော အဓမ္မ အစွန်းရောက် ဝါဒကို ပြုလုပ်နေခြင်း၊ ခရစ်ယာန်ဘာသာမက အခြားသော ဘာသာဝင်များကိုပါ ဖြားယောင်းသွေးဆောင်နေသဖြင့် ဘာသာတစ်ခုနှင့်တစ်ခု မလိုအပ်သော အခြေအနေများ မဖြစ်စေလိုခြင်း၊ လူတစ်ဦး တစ်ယောက်၏ ဆန္ဒသဘော တူညီသည် မတူညီသည်ဖြစ်စေ ဘာသာရေးအကြောင်းပြ စည်းရုံးသိမ်းသွင်း၍ လုပ်အားခေါင်းပုံ ဖြတ်ခံနေ၍ နစ်နာမှုများ ရှိနေခြင်းကြောင့် ယခုကဲ့သို့ တောင်းဆိုရခြင်းဖြစ်ကြောင်း နစ်နာသူများက ပြောဆိုသည်။

"လုပ်အား ခေါင်းပုံဖြတ်တယ်။ ကျွန်ပြုခိုင်းစေတဲ့အတွက်ကြောင့် လူကုန်ကူးမှု မြောက်တယ် ဘာသာ၊ သာသနာ ညှိုးနွမ်းစေတယ်။ ဘာသာရေးကို အကြောင်းပြပြီး လူကုန်ကူးမှုလုပ်နေတာကြောင့် မကျေနပ်နိုင်ဘူး၊ ကျမ်းစာသင်တန်းလို့ ဆိုတယ်။ တစ်ယောက်မှခရစ်ယာန်ကျမ်းစာသင်ဆရာတွေ၊ ဘုန်းကြီးတွေမဟုတ်ဘဲ လုပ်နေတဲ့အတွက် ဘာသာ သာသနာ ညှိုးနွမ်းပါတယ်။ အချိန်မီမကာကွယ်နိုင်ရင် ဒေသ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက် ဖြစ်စေနိုင်တယ်" ဟု မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ မြို့ပြကျေးလက်သာသနာရေးဌာန ကော်မတီဝင် မန်းထောင်းစိန် ကပြောသည်။

စင်ကာပူနိုင်ငံသား ခံယူထားသော မန်းကျော်စိုးက ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာသို့ လာရောက်ပြီး ၂၀၁၁ ခုနှစ်ကစတင်ကာ ကောင်းကင်သစ် ခရစ်တော်၏ ဝိညာဉ်တော်များအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဧရာဝတီတိုင်း၌ ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာ၊ အထောင်မြို့ ကျောင်းကုန်းမြို့နယ် ထန်းကုန်းကျေးရွာ၊ မြောင်းမြ၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့၊ တောင်ငူမြို့နှင့် ကရင်ပြည်နယ် သံတောင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့တို့တွင် အခြေစိုက်စခန်းများရှိနေကြောင်း ယင်းဘာသာရေးအဖွဲ့မှ ပြန်လည်ထွက်လာသူများ ကဆိုသည်။

တောင်ငူမြို့ရှိ အမျိုးသမီးတစ်ဦး၏ သမီးမှာ စင်ကာပူတွင် အလုပ်လုပ်ကိုင်ခဲ့ရာမှ မန်းကျော်စိုးနှင့်တွေ့ကာ စင်ကာပူမှ ပြန်လာကြောင်း၊ ယင်းနောက် ကျုံပျော်မြို့ရှိ လှည်းဆိပ်ကျေးရွာရှိ ကောင်းကင်သစ် အဖွဲ့သို့ ရောက်သွားပြီး စင်ကာပူမှ ရလာတဲ့ ငွေ၁၅ သိန်းကို အဖွဲ့ခေါင်းဆောင်တစ်ဦးထံ အပ်ထားကြောင်း၊ မိန်းကလေးက ပြန်ချင်သော်လည်း ပြန်မလွှတ်သဖြင့် မိခင်ကပါ လိုက်လံခေါ်ယူရာမှ ပြန်မလွှတ်တော့ကြောင်း၊ တောင်ငူမြို့ ပကူး သာသနာနယ် ကျမ်းစာသင်ကျောင်းမှ ဒုတိယကျောင်းအုပ် နော်ဒိုးဒိုထူးက The Voice သို့ ပြောကြားသည်။

ထို့ကြောင့် တောင်ငူမြို့ ပကူး သာသနာနယ် ကျမ်းစာသင်ကျောင်းသို့ အကူအညီတောင်းသဖြင့် တာဝန်ရှိသူများ သွားရောက်ခေါ်ဆောင်ခဲ့ရာမှ သားအမိနှစ်ဦး ပြန်လွှတ်လာသော်လည်း အပ်ထားသည့် ကျပ် ၁၅ သိန်းကို ပြန်မပေးခဲ့ကြောင်း ၎င်းကရှင်းပြသည်။

ဘာသာရေးကို အကြောင်းပြကာ လှည့်စား ခံစားနေရသူများ နှင့် ယင်းအဖွဲ့ထဲ ရောက်ရှိနေသူများ၏ မိသားစုဝင်များပါ စိတ်နှလုံးထိခိုက်ရခြင်း၊ အခြေစိုက်နေရာ ၉ ခုရှိခြင်းတို့ကြောင့် ယခုထက်ပိုများလာပါက ထိခိုက်နစ်နာမှုပိုများနိုင်ကြောင်း၊ ခရစ်ယာန်ဓမ္မနဲ့ မကိုက်ညီသည့်အတွက် ဘာသာရေးအရသာမက ပြစ်မှုကြောင်းအရပါအရေးယူ ဆောင်ရွက်နိုင်မည့်အချက်အလက်များကိုစုဆောင်းကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားမဝင် ဘာသာရေးအဖွဲ့အဖြစ် သတ်မှတ်နိုင်၊ အရေးယူနိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့် ကပြောကြားသည်။ ■ R-12

တောဆင်ရိုင်း ဖျက်ဆီးသဖြင့် စေတီသုံးဆူ နှင့် လယ် ၆ ဧက ပျက်စီး

ကလေး၊ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် အင်ကြင်းမော်ရွာအနီးတွင် တောဆင်ရိုင်းဝင်ရောက် ဖျက်ဆီးခြင်းကြောင့် လယ် ၆ ဧကနှင့် စေတီသုံးဆူ၊ ဆင်းတုတော် တစ်ဆူနှင့် လယ် ၆ ဧက ပျက်စီးခဲ့ကြောင်း သောင်သွပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ဦးက ပြောကြားသည်။

ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတောင်တန်းများပေါ်မှ ဆင်းလာသည့် တောဆင်ရိုင်း ၄ ကောင် နိုဝင်ဘာလ ၂၆ ရက် ညနေ ၄ နာရီခွဲကဝင်ရောက်ဖျက်ဆီးခဲ့၍ အင်ကြင်း မော်ရွာအနီးရှိ ရွှေမင်းဝံတောင်ပေါ်တွင် တည်ရှိသောဆုတောင်းပြည့်စေတီမှ အရန်စေတီ ၃ ဆူ၊ ဆင်းတုတော်တစ်ဆူနှင့် ရွာသားများ၏ ရိတ်သိမ်းခါနီး လယ် ၆ ဧက ပျက်စီးခဲ့ကြောင်း၊ တောဆင်ရိုင်းလေးကောင်မှာ နိုဝင်ဘာလ ၂၈ ရက်က ရွာအနီးတွင် မရှိတော့ဘဲ တောထဲပြန် သွားပြီဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

"ရွာတွေကို အန္တရာယ်ကင်းအောင် အနေနဲ့တော့ သူတို့လာရင် ဘယ်လိုခြောက်ရတယ်၊ ဘယ်လိုလုန့်ရတယ်ဆိုတာ ပညာပေးထားတယ်" ဟု သောင်သွပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ဦး က ပြောဆိုသည်။

အင်ကြင်းမော်ရွာသည် သောင်သွပ်ကျေးရွာနှင့် ၃ မိုင်အကျော်ကွာဝေးသည့် နေရာတွင် တည်ရှိသည့် ရွာတစ်ခုဖြစ်ကာ အိမ်ခြေ ၄၀ ခန့် ရှိပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ကျေးရွာတစ်ရွာဖြစ်သည်။

တောဆင်ရိုင်းဖျက်ဆီးခြင်းကြောင့် ပျက်စီးသွားသည့် ဆုတောင်းပြည့်စေတီမှ အရန်စေတီများကို မြင်ရစဉ်

■ R-20

NEWS IN BRIEF

ဆီစက်တွင် လူငယ်တစ်ဦး ထိခိုက်မိရာမှ သေဆုံး

ရွှေဘိုမြို့ အမှတ် (၁၀)ရပ်ကွက်၊ စက်မှုဇုန်ရှိ 'ပန်းဝါ' ဆီစက်တွင် နိုဝင်ဘာလ ၂၅ရက်က ဆီစက်လည်ပတ်နေစဉ် အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးက ဝင်ရောက်ကြည့်ရှုရာမှ ဆီစက်မိန်းရှပ်တန်းနှင့် ပုဆိုးစရစ်ပါသွားပြီး စက်ဖြင့်ကြိတ်မိသေဆုံးခဲ့ကြောင်း ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ လူငယ်မှာ မောင်ငွေမိုးဖြစ်ပြီး ဆီစက်လုပ်သား ကိုမောင်ဆယ်၏ ညီဖြစ်ကြောင်း၊ ၎င်းမှာ ဟုမ္မလင်းမြို့တွင်နေထိုင်ပြီး အစ်ကိုထံ လာရောက်လည်ပတ်စဉ် မတော်တဆဖြစ်ရာမှ သေဆုံးခဲ့သဖြင့် သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေကြောင်း ရွှေဘိုမြို့မရဲစခန်းထံမှ သိရသည်။ ■

ရေနီတွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ ဒေါင်းနင်းကျကျေးရွာ နေအိမ်တစ်အိမ်တွင် နိုဝင်ဘာလ ၂၆ ရက်နေ့နံနက်ပိုင်းက အသက် ၄၆ နှစ်အရွယ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း ရေနီမြို့မရဲစခန်းထံမှ သိရသည်။

ဦးထွန်းကိုက ၎င်းနေထိုင်ရာ သုံးပင် ငါးပင် နှစ်ထပ်နေအိမ် အမြင့် ၁၄ ပေခန့်ရှိသည့် ထုပ်တန်းတွင် ကြိုးဆွဲချသေဆုံးခဲ့သဖြင့် သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေကြောင်း ရေနီနယ်မြေရဲစခန်းမှ စုံစမ်းသိရှိရသည်။ ■ R-15

ဇန်းမော်မြို့တွင်းလမ်းများကို အဆင့်မြှင့်

ကချင်ပြည်နယ်၊ ဇန်းမော်မြို့တွင်းလမ်းပိုင်းများကို ယခုဘဏ္ဍာနှစ်တွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာလ ၂၇ရက်မှ စတင်လုပ်ဆောင်နေကြောင်း လုပ်ကိုင်ခွင့်ရ မန်းပြည့်တံခွန်ကုမ္ပဏီထံမှ သိရသည်။

လမ်းသားအဆင့်မြှင့်မှုကို ဇန်းမော်မြို့လိုလ်ချုပ်လမ်းမကြီးမှစတင် ဆောင်ရွက်ခဲ့ပြီး ဇန်းမော်မြို့တွင်း လမ်းအပိုင်း ၈ပိုင်း ၊ လမ်းအလျား ၂ မိုင် ၇ဖာလုံ၊ ၁၂၃ ပေ၊ ခန့်မှန်း ကုန်ကျငွေကျပ်သန်း ၃၇၈၂ ကျော်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာကော်မတီရုံးထံမှ သိရသည်။ ■ R-14

သုံးနိုင်ငံ ကားမောင်းပြိုင်ပွဲ ကလေးမြို့မှ စတင်ထွက်ခွာသည်ကို မြင်ရစဉ်

သုံးနိုင်ငံဖြတ်ကျော် ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ မြန်မာနိုင်ငံအတွင်း စတင်ဝင်ရောက်

ကလေး၊ နိုဝင်ဘာ ၂၈

မြန်မာ-အိန္ဒိယ- ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲ မြန်မာနိုင်ငံထဲသို့ နိုဝင်ဘာလ ၂၈ ရက်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ တစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း D & T Myanmar Travels Co.,Ltd. မှ ဒါရိုက်တာ ဦးတံခွန်က ပြောသည်။

သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲအဖြစ် အိန္ဒိယနိုင်ငံ ဂိုဝါတီ (Guwahati) မြို့မှ နိုဝင်ဘာလ ၂၄ ရက်မှ စတင် ထွက်ခွာလာခဲ့ပြီး မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်း တမူးမြို့သို့ နိုဝင်ဘာလ ၂၇ ရက်က ဖြတ်ကျော်ခဲ့ကြောင်း၊ နိုဝင်ဘာလ ၂၇ ရက်ညပိုင်းက စစ်ကိုင်းတိုင်း ကလေးမြို့တွင် ညအိပ်ခဲ့ကြောင်း နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်တွင် ကလေးမြို့မှတစ်ဆင့် ဂန့်ဂေါ၊ ပခုက္ကူ၊ ပုဂံ၊ မန္တလေး၊ နေပြည်တော် ရန်ကုန်၊ မော်လမြိုင်၊ မြဝတီမြို့တို့မှ တစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ခရီးစဉ်ဆုံးကြောင်း၊ ယင်းနောက် ဘန်ကောက်မှ တစ်ဆင့်ဝင်ရောက်လာသည့်လမ်းကြောင်းအတိုင်း ပြန်လှည့်ကာ အိန္ဒိယနိုင်ငံ ဂိုဝါတီမြို့တွင် ခရီးစဉ် အဆုံးသတ်မည်ဖြစ်သည်။

"ခရီးသွားလုပ်ငန်း တိုးတက်ဖို့ နိုင်ငံအချင်းချင်း ပိုပြီးတော့ နားလည်မှု ရှိစေရေးအတွက် ကားမောင်းတဲ့သူတွေဆိုရင်ပြီးခဲ့တဲ့ အခေါက်က ဝေဠုကျော်တို့ ဗမာတွေလည်းပါတယ်။ ထိုင်းတွေလည်းပါတယ်။ ဒီတစ်ခေါက်ကျတော့ မလိုက်ဖြစ်ကြတာ ဗမာအဖွဲ့တွေ ဖိတ်တယ်" ဟု D & T Myanmar Travels Co.,Ltd. မှ ဒါရိုက်တာ ဦးတံခွန်ကပြောသည်။

ယခု ကားမောင်းပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံသား ၄၇ ဦးနှင့် အမေရိကန်နိုင်ငံသား ၁ ဦး စုစုပေါင်း ၄၈ ဦး ကားအစီးရေ ၂၀ စီးဖြင့် သုံးနိုင်ငံကားမောင်းပြိုင်ပွဲ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကလည်း ပထမအကြိမ် ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆိုသည်။ ■ R-20

၁၀တန်းကျောင်းသူ မြွေကိုက်ခံရပြီး သေဆုံး

သာယာဝတီ၊ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အသရော်အုပ်စု၊ ပြည်တော်သာကျေးရွာတွင် နိုဝင်ဘာလ ၂၈ ရက် နံနက် ၆နာရီက ၁၀တန်းကျောင်းသူမှာ အိမ်ရှိ ထင်းပုံဘေးတွင် အပေါ့သွားရာမှ မြွေကိုက်ခံရပြီး သေဆုံးခဲ့ကြောင်း ကျေးရွာရပ်မိရပ်ဖတစ်ဦးထံမှ သိရသည်။

သေဆုံးသူမှာ အသက် ၁၆နှစ်အရွယ်ဖြစ်ပြီး အသရော် အထက(ခွဲ) ကျောင်းတွင် ပညာသင်ကြားနေသူဖြစ် ကြောင်း၊ ၎င်းကို မြွေကိုက်သဖြင့် အသရော်ကျေးလက်ကျန်းမာရေး ဆေးခန်းသို့ပို့ဆောင်စဉ် လမ်းခုလတ်၌ သေဆုံးခဲ့ကြောင်း သေဆုံးသူ၏ မိခင်က ပြောသည်။

"ကျွန်တော့်သမီးကတော့ပြောတယ်။ အဖေဘာကောင် ကိုက်တာလည်း မသိဘူး။ မျက်လုံးတွေ ပြာလာတယ် ပြောတော့ ကျွန်တော် သူအပေါ့သွားတဲ့ ထင်းပုံနားကို နေရာကိုသွားကြည့်တော့ မြွေဟောက်ဖြစ်နေတယ်။ အသရော်ဆေးပေးခန်းကို သွားတော့ မရောက်ခင် ၂ ဖာလုံလောက်မှာ ခေါ်ကြည့်တော့ အသက်မပါတော့ဘူး"ဟု ဖခင်ဖြစ်သူက ရှင်းပြသည်။ ■ R-19

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊
ဖုန်း - ၀၉၇၇၈၈၃၃၀၇၁ (မန္တလေး)

ကျိုင်းတုံမြို့ရှိ မြို့တွင်း၊ မြို့ပြင် ရေထွက်မြောင်းများကို အဆင့်မြှင့်မည်

ကျိုင်းတုံ၊ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် မိုးရွာသွန်းမှုများပြားပါက မြို့ပေါ်ရပ်ကွက်များ အပါအဝင် မြို့အနီးရှိကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နေသောကြောင့် မြို့တွင်း၊ မြို့ပြင်ရေထွက်မြောင်းများကို တူးဖော်ကာ အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ပြောကြားသည်။

"လုပ်ဆောင်ရမယ့်လုပ်ငန်းပမာဏများပြားတဲ့အတွက် စည်ပင်အပါအဝင် ဆည်မြောင်းနဲ့ လမ်းဦးစီးတို့ ပူးပေါင်းပြီး လုပ်ဆောင်ကြမယ်၊ ကိုယ့်ဌာနအလိုက် တွက်ချက်တင်ပြပြီး လုပ်ဆောင်ကြမှာမို့ ဒီဘဏ္ဍာနှစ် ထပ်တိုးဘတ်ဂျက်ထဲမှာ လုပ်ဆောင်နိုင်ဖို့ ကြိုးစားမယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးကလည်း လွှတ်တော်မှာတင်ပြပေးမယ် ပြောတယ်"ဟု ၎င်းကပြောဆိုသည်။

ကျိုင်းတုံမြို့တွင် နိုဝင်ဘာလ ၂၄ ရက် ညပိုင်းက နှစ်ပေါင်း ၆၇ နှစ်အတွင်း စံချိန်တင် မိုးရွာသွန်းခဲ့ရာ မြို့ပေါ်ရပ်ကွက် ၅ခု အပါအဝင် ကျေးရွာအချို့တွင် နေအိမ်များအတွင်း ရေဝင်ရောက်ခဲ့ကြောင်း၊ လက်ရှိတွင် မြို့တွင်းရေမြောင်းများနှင့် နမ့်လပ်ချောင်းအတွင်း စီးဝင်သည့်ရေထွက်မြောင်းများကို စည်ပင်၊ ဆည်မြောင်းနှင့် လမ်းဦးစီးတို့က တူးဖော်မည်ဖြစ်ကြောင်း၊ မလွတ်သည့် သစ်ပင်ကြီးများကို ခုတ်လှဲမည်ဖြစ်သည့်အပြင် ဖုန်းတိုင်နှင့်ဓာတ်တိုင်များကိုပြောင်းရွှေ့မည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ပြောကြားသည်။

ကျိုင်းတုံမြို့တွင် ရှေးယခင်က ရေကြီးနစ်မြုပ်မှုများ မဖြစ်သော်လည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် မိုးရွာသွန်းမှုများပြားပါက ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေကြောင်း၊ ယင်းကြောင့် အဓိက ရေထွက်မြောင်းကြီးများကို ပိတ်ဆို့ပြီး အဆောက်အအုံများ ဆောက်လုပ်ခြင်းအပါအဝင် ရေမြောင်းများအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းနှင့်ရေမြောင်းများ ကောလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ ■ R-16

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်တရားသူကြီးနှင့် တပ်မတော်သား ကိုယ်စားလှယ် ပြောင်းလဲမည်

မော်လမြိုင်၊ နိုဝင်ဘာ ၂၈

လာမည့် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပမည့် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေး၌ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်တရားသူကြီးတစ်ဦး အပြောင်းအလဲရှိမည် ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်မှ သိရသည်။

တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်အပြောင်းအလဲတွင် မွန်ပြည်နယ်မှ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်ကြောင်း၊ မွန်ပြည်နယ်တရားလွှတ်တော်တွင် ပြည်နယ်တရားသူကြီး နှစ်ဦးရှိသည့်အနက် တစ်ဦးဖြစ်သူ သက်ပြည့်ပင်စင်ယူထားသဖြင့် လစ်လပ်နေသောနေရာတွင် တစ်ဦးအစားထိုးခြင်းဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောသည်။

မွန်ပြည်နယ်လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၃၁ ဦးအနက် တပ်မတော်သား ကိုယ်စားလှယ် ၈ ဦးပါဝင်ကြောင်း၊ မွန်ပြည်နယ်လွှတ်တော်ကို ဒီဇင်ဘာ ၄ ရက်တွင် စတင်မည်ဖြစ်ပြီး လွှတ်တော်အစည်းအဝေးတွင် မေးခွန်း ၄၀၊ အဆို ၃ ခုနှင့် ဥပဒေကြမ်း တစ်ခုကိုလည်း တင်သွင်းရန်ရှိကြောင်း ၎င်းထံမှ သိရသည်။

အဆို ၃ ခုမှာ အစိုးရအနေနှင့် အုပ်ချုပ်ရေးပိုင်းတွင် ပိုမိုအားစိုက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆို၊ မော်လမြိုင်မြို့တွင် နှလုံးအထူးကုဌာနတစ်ခု ထပ်မံတိုးချဲ့သင့်ကြောင်း တိုက်တွန်းသည့် အဆိုနှင့် ကျိုက်ထီးရိုးဘုရားဝန်းကျင် အမှိုက်ကိစ္စနှင့် ပတ်သက်၍ အစိုးရအနေနှင့် ဂေါပကအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုတို့ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ထံမှ သိရသည်။

အလားတူ ယခုလွှတ်တော်တွင် မွန်ပြည်နယ်၏ မြို့ရွာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ မွန်ပြည်နယ်၏ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေး သက်တမ်းတွင် အတည်ပြုပေးနိုင်ခဲ့သည့် ဥပဒေ ၂ ခုရှိကြောင်း၊ တစ်ခုမှာ ပြည်နယ် အသေးစား၊ အလတ်စား လျှပ်စစ်ဥပဒေနှင့် စည်ပင်သာယာရေးဥပဒေတို့ ဖြစ်ကြောင်း ဒေါ်တင်အိက ရှင်းပြသည်။

ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် မေးခွန်း ၄၃ ခုနှင့် အဆို ၄ ခုကို တင်သွင်းခဲ့ရာ အဆိုနှစ်ခုကိုအတည်ပြုနိုင်ခဲ့သည်။ ■ R-21

အိမ်ထောင်စု ၇၀၀၀ကျော်ကို ဆိုလာမီး တပ်ပေးမည်ဟုဆိုကာ ငွေလိမ်တောင်းသည့်အဖွဲ့ကို ဖမ်းမိ

ပုသိမ်၊ နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၅ မြို့ရှိ ကျေးရွာ ၁၁ ရွာမှ အိမ်ထောင်စု ၇၂၇၀ ကို ဆိုလာမီးတပ်ဆင်ပေးမည်ဆိုကာ လိမ်လည်ပြီး ငွေတောင်းသည့်အဖွဲ့ကို နိုဝင်ဘာလ ၂၆ရက်က လပွတ္တာမြို့တွင် ဖမ်းမိကြောင်း လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးထံမှ သိရသည်။

ရန်ကုန်တိုင်း လှိုင်သာယာမြို့တွင် နေသော ဦးကျော်မျိုးဦး အပါအဝင် ၅ဦး အဖွဲ့က ဆိုလာမီးရရန် တစ်အိမ်ထောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် တောင်းခံခဲ့ကြောင်း၊ ၎င်းတို့က လပွတ္တာမြို့နယ်ရှိ လမ်းပြကြယ် လူထုဖွံ့ဖြိုးရေးအဖွဲ့မှ ဒုဥက္ကဋ္ဌ ဒေါ်ဥမ္မာနှင့် ချိတ်ဆက်ကာ သပြုကုန်း ကျေးရွာတွင် ဆိုလာမီးတပ်ဆင်မည်ဟုဆိုကာ လိမ်လည်စည်းရုံးရာမှ ဖမ်းမိခြင်းဖြစ်ကြောင်း၊ လူမှုကူညီရေးအဖွဲ့တစ်ဖွဲ့မှ ဒုဥက္ကဋ္ဌ တစ်ဦးနှင့် ချိတ်ဆက်ကာ သပြုကုန်း ကျေးရွာတွင် ဆိုလာမီး တပ်ဆင်ရန်အတွက် အကြောင်းပြ စည်းရုံးရာမှ ဖမ်းမိခြင်းဖြစ်ကြောင်း လပွတ္တာခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နိုင် ကပြောကြားသည်။

တစ်အိမ်လျှင် ဆိုလာမီး တပ်ဆင်မည့် စရိတ်ကျပ်သုံးသောင်း ကုန်ကျမည်ဖြစ်ပြီး ကြိုတင်ငွေ ကျပ်တစ်သောင်းပေးရန်နှင့် ကျပ်နှစ်သောင်းကို ဆိုလာမီးတပ်ဆင်မည့် ပစ္စည်းများ ရောက်မှပေးရမည်ဖြစ်ပြီး တစ်အိမ်ထောင်လျှင် ကျပ်သုံးသိန်းခွဲဖိုးရှိ မီးလင်းရေးပစ္စည်းများကို အခမဲ့တပ်ဆင်ပေးမည်ဟုဆိုကာ ငွေလိမ်လည်ခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

ဦးကျော်မျိုးဦးက ၎င်းသည် ကရင်ထာဝရ လက်နက်နှင့် ငြိမ်းချမ်းရေးအဖွဲ့ (Kayin Ever Peace – KKP) ဟု ၎င်းဘာသာအမည်ပေးဖန်တီးထားသည့်အဖွဲ့၌ ဗိုလ်ကြီးအဆင့်ရှိ စီးပွားရေးတာဝန်ခံဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီနှင့် အလွန်ရင်းနှီးသူဖြစ်ကြောင်း၊ ၎င်းမှာ KNU အဖွဲ့မှ အလင်းဝင်ခဲ့ကာ ယင်းအဖွဲ့မှ ပြည်သူများကို ကျေးလက်ဒေသ မီးလင်းရေးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့ကို ပြောဆိုလိမ်လည်ခဲ့ကြောင်း ဦးကောင်းမြတ်နိုင်ထံမှ သိရသည်။

"ရိုးသားပြီး သိရှုနုနည်းတဲ့ ကျေးလက်ပြည်သူတွေအနေနဲ့ လိမ်လည်သူတွေရှိတာကို သတိရှိဖို့လိုတယ်၊ ဒီလိုအခြေအနေတွေနဲ့ကြုံလာရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို သတင်းပေးစေချင်တယ်၊ လက်ရှိတော့ လပွတ္တာကနေစပြီး အရေးယူနေပါပြီ၊ ကျန်ရှိတဲ့ မြို့နယ် ၅ ခုက အလိမ်ခံထားရတဲ့ရွာတွေကလည်း အမှုဖွင့်တိုင်ကြားပြီးတရားစွဲဖို့လိုအပ်နေပါသေးတယ်"ဟု လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နိုင်က ပြောဆိုသည်။

အဆိုပါအဖွဲ့က လပွတ္တာမြို့နယ်တွင် ဘိုင်ဒေါင့်ပြင်စလူနှင့် ခမင်းချောင်းလေး ကျေးရွာ၊ ပေုတောမြို့နယ်တွင် သင်္ကန်းကုန်း ကျေးရွာ၊ ဝါးခယ်မမြို့နယ်တွင် ကမ်းပြိုနှင့် အောက်ဝဲရွာ၊ ပန်းတနော်မြို့နယ်တွင် ပြုလင်း၊ ပေပင်မြောက်နှင့် ခနွဲကဘိုရွာ၊ ဟင်္သာတမြို့နယ်တွင် ငွေချောင်းနှင့် လာစည် ကျေးရွာတို့တွင်လည်း လိမ်လည်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဆိုလာမီးရမည်ဟုဆိုကာ ငွေကြေးလိမ်လည်သော ဦးကျော်မျိုးဦး(၃၇နှစ်) ၊ ၎င်း၏ ညီဖြစ်သူ ကိုထက်မိုးလူ (ခ)ကိုလူ (၂၇နှစ်)၊ ကျော်မင်းအောင် (ခ) ကျော်မင်း (၃၂နှစ်)၊ ကိုကိုနိုင် (၃၇နှစ်)၊ မြင့်ဇော် (၃၁နှစ်) ရာဇသတ်ကြီး ပုဒ်မ ၄၂၀၊ ၄၆၈၊ ၁၄၄ တို့ဖြင့် လပွတ္တာမြို့မ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း၊ ယင်းအမှုနှင့် ပတ်သက်သော လပွတ္တာမြို့မှ လမ်းပြကြယ် လူထုဖွံ့ဖြိုးရေးအဖွဲ့ရှိ တာဝန်ရှိသူအချို့ကို ခေါ်ယူစစ်ဆေးနေပြီး ဥပဒေ၏ အကြံပြုချက်အရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

■ R-12

Photo - Aung Phyo

ဝါဈေးကျသဖြင့် တောင်သူများအခက်အခဲဖြစ်

ပြည်၊ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် ဝါအဓိက စိုက်ပျိုးသော ဝက်ထီးကန် တိုက်နယ်တွင် မျိုးစေ့မကောင်းသော ဝါများကြောင့် အထွက်နှုန်းကျဆင်းပြီး ဝါဈေးနှုန်းလည်းနိမ့်ကျသဖြင့် တောင်သူများအခက်အခဲကြုံနေရကြောင်း ဝါစိုက်တောင်သူများက ပြောကြားသည်။

အိန္ဒိယ စပ်မျိုးဝါမျိုးစေ့ကို ကုန်သည်များထံမှဝယ်ယူစိုက်ပျိုးရပြီး ဈေးနှုန်းကြီးမြင့်ကာ မျိုးကောင်းမကောင်းကို မသိနိုင်ခြင်း၊ စိုက်ပျိုးရေးဌာနမှရောင်းချပေးသည့်မျိုးစေ့များမှာလည်း စိုက်ပျိုးရာတွင် ကုန်ကျစရိတ်များပြားခြင်းတို့ကြုံတွေ့နေရကြောင်း ၎င်းတို့ထံမှ သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေကလောက် ဈေးမရဘူး။ မျိုးစေ့ကလည်း မကောင်းတော့ အထွက်နှုန်းကျတယ်၊ တောင်သူတွေက မကိုက်လည်း ဒါပဲစိုက်ပျိုး လုပ်ကိုင်စားနေရတော့ ဒါပဲစိုက်နေရတယ်၊ စိုက်ပျိုးရေးကထုတ်ရောင်းပေးတဲ့ ချည်မျှင်ရှည်ဝါ ၆ က ဆေးဖိုးအကုန်အကျများလို့ မစိုက်နိုင်ဘူး၊ သက်ဆိုင်ရာဌာနက ဝါမျိုးကောင်းမျိုးသန့် ရောင်းချပေးဖို့လိုသလို၊ ဈေးကွက်ပါဖော်ဆောင်ပေးဖို့လိုပါတယ်"ဟုသစ်ချိုပင် အုပ်စု သပြေပင်အင်း ကျေးရွာ တောင်သူ ဦးနေစိုးကပြောသည်။

ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ယခင် ဝါပိဿာ ၁၂၀၀ မှ ၈၀၀ ကြားထွက်ရှိပြီး ယခုနှစ်တွင် ပိဿာ ၅၀၀ ခန့်သာထွက်ရှိနိုင်ကြောင်း၊ ယခင် တစ်ပိဿာ ၁၅၅၀ကျပ်အထိ ရရှိရာမှ ယခုနှစ်တွင် တစ်ပိဿာ ၁၁၅၀ကျပ် ၁၂၀၀ ကျပ်အထိသာဈေးရသောကြောင့် တောင်သူများ အခက်အခဲကြုံတွေ့နေရကြောင်း တောင်သူများထံမှ စုံစမ်းသိရှိရသည်။

"အခုမှ စခူးတာဖြစ်တာရယ်၊ အထက်မှာ မိုးကြီးနေတော့ ဒီဘက်လည်း မိုးရှိပြီး ဝါအလေးချိန် ပိုများမယ်မှတ်ပြီး ဈေးနှိမ် ဝယ်နေကြတာပါ။ နောက်ပိုင်းတော့ဈေးတက်လာနိုင်တယ်၊ စက်မှုတစ်ကလည်းဟိုဘက်ကပေးတဲ့ ဈေးအတိုင်းပေးဝယ်လို့ ပြောထားတာရှိတယ်၊ မန္တလေးတရုတ်ထိ လက်လှမ်းမမီတော့ မိတ္ထီလာကကုန်သည်တွေနဲ့ တစ်ဆင့်ပဲလုပ်နေရတယ်"ဟု ချည်မျှင် ရှည်ဝါကုန်သည် ဦးပေါက်စကပြောသည်။

ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် မျိုးစေ့အိတ် တစ်အိတ်လျှင် သုံးသောင်းခွဲကျပ်၊ စိုက်စရိတ် ဆေးအပါအဝင် သုံးသိန်းခန့်ကုန်ကျပြီး ဝါခူးဆွတ်ချိန်တွင် ဝါတစ်ပိဿာ တစ်ရာနှုန်းဖြင့် အလုပ်သမားငှားရမ်းခရှိကြောင်း၊ လက်ရှိဝါစိုက်ပျိုးရာတွင် ရေအခက်အခဲများလည်းရှိကြောင်း၊ ဝက်ထီးကန်တိုက်နယ်အတွင်း ဝါစိုက်ပျိုးမှုဧက စုစုပေါင်း ၁၅၂၈၅ဧကရှိပြီး ဒေသခံတောင်သူ ၄၄၃ဦး ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနစာရင်းများထံမှ သိရသည်။

■ M-06

မိုင်းရှင်းလင်းရေး ပြည်သူပါဝင်မှု အရေးကြီး

ဘားအံ၊ နိုဝင်ဘာ ၂၈

မိုင်းရှင်းလင်းရေးနှင့် အသိပညာပေးလုပ်ငန်းများ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အချက်အလက်မျှဝေမှုသည် အရေးကြီးအခန်းကဏ္ဍ တစ်ရပ်ဖြစ်ကြောင်း မိုင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များနှင့် ကရင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။

နိုဝင်ဘာလ ၂၈ ရက်က ဘားအံမြို့တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းအကြောင်း တွေ့ဆုံပွဲပြုလုပ်ခဲ့ရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် NGO၊ INGO များ တက်ရောက်ခဲ့သည်။

"မိုင်းအန္တရာယ်ရှိဆဲ ဒေသတွေကတော့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်တို့ကအဓိကပေါ့၊ ရှင်းလင်းဖယ်ရှားဖို့အတွက်က ပညာရှင်မဟုတ်တဲ့သူတွေ (ဒေသခံတွေ) ရဲ့ပူးပေါင်းပါဝင်မှုလိုတယ်၊ ဘယ်နေရာတွေမှာ မိုင်းပေါက်ကွဲမှုဖြစ်လေ့ရှိတယ်ဆိုတာ ဒေသခံတွေကသိကြတယ်" ဟု ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

နိုင်ငံတော်အဆင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းပြီး လုပ်ငန်းများလုပ်ဆောင်နေသော်လည်း မိုင်းအသိပညာပေးခြင်း၊ မိုင်းဒဏ်သင့် ပြည်သူများကို ပြန်လည်ထူထောင်ရေးနှင့် မသန်စွမ်းသူအသက်မွေးလုပ်ငန်းများ ပညာပေးနိုင်ခဲ့သော်လည်း မိုင်းရှင်းလင်းရေးအနေနှင့် လုပ်ဆောင်နိုင်မှုမှာ အားနည်းနေကြောင်း ၎င်းထံမှ သိရသည်။

"မိုင်းအန္တရာယ်နဲ့ ပတ်သက်ပြီး အဖွဲ့ငယ်လေးတွေရှိတယ်၊ မိုင်းရှင်းလင်းရေးကို လုပ်ဆောင်နိုင်မှုမရှိသေးတဲ့ စပ်ကြားကာလတွေမှာတော့ ကျေးရွာကွင်းဆင်းပြီးမှ ဒေသတွင်း အချက်အလက်ကောက်ယူတာနဲ့ မိုင်းဒဏ်သင့်ပြည်သူတွေ ပြန်လည်ထူထောင်တဲ့လုပ်ငန်းတွေပဲ လုပ်ဆောင်နေသေးတယ်"ဟု The Halo Turst Myanmar မှ နန်းဖော့ချောင်ကလိန်းကပြောကြားသည်။

မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရွာတွင် CSOs၊ NGOs ၊ INGOs များကိုသင်တန်းပေးခြင်းနှင့် မလုံလောက်ပဲ ဒေသခံများပါဝင်နိုင်သည့် တွေ့ဆုံပွဲမျိုးကို ဦးတည်ပြီးလုပ်သင့်သည်ဟု ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဆိုသည်။

"စိုက်ပျိုးမြေတိုးချဲ့ဖို့အတွက်ကတော့ ဒေသခံတွေအတွက်က ပြဿနာတော့သိပ်မရှိဘူး၊ သူတို့က မိုင်းကွဲလေ့ရှိတဲ့ နေရာကိုသိတော့ လုံခြုံတဲ့နေရာတွေကို စိုက်ပျိုးမြေတိုးချဲ့နိုင်တယ်၊ စိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ကတော့ အခက်အခဲရှိနိုင်ပါတယ်"ဟု ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပြောသည်။

■ R-17

အာဆင်နယ်၊ ချယ်လ်ဆီး၊ တိုရီနိုတို့နဲ့လက်တွဲထားလိုက်တာက အမှန်ကန်ဆုံးဖြစ်မှာပါ

ယနေ့ညယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဒီနေ့ညမှာ ကြားရက်ပွဲစဉ်တွေ ဆက်လက်ယှဉ်ပြိုင်သွားဖို့ ရှိနေသလို ပွဲစဉ်အရေအတွက်ကလည်း မနေ့ကထက် ပိုများတာကြောင့် ရွေးချယ်မှုခက်ခဲကြရမယ့်အခြေအနေပါပဲ။ တန်းတက်ကလပ် ဟတ်ဒါးစဖီးလ်ဟာ မန်စီးတီးနဲ့အားပြိုင်အပြီးမှာ အာဆင်နယ်နဲ့ ဆက်လက်ကစားရမှာမို့ ကြီးစွာသော အကျပ်အတည်းနဲ့ မလွဲမသွေ ရင်ဆိုင်ရပါတော့မယ်။ လီဗာပူးကလည်း ချယ်လ်ဆီးနဲ့အပြီးမှာ အိမ်ကွင်းကစားအားကောင်းတဲ့ စတုတ်စီးတီးနဲ့ ဆက်လက်အားပြိုင်ရမှာမို့ အခန့်မသင့်ရင် အမှတ်ဆုံးရှုံးတာမျိုးဖြစ်လာဦးမှာ မလွဲမသွေပါပဲ။ စပိန်ဘုရင့်ဖလားပွဲစဉ်တွေမှာတော့ အသင်းကြီးတွေအားလုံးကို ဂိုးပြတ်နိုင်ပွဲတွေ ရယူနိုင်ဖို့လိုအပ်တယ်လို့ တောင်းဆိုမှုတွေ ရှိနေပါတယ်။

အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၄)

အာဆင်နယ် - ဟတ်ဒါးစဖီးလ်

ဟတ်ဒါးစဖီးလ်ဟာ ပြိုင်ပွဲအရပ်ရပ် အဝေးကွင်းပွဲစဉ် နောက်ဆုံး ခြောက်ပွဲဆက်တိုက် ဂိုးပေါက်ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပါဘူး။ အဲဒီပွဲစဉ် ခြောက်ပွဲမှာ ဟတ်ဒါးစဖီးလ်က ငါးပွဲရှုံးနိမ့်ပြီး တစ်ပွဲတည်းသာ သရေရရှိခဲ့ပါတယ်။ အာဆင်နယ်ရဲ့အနိုင်ရလဒ်ဟာ အနိမ့်ဆုံးအဖြစ် နှစ်ဂိုးပြတ်ဖို့ လိုအပ်ပါတယ်။ အာဆင်နယ်ကို ရွေးပါ။

ဘုန်းမောက် - ဘန်လေ

အာဆင်နယ်နဲ့ပွဲမှာ အရှုံးရလဒ်နဲ့ရင်ဆိုင်ခဲ့ရတာတောင်မှ ဘန်လေရဲ့ကြွေဟာ ပြတ်ပြတ်သားသား ကျဆင်းသွားတာမျိုး မဖြစ်ခဲ့ပါဘူး။ ဘုန်းမောက်ကလည်း နောက်ဆုံးကစားထားတဲ့ပွဲစဉ်သုံးပွဲမှာ ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိထားပါတယ်။ သရေရလဒ်ဟာ နှစ်သင်းလုံးအတွက် မျှတမှုရှိနိုင်လို့ ဘန်လေကို အားပေးလိုက်ပါရစေ။

မန်စီးတီး - ဆောက်သမ်တန်

မန်စီးတီးရဲ့အနိုင်ရလဒ်ကို သုံးဂိုးအကွာ ပြတ်သားဖို့အထိ တောင်းဆိုထားတာကတော့ အရမ်းများလွန်းနေသလိုပါပဲ။ ဆောက်သမ်တန်ဟာ အဲဗာတန်နဲ့ပွဲမှာ ဂိုးပြတ်နိုင်ပွဲ ရယူပြီး လမ်းကြောင်းမှန်ထက်ဆီ ပြန်လည်တက်လှမ်းလာနိုင်ခဲ့ပါပြီ။ မန်စီးတီးနိုင်ခဲ့ရင် ၂-၀၊ ၃-၁ တစ်ခုခုပဲ ဖြစ်မှာပါ။ ဆောက်သမ်တန်ကို ရွေးမယ်။

အဲဗာတန် - ဝက်စ်ဟမ်း

ဝက်စ်ဟမ်းနည်းပြ ဒေးဗစ်မိုယက်စ်အတွက် အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်ရမယ့်ပွဲစဉ်ပါပဲ။ လက်ရှိမှာ အဲဗာတန်အသင်းကို ယာယီနည်းပြအဖြစ် ဦးဆောင်နေသူ အန်းစဝပ်သ်ကလည်း ဒေးဗစ်မိုယက်စ်ရဲ့တပည့် တစ်ဦးဖြစ်ခဲ့ဖူးသူဖြစ်ပါတယ်။ သရေတစ်မှတ်လောက်တော့ ဝက်စ်ဟမ်း ရယူနိုင်ပါလိမ့်မယ်။ ဝက်စ်ဟမ်းနဲ့ လက်တွဲလိုက်ကြရအောင်။

ချယ်လ်ဆီး - ဆွမ်ဆီး

လီဗာပူးနဲ့အားပြိုင်ခဲ့တဲ့ပွဲစဉ်မှာ သရေရလဒ်နဲ့ ရင်ဆိုင်ကြုံဆုံခဲ့ရလို့ ချယ်လ်ဆီးဟာ အမှတ်ပေးဇယားကို ဦးဆောင်နေသူ မန်စီးတီးနဲ့ အမှတ်ကွာဟချက် ပိုမိုကျယ်ပြန့်သွားခဲ့ရပါပြီ။ ဆွမ်ဆီးက တန်းဆင်းဇုန်ထဲ ရောက်ရှိနေသလို ခြေစွမ်းကလည်း ယုတ်လျော့ယိမ်းယိုင်နေပါတယ်။ ချယ်လ်ဆီးရဲ့အနိုင်ရလဒ်ဟာ အနိမ့်ဆုံးအဖြစ် နှစ်ဂိုးပြတ်ပါလိမ့်မယ်။ ချယ်လ်ဆီးနဲ့ စွန့်စားလိုက်ကြရအောင်။

စတုတ်စီးတီး - လီဗာပူး

စတုတ်စီးတီးရဲ့အိမ်ကွင်းဆီကို သွားရောက်ကစားခဲ့ရတဲ့ပွဲစဉ်တိုင်းမှာ လီဗာပူးက အကျပ်အတည်းတွေနဲ့ ကြုံဆုံခဲ့ရတာချည်းပါပဲ။ တန်းဆင်းဇုန်ထဲကို ကျရောက်သွားနိုင်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရလို့ စတုတ်စီးတီး အမှတ်ရှာဖွေနေတာကို သတိပြုကြရမှာပါ။ စတုတ်စီးတီးကို ရွေးချယ်ကြရအောင်။

စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်များ(ဒုတိယအကျော့)

ဆီဗီလာ - ကာတာဂျီနာ

ပထမအကျော့ရလဒ် - ကာတာဂျီနာ ၀ - ၃ ဆီဗီလာ

ဒီပွဲရဲ့အဖြေက ဆီဗီလာအပေါ်မှာပဲ မူတည်နေပါတယ်။ ပထမအကျော့ရလဒ်က လုံလောက်မှုရှိနေပြီးပါပြီ။ အမာခံပွဲထွက်ကစားသမားတွေကို အနားပေးပြီး အရန်ကစားသမားတွေနဲ့ လူငယ်ကစားသမားတွေကို ပွဲထုတ်တာမျိုး ဆီဗီလာလုပ်လာနိုင်ဖို့တယ်။ သုံးဂိုးပြတ်ဖို့ လိုအပ်တယ်ဆိုပြီး ဆီဗီလာကို လက်ရှောင်တာမျိုး မလုပ်ရဲပါဘူး။ ဆီဗီလာသာ တကယ်ရှန်းကန်ကစားရင် သုံးဂိုးပြတ်ဖို့ဆိုတာဟာ အရမ်းကို လွယ်လွန်းနေပါတယ်။ ဆီဗီလာကိုပဲ အားပေးပါ။

ဘာစီလိုနာ - ရီးရဲလ်မာစီယာ

ပထမအကျော့ရလဒ် - ရီးရဲလ်မာစီယာ ၀ - ၃ ဘာစီလိုနာ

ဘာစီလိုနာဟာ လာမာစီယာအကယ်ဒမီထွက် လူငယ်ကစားသမားအများစုကို ပွဲထုတ်လာဖို့ ရှိနေပါတယ်။ ဗလင်စီယာနဲ့ပွဲမှာ တစ်ဂိုးစီသရေကျခဲ့ရတာကို ဂိုးပြတ်နိုင်ပွဲတစ်ပွဲနဲ့အတူ ပြန်လည်ချေဖျက်ပြဖို့ ဘာစီလိုနာ ဆန္ဒရှိနေမှာပါ။ ဘာစီလိုနာရဲ့အနိုင်ရလဒ်ဟာ လေးဂိုးပြတ်၊ မပြတ်ဆိုတာကိုပဲ စောင့်ကြည့်သွားကြရပါလိမ့်မယ်။ ဘာစီလိုနာကို သဘောကျမိတယ်။

ဆိုစီဒက် - အက်စ်ပေါ်တီအူ

ပထမအကျော့ရလဒ် - အက်စ်ပေါ်တီအူ ၀ - ၁ ဆိုစီဒက်

ပထမအကျော့ရလဒ်ဟာ ဆိုစီဒက်အတွက် စိတ်ချရခြင်း မရှိသေးပါဘူး။ အက်စ်ပေါ်တီအူက ခံစစ်ကို အားပြုပြီး တန်ပြန်တိုက်စစ်တွေကနေ တစ်ဆင့် ဂိုးသွင်းယူဖို့ ကြိုးပမ်းသွားမှာပါ။ ဂိုးသွင်းအားကောင်းတဲ့ ဆိုစီဒက်တိုက်စစ်ကိုပဲ ယုံကြည်ထားလိုက်ချင်ပါတယ်။ သုံးဂိုးပြတ်ဖို့ လိုအပ်ပေမယ့် ဆိုစီဒက်နဲ့ပဲ လက်တွဲထားလိုက်ကြရအောင်လား။

အက်သလက်တီကို - အယ်လ်ချီ

ပထမအကျော့ရလဒ် - အယ်လ်ချီ ၁ - ၁ အက်သလက်တီကို

ပထမအကျော့ရလဒ်က အယ်လ်ချီအတွက်လည်း အခွင့်အရေးရှိနေဆဲပဲလို့ ညွှန်းဆိုနေပါတယ်။ ပုံမှန်အတိုင်းဆိုရင် ဒီပွဲက အက်သလက်တီကို လွယ်လင့်တကူနဲ့ အောင်ပွဲခံသွားနိုင်မယ့်ပွဲမျိုးပါ။ ဒါပေမဲ့ လက်ရှိမှာ အက်သလက်တီကိုတိုက်စစ်က တစ်ပွဲကို တစ်ဂိုးရဖို့အတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရတာကို သတိပြုသင့်ပါတယ်။ အက်သလက်တီကို နိုင်ခဲ့ရင်တောင် သုံးဂိုးပြတ်ဖို့က မလွယ်ပါဘူး။ အယ်လ်ချီနဲ့စွန့်စားလိုက်ကြရအောင်။

ဘီလ်ဘာအို - ဖော်မင်တီရာ

ပထမအကျော့ရလဒ် - ဖော်မင်တီရာ ၁ - ၁ ဘီလ်ဘာအို

ဘီလ်ဘာအို ဘယ်လိုကစားမလဲဆိုတာက ဒီပွဲရဲ့အဖြေဖြစ်လာပါလိမ့်မယ်။ ပထမအကျော့တုန်းကလို သရေခံစားနိုင်ဖို့ဆိုတာဟာ ဖော်မင်တီရာအတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ဘီလ်ဘာအိုရဲ့ ဂိုးပြတ်နိုင်ပွဲ ရှာမတွေ့မှုဟာ ကာလတစ်ခု ကြာမြင့်လာခဲ့ပါပြီ။ ဒီပွဲမှာ ဘီလ်ဘာအို အစွမ်းပြတော့မယ်လို့ ယူဆမိပါတယ်။ ဘီလ်ဘာအိုကို အကြိုက်တွေ့မိတယ်။

လာ့စ်ပါးလ်မားစ် - ဒီပို့တီဗို

ပထမအကျော့ရလဒ် - ဒီပို့တီဗို ၁ - ၄ လာ့စ်ပါးလ်မားစ်

ပထမအကျော့အနိုင်ရလဒ်ဟာ လာ့စ်ပါးလ်မားစ်အတွက် လုံလောက်ရုံသာမကဘဲ ပိုလျှံလို့တောင်နေပါပြီ။ လာ့စ်ပါးလ်မားစ်ဟာ အနိုင်ရလဒ်ရယူဖို့ထက် ပွဲထိန်းနိုင်ဖို့ကိုသာ ဦးတည်သွားပါလိမ့်မယ်။ သရေရလဒ်ထွက်ပေါ်လာဖို့ ရာခိုင်နှုန်းများနေတဲ့ပွဲစဉ်ပါ။ ဒီပို့တီဗိုကို သဘောကျမိတယ်။

ကိုပါအီတာလီယာဖလား စတုတ္ထအဆင့်ပွဲစဉ်များ

ဆက်ဆူအိုလို - ဘာရီ

ဆက်ဆူအိုလိုဟာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်းပွဲစဉ် ခုနစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပါတယ်။ အဲ့ဒီပွဲစဉ် ခုနစ်ပွဲမှာ ဆက်ဆူအိုလိုက သွင်းဂိုးတစ်ဂိုးသာ ရှာဖွေရရှိခဲ့တာကိုလည်း သတိပြုရမှာပါ။ ဖိအားတွေကို ချေဖျက်ပြဖို့အတွက် ဆက်ဆူအိုလို အားထည့်ရုန်းကန်သွားပါလိမ့်မယ်။ ဆက်ဆူအိုလို ကပ်နိုင်သွားမှာပါ။

ချီယေဗို - ဟဲလပ်စ်ဗီရိုနာ

ဒီနှစ်ဘောလုံးရာသီရဲ့စီးရီးအေပွဲစဉ် ၉ အဖြစ် ချီယေဗိုရဲ့အိမ်ကွင်းမှာ ဒီနှစ်သင်း ယှဉ်ပြိုင်ခဲ့ပြီးပါပြီ။ အဲ့ဒီပွဲစဉ်မှာ ချီယေဗိုက ဟဲလပ်စ်ဗီရိုနာကို သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ စီးရီးအေအမှတ်ပေးဇယားရဲ့တန်းဆင်းဇုန်ထဲကို ရောက်ရှိလို့နေတဲ့ ဟဲလပ်စ်ဗီရိုနာဟာ ချီယေဗိုကို ပြင်းပြင်းထန်ထန် ဖိအားပေးနိုင်ဖို့ မလွယ်လှပါဘူး။ ချီယေဗိုကို အကြိုက်တွေ့မိတယ်။

တိုရီနို - ကာပီ

ကာပီရဲ့အဝေးကွင်းရလဒ်တွေက အားရစရာ တစ်ကွက်မှ မရှိပါဘူး။ နောက်ဆုံးကစားထားတဲ့ အဝေးကွင်းပွဲစဉ်ငါးပွဲမှာ ကာပီက နိုင်ပွဲပျောက်ခဲ့တဲ့အပြင် ဂိုးပေါက်ပါ ပျောက်ခဲ့ပါတယ်။ တိုရီနိုဟာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ကာပီကို ထိန်းချုပ်သွားပါလိမ့်မယ်။ တိုရီနိုကိုပဲ အားပေးလိုက်ကြရအောင်။

■ E-11

ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

၂၉-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) ကိုပါအီတာလီယာဖလား စတုတ္ထအဆင့်ပွဲစဉ်များ	
ည ၈း၃၀ နာရီ	ဆက်ဆူအိုလို - ဘာရီ
ည ၁၁း၃၀ နာရီ	ချီယေဗို - ဟဲလပ်စ်ဗီရိုနာ
၃၀-၁၁-၂၀၁၇(ကြာသပတေးနေ့) အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၄)	
နံနက် ၂း၁၅ နာရီ	ချယ်လ်ဆီး - ဆွမ်ဆီး
နံနက် ၂း၁၅ နာရီ	အာဆင်နယ် - ဟတ်ဒါးစဖီးလ်
နံနက် ၂း၁၅ နာရီ	ဘုန်းမောက် - ဘန်လေ
နံနက် ၂း၃၀ နာရီ	မန်စီးတီး - ဆောက်သမ်တန်
နံနက် ၂း၃၀ နာရီ	စတုတ်စီးတီး - လီဗာပူး
နံနက် ၂း၃၀ နာရီ	အဲဗာတန် - ဝက်စ်ဟမ်း
ပြင်သစ်လီဂူး ပွဲစဉ်(၁၅)	
နံနက် ၀၀း၃၀ နာရီ	မက်ဇ် - မာဆေး
နံနက် ၀၀း၃၀ နာရီ	လိုင်ယွန် - လိုင်လီ
နံနက် ၀၀း၃၀ နာရီ	နန်တက်စ် - မိုနာကို
နံနက် ၀၀း၃၀ နာရီ	ဂူအင်ဂမ့် - မောင့်ပဲလီယာ
နံနက် ၀၀း၃၀ နာရီ	တူးလော့စ် - နိုက်စ်
နံနက် ၀၀း၃၀ နာရီ	အန်ဂျားစ် - ရန်းနက်စ်
နံနက် ၂း၃၀ နာရီ	ပီအက်စ်ဂျီ - ထရိုယက်စ်
ကိုပါအီတာလီယာဖလား စတုတ္ထအဆင့်ပွဲစဉ်	
နံနက် ၂း၃၀ နာရီ	တိုရီနို - ကာပီ
စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်များ(ဒုတိယအကျော့)	
နံနက် ၁း၀၀ နာရီ	ဆီဗီလာ - ကာတာဂျီနာ
နံနက် ၁း၀၀ နာရီ	ဘာစီလိုနာ - ရီးရဲလ်မာစီယာ
နံနက် ၁း၀၀ နာရီ	ဆိုစီဒက် - အက်စ်ပေါ်တီအူ
နံနက် ၃း၀၀ နာရီ	အက်သလက်တီကို - အယ်လ်ချီ
နံနက် ၃း၀၀ နာရီ	ဘီလ်ဘာအို - ဖော်မင်တီရာ
နံနက် ၃း၀၀ နာရီ	လာ့စ်ပါးလ်မားစ် - ဒီပို့တီဗို

ဘာစီလိုနာအားကစားဒါရိုက်တာ ဆနယ်လီဟီ ရာထူးနုတ်ထွက်၊ အာဆင်နယ် အားကစားဒါရိုက်တာဖြစ်လာရန် ရေပန်းစား

Daily Mail

ဘာစီလိုနာ၊ နိုဝင်ဘာ ၂၈

ဘာစီလိုနာအသင်းအတွက် ထိပ်သီးကစားသမားပေါင်း များစွာကို ခေါ်ယူစုစည်းပေးခဲ့သည့် အားကစားဒါရိုက်တာ ဆနယ်လီဟီသည် ရာထူးနုတ်ထွက်ရန် ဆုံးဖြတ်သွားခဲ့ပြီဖြစ်ပြီး ဆနယ်လီဟီမှာ အာဆင်နယ်အသင်းအားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ဘာစီလိုနာကို စွန့်ခွာသွားခြင်းဖြစ်ဖွယ်ရှိကြောင်း Daily Mail က ဖော်ပြထားသည်။

ဆနယ်လီဟီသည် ဘာစီလိုနာအတွက် ၁၅ နှစ်ကြာ အလုပ်အကျွေးပြုပေးခဲ့ပြီးသည့်နောက်၌ အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ၎င်းတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း၌ ဘာစီလိုနာအသင်း၌ ဥက္ကဋ္ဌ သုံးဆက်အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

အာဆင်နယ်အသင်းအမှုဆောင်အရာရှိချုပ် ဂါဇီဒစ်သည် အသင်းအတွက် အားကစားဒါရိုက်တာတစ်ဦး ခေါ်ယူခန့်အပ်ရန် လွန်ခဲ့သည့်လအနည်းငယ်ခန့်ကတည်းကပင် စီမံစိုင်းပြင်းနေခဲ့ခြင်းဖြစ်ပြီး ဒေါ့မွန်အားကစားဒါရိုက်တာ မိုက်ကယ်ဇော့ကို ခေါ်ယူရန် ကြိုးပမ်းရာ၌ အဆင်မပြေမှုများဖြစ်ပေါ်ခဲ့အပြီးတွင် ဆနယ်လီဟီဘက်သို့ ဂါဇီဒစ်က ဦးလှည့်လိုက်ခြင်းဖြစ်သည်။

အာဆင်နယ်သည် လွန်ခဲ့သည့်စက်တင်ဘာလ၌ ရာထူးနုတ်ထွက်သွားခဲ့သော အပြောင်းအရွှေ့ရေးရာ ညှိနှိုင်းရေးမှူး ဒစ်ခ်လော၏နေရာကို အစားဖြည့်ရန်အတွက် အားကစားဒါရိုက်တာတစ်ဦး ခေါ်ယူလိုနေခြင်းဖြစ်ပြီး အားကစားဒါရိုက်တာ ခန့်အပ်ပြီးပါက နည်းပြအာစင်ဝင်းဂါးမှာ ကစားသမားဝယ်ယူမှုနှင့် ကစားသမားရောင်းချမှုတို့ကို ယင်းအားကစားဒါရိုက်တာ၏ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်ရတော့မည်ဖြစ်သည်။

ဒစ်ခ်လောသည် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ကို အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန် ၎င်းဘက်က အောင်မြင်စွာဆောင်ရွက်မပေးနိုင်ခဲ့သည့်အတွက် ရာထူးနုတ်ထွက်သွားခဲ့ခြင်းဖြစ်ပြီး ဆနယ်လီဟီမှာ ဘာစီလိုနာထံသို့ ဆွာရက်ဇ်နှင့် နေမာတို့ ပြောင်းရွှေ့ရောက်ရှိစေရန် ကြိုးပမ်းပေးခဲ့ရာတွင် အခရာကျသည့် အခန်းကဏ္ဍမှနေ၍ ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

အာဆင်နယ်သည် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန် မတိုင်မီတွင် ဆနယ်လီဟီကို အသင်းအားကစားဒါရိုက်တာအဖြစ် တရားဝင်တာဝန်ပေးနိုင်ရန် ရည်ရွယ်နေပြီး ဇန်နဝါရီဈေးကွက်အတွင်း အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ကို ရောင်းချခြင်း၊ ယင်းကွက်လပ်များကို အစားပြန်ဖြည့်ရန်အတွက် ကစားသမားသစ် ခေါ်ယူခြင်းတို့ကို အားကစားဒါရိုက်တာဖြစ်သူ၏ကြီးကြပ်မှုဖြင့်သာ အာဆင်နယ်အသင်းတာဝန်ရှိသူများက ဆောင်ရွက်လိုစိတ် ရှိနေကြသည်။

■ E-11

ဒီဗစ်ကပ် (Davis Cup) တင်းနစ်ပြိုင်ပွဲအတွက် ဒီဇင်ဘာလအတွင်း အပြီးသတ် ကစားသမားရွေးမည်

Davis Cup တင်းနစ်ပြိုင်ပွဲအတွက် ဒီဇင်ဘာလအတွင်း အပြီးသတ် ကစားသမားရွေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ် အစီအစဉ်ဖြင့် အိုမန်နိုင်ငံ မတ်စကတ်မြို့တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် Davis Cup တင်းနစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ကစားသမားများကို ဒီဇင်ဘာလအတွင်း အပြီးသတ်ရွေးချယ် မည်ဖြစ်ကြောင်း မြန်မာ နိုင်ငံတင်းနစ်အဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမအဆင့် ကစားသမားရွေးချယ်ပွဲကို နိုဝင်ဘာလကုန်ပိုင်းက ပြုလုပ်ခဲ့ပြီး ဒီဇင်ဘာလအတွင်း အပြီးသတ်ရွေးချယ်မည်ဟု ယင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်ဇော်က ပြောကြားသည်။

"ပထမအဆင့် ရွေးပွဲက ငါးဦးရထားတယ်။ သူတို့ထဲတစ်ဦး လျှော့ရမှာပါ။ ဒီပွဲပြီးတာနဲ့ သူတို့ကို စခန်းသွင်း လေ့ကျင့်ပေးမယ်"ဟု ၎င်းကဆိုသည်။

ပထမအဆင့် ကစားသမားရွေးချယ်ပွဲကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး ဒုတိယအဆင့် ရွေးချယ်ပွဲကို နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

လက်ရှိအရွေးချယ်ခံသူများသည် ဒေးဗစ်ဖလားတွင် ယှဉ်ပြိုင်ဖူးသူများ၊ မြန်မာ့လက်ရွေးစင် ဖြစ်ခဲ့ဖူးသူများ၊ အမျိုးသားတံခွန်စိုက်ပွဲများတွင် ပထမ၊ ဒုတိယရရှိဖူးသူများ၊ ပြည်နယ်နှင့်တိုင်းပွဲများတွင် ပထမ၊ ဒုတိယနှင့် အကောင်းဆုံးဆုရရှိဖူးသူများ ဝင်ရောက်ရွေးချယ်ခံနေခြင်းဖြစ်သည်။

"ပြိုင်ပွဲက လိုသေးတယ်ဆိုပေမယ့် ရတဲ့အချိန်မှာ ပြင်ဆင်မှုတွေကြိုလုပ်ရတော့မှာပါ။ မြန်မာအသင်းက အာရှဇုန် Group IV မှာ ကစားရမှာပါ"ဟု ဒေါက်တာခင်ဇော်က ဆက်လက်ပြောဆိုသည်။

ကစားသမားလေးဦးဖြင့်ယှဉ်ပြိုင်ရမည့် ယင်းပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် မြန်မာအသင်းသည် Group IV အဆင့်ကစ၍ ယှဉ်ပြိုင်နေရခြင်းဖြစ်ပြီး အောင်မြင်မှုရယူနိုင်ခဲ့ခြင်း မရှိသေးပေ။

■ J-04

အီတလီ လက်ရွေးစင်အသင်းအတွက် လိုအပ်လာခဲ့မည်ဆိုပါက ပြန်ကစားပေးရန် အမြဲအဆင်သင့်ရှိနေမည်ဟု ဘူဖွန်အသိပေး

မီလန်၊ နိုဝင်ဘာ ၂၈

နိုင်ငံတကာ လက်ရွေးစင်ကစားသမားဘဝက အနားယူပြီဖြစ်ကြောင်း အတည်ပြုထားပြီဖြစ်သည့် ဂျူဗင်တပ်ဂိုးသမား ဘူဖွန်သည် အီတလီလက်ရွေးစင်အသင်းအတွက် လိုအပ်လာခဲ့မည်ဆိုပါက ၎င်းအနေနှင့် ပြန်ကစားပေးရန် အမြဲတစေအဆင်သင့်ရှိနေမည်သာဖြစ်ကြောင်း ဖွင့်ဟအသိပေးလိုက်သည်ဟု Football Italia က ဖော်ပြထားသည်။

ဘူဖွန်သည် ဆွီဒင်က အီတလီကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့် ထပ်ဆင့်ခြေစစ်ပွဲအပြီးတွင် လက်ရွေးစင်ကစားသမားဘဝက အနားယူပြီဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း အီတလီအသင်းကို ပွဲစဉ်ပေါင်း ၁၇၅ ပွဲ ကိုယ်စားပြုကစားပေးခဲ့အပြီးတွင် ဘူဖွန်က လက်ရွေးစင်ကစားသမားဘဝကို အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်အရွယ်ရှိ ဘူဖွန်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ကစားသမားဘဝဖြတ်သန်းမှုကို အပြီးတိုင်အဆုံးသတ်ကာ အနားယူတော့မည်ဖြစ်ကြောင်း အသိပေးထားပြီးဖြစ်ကာ အကယ်၍ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျူဗင်တပ်အသင်း ချန်ပီယံဖြစ်ခဲ့မည်ဆိုပါကမူ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားလိုသည့်အတွက် ၎င်း၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ကာ အချိန်အနည်းငယ်ခန့် ဆက်လက်ကစားသွားနိုင်သည်ဟုလည်း ဘူဖွန်က ပြောကြားထားသည်။



Getty Images

ဘူဖွန်သည် အီတလီလက်ရွေးစင်အသင်းအတွက် လိုအပ်လာမည်ဆိုပါက အသက် ၆၀ ခန့်အရွယ်မျိုးဖြစ်နေလျှင်လည်း ၎င်းထံတွင် ပွဲကစားပေးနိုင်ရန် လုံလောက်သည့် ကြံ့ခိုင်မှုနှင့် စွမ်းဆောင်ရည်ရှိပါက မဆိုင်းမတွပင် ပွဲထွက်ပေးသွားမည်ဖြစ်ကြောင်း မှတ်ချက်ပေးထားပြီး လက်ရွေးစင်အသင်း ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားခွင့်ရသည့်အချိန်တိုင်းမှာ ၎င်းအတွက် အမြဲတစေပင် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ရကြောင်း ဘူဖွန်က ထပ်လောင်း အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဘူဖွန်က "လက်ရွေးစင်အသင်းကနေပြီး ကျွန်တော် ခေတ္တခဏ နုတ်ထွက်လိုက်တာပါ။ ထာဝရအနားယူလိုက်မယ်ဆိုတဲ့စိတ်ကူးမျိုး ကျွန်တော့်မှာ ဘယ်တော့မှ မရှိပါဘူး။ အနာဂတ်ကာလမှာ အသင်းအတွက် လိုအပ်ချက်တွေရှိလာခဲ့လို့ လက်ရွေးစင်အသင်း နည်းပြက ကျွန်တော့်ကို ကစားပေးပါလို့ တောင်းဆိုလာခဲ့ရင် ကျွန်တော် ချက်ချင်းပဲ ပြန်ကစားမှာပါ။ အသက် ၆၀ အရွယ်မျိုးဖြစ်နေခဲ့ရင်တောင် အသင်းကို အကျိုးပြုနိုင်မယ့် ကြံ့ခိုင်ရည်နဲ့ စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားမယ်ဆိုရင် ကျွန်တော် ပွဲထွက်ကစားပေးဖို့ အဆင်သင့်ပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

စီးရီးအေတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘူဖွန် ဆွတ်ခူး၊ တစ်နှစ်တာအကောင်းဆုံးအသင်းတွင် ဂျူဗင်တပ်ကစားသမား ခုနစ်ဦး ပါဝင်

မီလန်၊ နိုဝင်ဘာ ၂၈

ဂျူဗင်တပ်ဂိုးသမား ဘူဖွန်သည် ၂၀၁၆-၁၇ ဘောလုံးရာသီ စွမ်းဆောင်ရည်များအတွက် ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိသွားခဲ့ပြီး တစ်နှစ်တာအကောင်းဆုံးအသင်း ရွေးချယ်ရာတွင်လည်း ဂျူဗင်တပ်အသင်းက ကစားသမား ခုနစ်ဦးဖြင့် အရေအတွက်အများဆုံး ပါဝင်သွားကြောင်း Football Italia က ဖော်ပြထားသည်။

စီးရီးအေပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံး စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို အီတလီဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မီလန်မြို့တွင် ကျင်းပသွားခဲ့ခြင်းဖြစ်ပြီး ဘူဖွန်မှာ ဂိုးသမားများအနက်မှနေ၍ ယခုဆုကို ပထမဆုံးရရှိသူအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

ဘူဖွန်သည် ၎င်း၏ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း စီးရီးအေတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အီတလီဘောလုံးအဖွဲ့ချုပ်မှာ ယခုဆုကို ၁၉၉၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အီတလီဘောလုံးအဖွဲ့ချုပ်သည် စီးရီးအေ တစ်နှစ်တာ အကောင်းဆုံးအသင်းကို ၄-၃-၃ ကစားကွက်ဖြင့် ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းအသင်းတွင် ဂျူဗင်တပ်ကစားသမား ခုနစ်ဦး၊ နာပိုလီကစားသမား သုံးဦးနှင့် ရိုးမားကစားသမား တစ်ဦး ပါဝင်ခဲ့ကြောင်း မြင်တွေ့ကြရသည်။



၂၀၁၆-၁၇ ဘောလုံးရာသီ စီးရီးအေ တစ်နှစ်တာ အကောင်းဆုံးအသင်း

ဂိုး - ဘူဖွန်(ဂျူဗင်တပ်)

ခံစစ် - အဲလ်ဗက်စ်(ဂျူဗင်တပ် - လက်ရှိ ပီအက်စ်ဂျီ)၊ ဘိုနုချီ(ဂျူဗင်တပ် - လက်ရှိ အေစီမီလန်)၊ ကူလီဘာလေ(နာပိုလီ)၊ အဲလက်စ်ဆန်ဒရို(ဂျူဗင်တပ်)

ကွင်းလယ် - ပီဂျာနစ်(ဂျူဗင်တပ်)၊ နိုင်ဂိုလန်(ရိုးမား)၊ ဟမ်ဆစ်ခ်(နာပိုလီ)

တိုက်စစ် - ဟီဂွအင်(ဂျူဗင်တပ်)၊ ဒိုင်ဘာလာ(ဂျူဗင်တပ်)၊ မာတင်းစ်(နာပိုလီ)

■ E-11

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ဦးဇော်ဇော် သီးသန့်တွေ့ဆုံ၊ ဆုကြေးကျပ်သိန်း ၃၀၀ ကျော်ချီးမြှင့်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က နိုဝင်ဘာလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် သီးသန့်တွေ့ဆုံခဲ့ပြီး ဆုကြေးငွေ ကျပ်သိန်း ၃၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်ပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ယခုလဆန်းပိုင်းကကျင်းပခဲ့သော အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယနေရာကို ရယူနိုင်ခဲ့ပြီးနောက် ပထမဆုံး အကြိမ်အဖြစ် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ကျပ်သိန်းတစ်ရာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျပ်သိန်းတစ်ရာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဦးထွန်းထွန်းလင်းက ကျပ်သိန်း ၅၀ ၊ ဦးမျိုးသူရက ကျပ်သိန်း ၅၀ ချီးမြှင့်ပေးခဲ့သည်ဟု အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။ ■ J-04

အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာအသင်း ဒီဇင်ဘာလဆန်း စတင်လေ့ကျင့်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရထားသော မြန်မာအသင်း ဒီဇင်ဘာလ ၄ ရက်နေ့က စ၍ စုပေါင်းလေ့ကျင့်မည်ဖြစ်သည်။

တရုတ် (တိုင်ပေ) နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၁၄ ကြိမ်မြောက် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာအသင်းအနေနှင့် ဒီဇင်ဘာလဆန်းက စ၍ လေ့ကျင့်မှုများ ပြုလုပ်ရခြင်းဖြစ်သည်ဟု ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ အတွင်းရေးမှူး ဦးအောင်မော်သိန်းက ပြောကြားသည်။

“အာဆီယံပွဲသွားထားတဲ့ ကစားသမားတွေရယ်၊ ပဏာမရွေးတုန်းက ကျန်ခဲ့တဲ့ ကစားသမားတွေပေါင်းပြီး လေ့ကျင့်မယ်။ ကစားသမားတွေကိုလည်း အကြောင်းကြားထားတယ်”ဟု ၎င်းက ရှင်းပြသည်။

အာရှအဆင့်ပြိုင်ပွဲဖြစ်သည့်အတွက် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ကစားသမား ၂၀ ဦးဖြင့် လေ့ကျင့်မှု စတင်နိုင်မည်ဟု ယင်းအသင်း လက်ထောက်နည်းပြ ဦးကျော်ဇင်ညွန့်က ပြောကြားသည်။

ယင်းပြိုင်ပွဲကိုအိမ်ရှင် တရုတ်တိုင်ပေ၊ အာဆီယံဇုန်မှ ဗီယက်နမ်၊ မြန်မာ၊ မလေးရှား၊ ထိုင်း၊ အာရှအရှေ့ပိုင်းဇုန်မှ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာရှတောင်ပိုင်းနှင့် အလယ်ပိုင်းဇုန်မှ ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်၊ အီရန်၊ တာဂျစ်ကစ္စတန်၊ အာရှအနောက်ပိုင်းဇုန်မှ ဘာရိန်း၊ အီရတ်၊ လက်ဘနွန်၊ ဂျော်ဒန်တို့ ယှဉ်ပြိုင်ခွင့်ရထားသည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲ မတိုင်မီတွင် တရုတ်နိုင်ငံသို့သွားရောက်ကာ ခြေစမ်းမှုများပြုလုပ်ရန် စီစဉ် ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နီးစပ်သူများထံမှ သိရှိရသည်။

မြန်မာအသင်းသည် ၂၀၁၇ ခုနှစ် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့်အတွက် အာရှပြိုင်ပွဲဝင်ခွင့်ရခဲ့ခြင်းဖြစ်ပြီး အာဆီယံပြိုင်ပွဲတွင် တတိယနေရာကို ဒုတိယအကြိမ် ရခဲ့သည်။

ဦးဌေးမြင့်တာဝန်ယူထားသော မြန်မာဖူဆယ်အသင်းသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် အကြိုဗိုလ်လုပွဲအထိ ပို့ဆောင်ပေးခဲ့ကာ ဒုတိယတစ်ကြိမ်နှင့် တတိယဆု တစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။ ■ J-04

ဒိုင်လူကြီးများ၏မျက်နှာသာပေးခြင်း မခံရတော့သည့်အသင်းအဖြစ် မန်ယူ ရပ်တည်

မန်ချက်စတာ၊ နိုဝင်ဘာ ၂၈

မန်ယူအသင်းသည် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲဝင် အသင်းကြီးခြောက်သင်းအနက် ဒိုင်လူကြီးများ၏မျက်နှာသာပေးခံရမှု ရာခိုင်နှုန်းအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း Free Super Tips စစ်တမ်းကောက်ယူရေးအဖွဲ့က အသိပေးလိုက်သည်ဟု Daily Star က ဖော်ပြထားသည်။

Free Super Tips စစ်တမ်းကောက်ယူရေးအဖွဲ့သည် လွန်ခဲ့သည့်ဘောလုံးရာသီငါးရာသီအတွင်း ပရီးမီးယားလိဂ်ဒိုင်လူကြီးများ၏ပြိုင်ပွဲတာဝန်ယူကြီးကြပ်ပုံများကို မှတ်တမ်းပြုစု၍ ယခုစစ်တမ်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး ယခုစစ်တမ်းအရ ကြီးခြောက်ကြီး စာရင်းဝင်အသင်းများအနက် ဒိုင်လူကြီးများ၏မျက်နှာသာပေးခြင်းကို အခံရဆုံးမှာ အာဆင်နယ်ဖြစ်လျက်ရှိသည်။

အာဆင်နယ်သည် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ကြောင့် အရေးပါသော အခွင့်အရေးရရှိမှုပမာဏ ၆၄ ဒသမ ၆ ရာခိုင်နှုန်းရှိထားပြီး ယခုစစ်တမ်းကို နောက်ကျပွဲချိန်များအတွင်း ပင်နယ်တီရရှိတတ်မှု၊ ပြိုင်ဘက်အသင်းများ ပင်နယ်တီရရှိနိုင်သည့် အခွင့်အလမ်းများကို ငြင်းဆန်ပယ်ချလိုက်မှုနှင့် ပြိုင်ဘက်အသင်း ကစားသမားများကို ဒွိဟဖြစ်ဖွယ် အခြေအနေတစ်ရပ်ဖြင့် ထုတ်ပယ်လိုက်မှု စသည့်အကြောင်းအချင်းအရာများအပေါ်တွင် မူတည်ကာ Free Super Tips က စစ်တမ်းပြုစုလိုက်ခြင်းဖြစ်သည်။

မန်ယူသည် ဂွာ့ဒီယိုလာ (ဂန္ထဝင်နည်းပြကြီး) ...

မန်ယူသည် ဂန္ထဝင်နည်းပြကြီး ဖာဂူဆန် အနားယူလိုက်ပြီးသည့်နောက်တွင် ဒိုင်လူကြီးများ၏မျက်နှာသာပေးခံရမှုပမာဏ အံ့သြသင့်ဖွယ် လျော့ကျသွားခဲ့ပြီး လက်ရှိတွင် ဒိုင်လူကြီးများ၏ဆုံးဖြတ်ချက်ကြောင့် မန်ယူအနေနှင့် အရေးပါသော အခွင့်အရေးရရှိမှုပမာဏမှာ ၅၈ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိတော့ကြောင်း ယင်းစစ်တမ်းက အသိပေးထားသည်။

နည်းပြဖာဂူဆန် အနားယူသွားခဲ့ပြီးသည့်နောက်တွင် မန်ယူသည် ပြိုင်ဘက်ကို ပြစ်ဒဏ်ဘောကန်ခွင့်ပေးရမှုပမာဏ ၃၇ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်သွားပြီး အဝါကတ်ပြသ သတိပေးခံရမှုနှင့် ပင်နယ်တီအခွင့်အရေး ငြင်းပယ်ခံရမှုတို့လည်း များပြားလာကြောင်း ယင်းစစ်တမ်းက ဖော်ပြထားသည်။

ဒိုင်လူကြီးများ၏ဆုံးဖြတ်ချက်ကြောင့် ကြီးခြောက်ကြီးစာရင်းဝင်အသင်းများ အရေးပါသော အခွင့်အရေးရရှိမှု ပမာဏ

အသင်း	အခွင့်အရေးရရှိမှုပမာဏ
အာဆင်နယ်	၆၄ ဒသမ ၆ ရာခိုင်နှုန်း
လီဗာပူး	၆၂ ဒသမ ၇ ရာခိုင်နှုန်း
ချယ်လ်ဆီး	၆၁ ဒသမ ၇ ရာခိုင်နှုန်း
မန်စီးတီး	၅၉ ဒသမ ၉ ရာခိုင်နှုန်း
စပါး	၅၉ ဒသမ ၈ ရာခိုင်နှုန်း
မန်ယူ	၅၈ ဒသမ ၂ ရာခိုင်နှုန်း

■ E-11

စပါယ်ရှယ်ဝမ်းလက်သစ်ဖြစ်လိုကြောင်း မာကိုဆေးလ်ဗား ဖွင့်ဟ၊ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရအသင်းကို တာဝန်ယူရန် ရည်မှန်းထား

လန်ဒန်၊ နိုဝင်ဘာ ၂၈

ဝက်ဖို့ဒ်နည်းပြ မာကိုဆေးလ်ဗားသည် အနာဂတ်ကာလတွင် မန်ယူနည်းပြ မော်ရင်ညို၏ခြေရာကို လိုက်နင်း၍ စပါယ်ရှယ်ဝမ်း လက်သစ်တစ်ဦးဖြစ်လာနိုင်ရန် ရည်မှန်းချက်ထားရှိနေပြီဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် အခွင့်အရေးရနိုင်မည်ဆိုပါက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရ အသင်းတစ်သင်းကို ဦးဆောင်ခွင့်ရနိုင်ရန်လည်း မာကိုဆေးလ်ဗားက ဆန္ဒရှိနေပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အသက် ၄၀ အရွယ်ရှိ မာကိုဆေးလ်ဗားသည် မော်ရင်ညိုနှင့် ပုဂ္ဂိုလ်ရေးအရ လွန်စွာရင်းနှီးသည့် မိတ်ဆွေတစ်ဦးဖြစ်ကာ ပရီးမီးယားလိဂ်သို့ ၎င်းရောက်ရှိလာခဲ့သည်မှာလည်း မော်ရင်ညို၏အကြံပြုတိုက်တွန်းမှုများကြောင့်ဖြစ်ကြောင်း မာကိုဆေးလ်ဗားက ဖွင့်ဟဝန်ခံထားပြီးဖြစ်သည်။

မာကိုဆေးလ်ဗားသည် ယမန်နှစ်ဘောလုံးရာသီ၌ တန်းဆင်းဇုန်တိုက်ပွဲဆင်နွှဲခဲ့ရသည့် ဟားလ်စီးတီးကို ဘောလုံးရာသီပြီးဆုံးခါနီး လအနည်းငယ်ခန့်အလိုတွင် တာဝန်ယူကိုင်တွယ်ကာ ပရီးမီးယားလိဂ် စိန်ခေါ်မှုများကို စတင်ရင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး ဘောလုံးရာသီပြီးဆုံးချိန်တွင် ဟားလ်စီးတီးအသင်း တန်းဆင်းသွားခဲ့ရသော်လည်း မာကိုဆေးလ်ဗား၏စွမ်းဆောင်ရည်မှာ ပြောစမှတ်တွင်ကျန်ရစ်ခဲ့သည့်အတွက် ၎င်းကို ဝက်ဖို့ဒ်အသင်းက ဆက်သွယ်ခေါ်ယူထားလိုက်ခြင်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မာကိုဆေးလ်ဗားက “ကျွန်တော့်မိတ်ဆွေကြီး မော်ရင်ညိုကို အရမ်းပဲ အားကျမိပါတယ်။ ပေါ်တူဂီနိုင်ငံရဲ့အကောင်းဆုံးနည်းပြဟာ ဘယ်သူလဲလို့ မေးလိုက်ရင် အားလုံးက မော်ရင်ညိုလို့ တညီတညွတ်တည်း ဖြေကြမှာပါပဲ။ ပြီးခဲ့တဲ့ ၁၅ နှစ်တာကာလအတွင်း သူရယူပြခဲ့တဲ့ အောင်မြင်မှုတွေကလည်း သူဟာ ဒီလိုမျိုး အရေးပေးခံရဖို့ ထိုက်တန်တယ်လို့ ညွှန်းဆိုနေပါတယ်။ ကျွန်တော် သဘောအကျဆုံးကတော့ သူရဲ့နိုင်လိုစိတ် ပြင်းထန်မှုပါပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်ရောက်ရင် သူ့လိုမျိုး စပါယ်ရှယ်ဝမ်းတစ်ယောက်ဖြစ်ခွင့်ရဖို့ ကျွန်တော် ရည်မှန်းထားပါတယ်”ဟု ပြောကြားသွားသည်။

မာကိုဆေးလ်ဗားသည် လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်ခန့်က အဲဗာတန်နည်းပြရာထူးအတွက် ကမ်းလှမ်းဆက်သွယ်ခြင်းခံခဲ့ရသေးကာ အဲဗာတန်ဘက်က မာကိုဆေးလ်ဗားကိုခေါ်ယူရန် စာချုပ်ဖျက်သိမ်းခတန်ကြေး ပေါင် ၁၂ သန်းဖြင့် ကမ်းလှမ်းသည်ကို ဝက်ဖို့ဒ်အသင်းတာဝန်ရှိသူများက လက်မခံဘဲ ငြင်းဆန်ပယ်ချလိုက်သည့်အတွက် မာကိုဆေးလ်ဗားမှာ အဲဗာတန်နည်းပြဖြစ်ခွင့်ကို ဆုံးရှုံးလိုက်ရခြင်းဖြစ်သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် မာကိုဆေးလ်ဗားက “စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ချင်စိတ် ကျွန်တော့်မှာ အပြည့်ရှိပါတယ်။ အထူးသဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရ ထိပ်သီးအသင်းတစ်သင်းကို တာဝန်ယူခွင့်ရချင်တာက ကျွန်တော့်ရဲ့ သဘောထားအမှန်ပါပဲ။ လာမယ့်နှစ်မှာ အဲ့ဒီလိုအခွင့်အရေးမျိုး ပေါ်ထွက်လာခဲ့မယ်ဆိုရင် ကျွန်တော့်ရဲ့အနာဂတ်က အပြောင်းအလဲတွေ ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်”ဟု ပြောကြားသွားသည်။ ■ E-11

Reuters

ကင်ညာသမ္မတ ကင်ညတ်တာ ဒုတိယသက်တမ်း ကျမ်းကျိန်

BBC

နိုင်ရိုဘီ၊ နိုဝင်ဘာ ၂၈

ကင်ညာအတိုက်အခံများက သပိတ်မှောက်ထားသော်လည်း လက်ရှိသမ္မတ အူဟူရူကင်ညတ်တာသည် ဒုတိယသက်တမ်းအတွက် ကျမ်းကျိန်ပွဲအခမ်းအနားကို မြို့တော်နိုင်ရိုဘီတွင် ပြုလုပ်ခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ထောက်ခံသူများဖြင့် ပြည့်လျှံနေသည့် အားကစားကွင်းအတွင်း ကျမ်းကျိန်ပွဲကျင်းပခဲ့ခြင်းဖြစ်ပြီး ထိုင်ခုံမရဘဲ ဝင်ရောက်ရန် ကြိုးပမ်းသူများကို ရဲများက ဟန့်တားရသည်အထိ လူများခဲ့သည်။

မြို့တော်၏ အခြားတစ်ဖက်တွင်မူ အတိုက်အခံထောက်ခံသူများ၏ ချီတက်ပွဲကို ဟန့်တားရန် လုံထိန်းရဲများချထားခဲ့သည်။

အတိုက်အခံခေါင်းဆောင် ရာအီလာ အိုဒင်ဂါကကင်ညတ်တာ၏ 'နန်းတက်ပွဲ' ဟု လှောင်ပြောင်ခဲ့သည်။ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းမဟုတ်ဘဲ အာဏာရှင် ဘုရင်တစ်ပါးပမာ နန်းတက်မှုဟု ဝေဖန်ခြင်းဖြစ်သည်။

အိုဒင်ဂါသည် ပြီးခဲ့သည့်လက ပြန်လည်ကျင်းပသော သမ္မတရွေးကောက်ပွဲကို ဝင်ပြိုင်ရန်ငြင်းဆိုခဲ့ပြီး ကင်ညတ်တာသည် တရားဝင် ရွေးကောက်ခံရသူမဟုတ်ဟု ပြောကြားထားသည်။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကင်ညတ်တာသည် မဲ ၉၈ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သော်လည်း မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၃၉ ရာခိုင်နှုန်းသာ မဲလာပေးခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ ၈ ရက်နေ့တွင် မူလကျင်းပသော ရွေးကောက်ပွဲတွင်လည်း ကင်ညတ်တာပင် အနိုင်ရသော်လည်း မှုမမှန်မှုများရှိသည်ဟုဆိုကာ တရားရုံးချုပ်က မဲရလဒ်ကို ပယ်ဖျက်ပြီး ပြန်လည်ကျင်းပစေခဲ့ခြင်းဖြစ်သည်။

ကျမ်းကျိန်ပွဲကျင်းပရာ ကာဆာရာနီအားကစားကွင်းပြင်ပါတွင် ထိုင်ခုံမရသူများက အတင်းဝင်ရန်ကြိုးပမ်းသောကြောင့် ရဲများက မျက်ရည်ယိုဗုံးသုံးကာ မြင်းစီးတပ်ဖွဲ့ဖြင့် လူစုခွဲခဲ့ခြင်းကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။

ကွင်းပြင်ပမှ ကြည့်ရှုနိုင်အောင် ပရိုဂျက်တာများဖြင့်ပြသပေးမည်ဟု ကတိပေးထားခဲ့သော်လည်း မည်သည့် ဖန်သားပြင်၊ ပိတ်ကားမျှ တပ်ဆင်ပေးနိုင်ခဲ့ခြင်းမရှိကြောင်း အခင်းဖြစ်နေရာသို့ ရောက်ရှိနေသော အေအက်ဖ်ပီသတင်းထောက်က သတင်းပေးပို့သည်။

"သမ္မတ အူဟူရူကင်ညတ်တာကို ကြည့်ချင်လို့လာတာ၊ သူ့ကိုမဲပေးခဲ့တာလေ။ ဘာဖြစ်လို့ကျုပ်တို့ အရိုက်ခံရတာလဲ" ဟု ဒေါသထွက်နေသောလူအုပ်ထဲမှ ဂျနက်ဝမ်ဘူအာဆိုသူက ဆိုသည်။

ကွင်းအတွင်း၌မူ နိုင်ငံခြားဧည့်သည်တော်များအပါအဝင် ပရိသတ်များမှာ တည်တည်ငြိမ်ငြိမ်ဖြင့် ရယ်မောပျော်ရွှင်နေခဲ့ကြသည်။ တေးဂီတများဖြင့်ဖျော်ဖြေသလို စစ်ရေးပြချီတက်ပွဲလည်း ပြုလုပ်ခဲ့သည်။

အီသီယိုးပီးယားဝန်ကြီးချုပ် ဟလီမာရီယမ် ဒီဆယ်လ်လက်ဂ်န်နှင့် ရဝမ်ဒါ သမ္မတပေါလ်ကာဂါမီတို့သည် အခြားအာဖရိကခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အတိုက်အခံခေါင်းဆောင် အိုဒင်ဂါက ဩဂုတ်လနောက်ပိုင်း နိုင်ငံရေးအုံကြွမှုတွင် အသတ်ခံခဲ့ရသူများအတွက် အောက်မေ့ဖွယ် ချီတက်ပွဲကျင်းပမည်ဟု ကတိပေးထားသည်။ ကင်ညတ်တာကို နိုင်ငံ၏ ဒေသ အနည်းငယ်ကသာ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်ဟု အိုဒင်ဂါက စွပ်စွဲထားသည်။

အတိုက်အခံတို့အားကောင်းရာ နိုင်ငံ အနောက်ပိုင်း ကီဆူမူမြို့တွင် ကင်ညတ်တာ၏ ကျမ်းကျိန်ပွဲကိုကန့်ကွက်သူများကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

"ငြိမ်းငြိမ်းချမ်းချမ်းလက်ခံပေးပြီး ရှေ့ဆက်ရမယ်ဆိုပေမယ့် ဒီသမ္မတကို အသိအမှတ်မပြုနိုင်ဘူး"ဟု အမျိုးသား တစ်ဦးက ပြောကြားသည်။

အမျိုးသမီးတစ်ဦးကလည်း "တိုင်းပြည်နေရာအများစုက မဲမပေးခဲ့ကြဘူးလေ။ ကီဆူမူ မြို့ဟာမဲမပေးတဲ့အထဲမှာ အဓိကပေါ့" ဟု ပြောကြားသည်။ ■ F-03

ALSO IN NEWS

သေနတ်နှစ်လက်နဲ့ ဆိုက်ဘေးရီးယားက ဝက်ဝံကြီး

ဆိုက်ဘေးရီးယားဒေသမှာ မုဆိုးတစ်ယောက်ဆီကသေနတ်နှစ်လက်ကို ယူပြီးတော့ ဝက်ဝံကြီးတစ်ကောင် တောနက်ထဲကိုဝင်သွားတယ်လို့ သတင်းတွေက ဖော်ပြထားပါတယ်။ အဲဒီမုဆိုးဟာ မိုင်တော်တော်များများ တောထဲကျွံဝင်သွားခဲ့ပြီး နိုဝင်ဘာလ ၁၆ ရက်နေ့မှာ တောထဲက သစ်လုံးအိမ်ထဲမှာ နားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တောထဲက ဝက်ဝံတစ်ကောင်ဟာ သစ်လုံးအိမ်ဆီကိုရောက်လာပြီး မုဆိုးရဲ့အိတ်နဲ့ သေနတ်နှစ်လက်ကို ယူသွားခဲ့ပါတယ်။ မုဆိုးက ရေသွားချိုးစဉ်မှာ အဆိုပါအဖြစ်အပျက် ဖြစ်ပွားခဲ့တာပါ။ ရေချိုးပြီးပြန်လာတဲ့အချိန်မှာ ဝက်ဝံကို တွေ့လိုက်ရပြီး သူ့သေနတ်တွေကို ယူသွားတာကို တွေ့လိုက်ရတာဖြစ်ပါတယ်။ မုဆိုးဟာ ဝက်ဝံနဲ့ ပက်ပင်းတိုးမှာစိုးလို့ ဝင်ရောက်ပုန်းအောင်းနေရပြီး အိမ်ထဲကတော့ ပလတ်စတစ်ပုံး တစ်ပုံးကို ကိုက်သွားပြီး လက်သည်းရာတွေလည်း ကျန်ခဲ့ပါသတဲ့။ ■ F-02



ဆပ်ကပ်က ကျားတစ်ကောင်လွတ်၊ ပဲရစ်မြို့ပေါ်မှာ လမ်းသလား

ပြင်သစ်မြို့တော် ပဲရစ်ကလမ်းမတွေပေါ်မှာ ကျားတစ်ကောင်လျှောက်သွားနေပါတယ်။ ဆပ်ကပ်ထဲက လွတ်သွားတာပါ။ အဲဒီကျားကို အများပြည်သူလုံခြုံရေးအတွက် သုတ်သင်လိုက်ရတယ်လို့ ပြင်သစ်ရဲက ထုတ်ပြန်ထားပါတယ်။ စိန်းမြစ်တံတားနားမှာ အဆိုပါကျား လွတ်သွားတာဖြစ်တယ်လို့ ဆိုပြီး အဲဒီနေရာက လူထူထပ်ရာနေရာဖြစ်ပါတယ်။ အန္တရာယ်အားလုံးကို ရှင်းလင်းလိုက်ပါပြီလို့ ရဲတပ်ဖွဲ့က Twitter ပေါ်မှာ ကျားပုံစံရုပ်ပြောင်ပုံလေးတင်ပြီး ဖော်ပြထားပါတယ်။ ကျားဟာ အချိန်အတော်အတန်ကြာ လွတ်နေခဲ့ပေမယ့် မည်သူတစ်ဦးတစ်ယောက်မှ ဒဏ်ရာရခြင်းမရှိပါဘူးလို့ ရဲကထုတ်ပြန်ထားပါတယ်။ လူမှုကွန်ရက်မီဒီယာပေါ်မှာ ကျားသေတစ်ကောင်ပုံ တက်လာခဲ့ကာ ကျားကို သတ်လိုက်တာနဲ့ပတ်သက်ပြီး ရဲကို ဝေဖန်နေသူများလည်းရှိပါတယ်။ ■ F-02